www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြိုဇဗ္ဗာ
လူ့ဘောင်ရ/ ကြိုဇဗ္ဗာ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅၊
၅၄၄ နှာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) ကြိုဇဗ္ဗာ

ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ၊ အုပ်ရေ(၂၀၀)။



# ကြိုဇဗ္ဗာ



www.burmeseclassic.com

www.burmeseclassic.com



❖ ဒဿနသည် ဘဝပင် ဖြစ်သည်။
ဒဿနကို စိတ်မဝင်စားလျှင်
ဘဝကိုလည်း စိတ်ဝင်စားမည် မဟုတ်သကဲ့သို့
ကံကြမ္မာကိုလည်း စိတ်ဝင်စားတော့မည် မဟုတ်ပေ။

❖ ချမ်းမြေ့ပျော်ရွှင်သော အသည်းနှလုံးသည်
ချစ်ခြင်းမေတ္တာဖြင့်
ပြည့်ဝနေသော အသည်းနှလုံး ဖြစ်သည်၊
ချစ်ခြင်းမေတ္တာပြည့်ဝခြင်းသည်
ဘဝအတွက် ပျော်ရွှင်မှုအစစ်အမှန်ပင် ဖြစ်၏။

❖ ချစ်ခြင်းမေတ္တာသည်
အသည်းနှလုံးဖြင့် သက်ဆိုင်လေသည်၊
ဘဝတွင် ထိခိုက်မှုများစွာ တွေ့ကြုံရစေကာမူ
ချစ်ခြင်းမေတ္တာကိုတော့
မထိခိုက်ပါစေနှင့်....။

ဒဿနလက်ဆောင်

❖ သစ်ပင်က ပန်းပွင့်နေချိန်မှာ
ပန်းရနံ့ကိုသာ ခံစားပါ၊
သစ်ပင်က အသီးသီးသော အခါမှာတော့
ပန်းရနံ့ကို တမ်းတမနေပါနှင့်၊
သစ်သီးအရသာဖြင့်သာ ကျေနပ်လိုက်ပါ။

❖ အချစ်သည် မျက်မမြင် လမ်းပြတစ်ယောက် နှင့်တူ၏၊
ထိုသူ၏ နောက်မှ လိုက်ပါသူတိုင်း
ထင်ရာမဆိုင်းမိဖို့တော့
များစွာ အရေးကြီးလှပေသည်၊

❖ တိုင်းပြည်ကို မချစ်သည့်သူ၊
အခြားသူကို မချစ်တတ်သော သူ၊
ထိုသူမှာ အချစ်တစ်ခုတော့ ရှိသည်၊
မိမိကိုယ်ကို ချစ်သောစိတ်ပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ဒေါသနှင့် မိုက်မဲခြင်းကို ပေါင်းစပ်မိသည်ကို
သဘောကျနေမည့်သူ ရှိနိုင်သည်။
ထိုသူသည် နောင်တတရားနှင့်အတူ ရှိနေသော
ပျက်စီးဆုံးရှုံးမှုများနှင့် ဆုံဆည်းရမည်ဖြစ်၏။

❖ ခဲတံ၏ ခဲသားအရောင်သည် မှေးမှိန်သောကြောင့်
ဖျက်ရတာ လွယ်ကူပေသည်။
မှင်၏ အရောင်သည် ရဲရင့်သဖြင့်
ဖျက်၍ မပျက်နိုင်တော့ပေ။

❖ မာကျောသည့် ကျောက်တုံးသည်
ပြင်းထန်သည့် လေပြင်းနှင့်
မိုးသက်မုန်တိုင်းကို မကြောက်ပေ၊
အပေါ်မှ အဆက်မပြတ်
တစ်စက်ချင်းကျနေသော
ကျောက်စက်ရေဒဏ်ကိုတော့ မခံနိုင်ပေ၊

# ဒဿနလက်ဆောင်

❖ တန်ဖိုးရှိသော အချိန်ကို
ဉာဏ်ဖြင့်ယှဉ်ပြီး သုံးကြရတယ်၊
အမြတ်တမ်း နလုံးသွင်းထားရမှာက
အမှန်တရားအတွက် သုံးသောအချိန်သည်
အမြဲတမ်း အဖိုးတန်နေတာပါပဲ၊

❖ ကံကြမ္မာနှင့် ဘဝသည်
မိတ်ဆွေရင်းချာ ဖြစ်ကြသည်။
ဘဝကို တန်ဖိုးမထားလျှင်
ကံကြမ္မာကို ဥပေက္ခာပြုရာ ရောက်ပေသည်၊
ဘဝမကောင်းပါက ကံလည်းမကောင်းတတ် ကြပေ၊

❖ စဉ်းစားတွေးခေါ်ခြင်းဘည်
နိဒါန်းပျိုးခြင်း ဖြစ်သည်၊
အစကောင်းမှ အနှောင်းသေချာဆို သကဲ့သို့
နိဒါန်းပျိုးမှုကောင်းမှ
အဆုံးသတ်မှု နိဂုံးလည်း ကောင်းပါလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) လူသေရွာနှင့် ဆန်းကြယ်သော ဓလေ့များ၊
အခန်း(၂) ဝိန်းမကြီးအာနနှင့် လူသေရွာလမ်းခွဲ၊
အခန်း(၃) ကျွန်းကုန်းမှကျုတ်ကုန်း ဖြစ်ရသောနေရာ၊
အခန်း(၄) ပရလောကသားတို့၏ ရန်ငြိုး၊
အခန်း(၅) မမျှော်လင့်ဘဲ ဆုံတွေ့ရသော ရင်ခတ်ပန်း၊
အခန်း(၆) ချစ်ခြင်းမေတ္တာနှင့် ဓလေ့ထုံးတမ်းများ၊
အခန်း(၇) ကံကြမ္မာဆိုးနှင့် ကြုံတွေ့ကြရခြင်း၊
အခန်း(၈) လူသေရွာမှ ဘဝတူနှစ်ဦး၊
အခန်း(၉) အတိတ်ဘဝမေ့နေသော မိန်းကလေး၊
အခန်း(၁၀) အဝိုမျက်လုံး အပြုံးမျက်နှာ၊
အခန်း(၁၁) ပျော်စရာမကောင်းသည့် သွေးသဲပွဲ၊
အခန်း(၁၂) ချင်းသချိုင်းမှ သချိုင်းစောင့်သရဲ၊
အခန်း(၁၃) ဘဝသစ်မှာ ပျော်နေသောချစ်သူ၊
အခန်း(၁၄) ဒုတိယနေရာနှင့် ချစ်ခြင်းမေတ္တာ၊
အခန်း(၁၅) ကျေးဇူးကြေးတို့ ဘဝဖြင့် ဆပ်မည့်သူ၊
အခန်း(၁၆) ဘဝအသစ်ဖြင့် ချစ်ခွင့်ရသောချစ်သူ၊




# အခန်း (၁)

# လူသေရွာနှင့် ဆန်းကြယ်သောဓလေ့များ

ကမ္ဘာအရပ်ရပ်၌သော်လည်းကောင်း၊ မြန်မာနိုင်ငံနေရာအနှံ့အပြားတို့တွင်သော်လည်းကောင်း လူမျိုးအသီးသီးတို့ ရှိကြလေသည်။

မြန်မာနိုင်ငံ၏ မှတ်တမ်းများအရ မြန်မာနိုင်ငံတစ်ဝှမ်းတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ရှိကြောင်းသိရပေသည်။

တိုင်းရင်းသားလူမျိုးစုတို့မှာ မျိုးနွယ်တစ်ခုနှင့်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြသလို ကိုးကွယ်ရာဘာသာနှင့် ဓလေ့ထုံးစံများလည်း မတူညီကြပေ။

အများအားဖြင့်တော့ ကိုးကွယ်ရာဘာသာအပေါ်မှာ အခြေတည်ပြီး တမလွန်နှင့်ပတ်သက်ပြီး ယုံကြည်မှုများကလည်း အမျိုးမျိုးရှိကြလေသည်။

မည်သို့ပင် အယူအဆမတူကြသည်ဖြစ်စေ တမလွန်နှင့် ပတ်သက်ပြီး ကွဲပြားခြင်းမရှိလှပေ။

ဘဝတစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်း၊ ဒါမှမဟုတ် ဘဝသစ်တစ်ခုသို့ ကူးပြောင်းခြင်း. . ဟူသော ဝေါဟာရအမျိုးမျိုး ရှိသော်လည်း နောက်ဆုံးအဖြေကတော့ သေဆုံးခြင်းပင် ဖြစ်ပေသည်။

တစ်ဘဝစာ အသုံးပြုခွင့်ရသော လက်ရှိရုပ်ခန္ဓာကိုစွန့်၍ အခြားဘဝသို့ ကူးပြောင်းခြင်းမှာ တမလွန်ဘဝသို့ ကူးပြောင်းခြင်းပင်ဖြစ်၏။

မူလရုပ်ခန္ဓာမပါတော့ဘဲ နာမ်ခန္ဓာ(ဝိညာဉ်)သက်သက်ချည်း ဖြတ်သန်းရသော ခရီးဖြစ်သည်။

ထိုခရီးကို သံသရာခရီးဟုလည်း ခေါ်ဆိုသတ်မှတ်ကြသည်။ သံသရာဟူသည် တစ်ဘဝမှတစ်ဘဝ အဖန်ဖန်ပြောင်းရွှေ့ ဖြစ်ပျက်ခြင်းပင် ဖြစ်၏။

လူ့လောကတွင် မည်သည့်ဘာသာကို ကိုးကွယ်မှုဖြစ်စေ၊ မည်သည့် ယုံကြည်စွဲလန်းမှုများ ရှိသည်ဖြစ်စေ၊ တမလွန်လောကရောက်လျှင်တော့ သက်ဆိုင်ရာ ဘုံဘဝသို့ ရောက်ကြရ





မည်သာဖြစ်၏။

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ သုံးဆယ့်တစ်ဘုံမှာ မလွဲမသွေရောက်ကြရမည်သာ ဖြစ်၏။

သုံးဆယ့်တစ်ဘုံမှာ မြတ်စွာဘုရား၏ အယူဝါဒပင် ဖြစ်ပေသည်။ သုံးဆယ့်တစ်ဘုံ ဆိုသည်မှာ. . .

| | |
|---|---|
| (၁) အပါယ်ဘုံ | (၄)ဘုံ |
| (၂) လူဘုံ | (၁)ဘုံ |
| (၃) နတ်ဘုံ | (၆)ဘုံ |
| (၄) ရုပ်နာမ်နှစ်ပါးရှိ (ရူပ) ပြဟ္မာဘုံ | (၁၅)ဘုံ |
| (၅) ရုပ်သက်သက်သာရှိ (အသညသတ်) ပြဟ္မာဘုံ | (၁)ဘုံ |
| (၆) နာမ်သက်သက်သာရှိ (အရူပ) ပြဟ္မာဘုံ | (၄)ဘုံ |
| စုစုပေါင်း | (၃၁)ဘုံ |

ရှိလေသည်။

အပါယ်ဘုံလေးဘုံဟူ ဖော်ပြရာတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတို့ဖြစ်သည်။

ငရဲ (ချမ်းသာခြင်းကင်း သော)ဘုံသည် ရှစ်ဘုံရှိသည်။ သိဉ္ဇိုးမ်ငရဲ၊ ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲ တို့ပင်ဖြစ်ကြလေသည်။

ထိုငရဲ ရှစ်ဘုံကိုပေါင်းပြီး ငရဲဘုံဟုပင် ခေါ်ကြသည်။

ထို့ပြင် ငရဲကြီးရှစ်ထပ်တွင် တစ်ထပ်စီတွင် ခြံရံနေကြ



www.burmeseclassic.com

www.burmeseclassic.com



သော ဥသာငရဲဟုခေါ်သော ငရဲငယ်ပေါင်း (၁၂၈)မျိုးလည်း ရှိပေသေးသည်။

အချို့ပါဠိတော်များ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဟု အပါယ်သုံးဘုံကိုသာ ဖော်ပြကြသည်။

အသုရကာယ်ဘုံကို တာဝတိံသာနတ်တို့နှင့် ရောထွေးရေတွက်၍သော်လည်းကောင်း၊ ပြိတ္တာဘုံထဲတွင် ရောသွင်း၍သော်လည်းကောင်း ထည့်သွင်းရေတွက် ကြသည်ကို တွေ့ရသည်။

သို့သော် အရေအတွက်အားဖြင့်တော့ အပါယ်လေးဘုံဟုသာ ရေတွက်ကြသည်က များလေသည်။

ကမ္ဘာမြေပြင်မှ အောက်ယူဇနာ တစ်သောင်းငါးထောင်ကွာဝေးသောအရပ်၌ သိဉ္ဇိုမ်းငရဲတည်ရှိ၏။

ယင်းအောက် ယူဇနာတစ်သောင်းငါးထောင်စီ ကွာခြား၍ ကာလသုတ် စသော အခြားငရဲဘုံတို့ အဆင့်သင့် ရှိကြလေသည်။

အပါယ်ဘုံအသီးသို့ရောက်ကြသော အပါယ်ဘုံသားတို့မှာ သက်တမ်းသတ်မှတ်ချက် မရှိပေ။

မိမိတို့ပြုလုပ်ခဲ့သော အကုသိုလ် အနည်းအများအလိုက် အပြစ်ရှိသလောက် ခံကြရသည်။

တိရစ္ဆာန်ဘုံမှာ သီးခြားမရှိပေ။

လူဘုံမှာပင် ရှိနေကြသည်။ တိရစ္ဆာန်တို့ နေထိုင်ရာအစုအဝေးကိုပင် တိရစ္ဆာန်ဘုံဟု ခေါ်ဝေါ်ကြသည်။





ပြိတ္တာဆိုသည်ကတော့ ချမ်းသာသုခ ကောင်းသောနေရာ၌ နေထိုင်ကြရသော ဘုံသားများပင် ဖြစ်ပေသည်။

ပြိတ္တာတို့မှာ ဘုံသီးခြားမရှိကြပေ။

တောတောင်၊ သုသာန်၊ သချိုင်း၊ ဇရပ်ပျက်၊ ကျောင်းအိုး၊ ကျောင်းပျက်များ၌သာ လှည့်လည်နေထိုင်ကာ အစဉ်သဖြင့် ဆာလောင်မွတ်သိပ်နေကြရသော ဘုံဘဝသားများပင် ဖြစ်ကြလေသည်။

ပြိတ္တာဘုံသားတို့မှာလည်း ငရဲဘုံသားများကဲ့သို့ အစဉ်သဖြင့် ချမ်းသာခြင်းကင်းကာ ငရဲဘုံသားများကဲ့သို့ပင် အမျိုးမျိုးသော ဒုက္ခဆင်းရဲတို့ကို ခံစားနေကြသူများပင် ဖြစ်ကြပေသည်။

ကျွန်တော် ရေးချင်တဲ့အဓိကအကြောင်းကတော့ လူအပါအဝင် သက်ရှိသတ္တဝါတို့ သေဆုံးတဲ့အခါ တမလွန်ဘဝရောက်ကြရတာချည်း ဖြစ်ပါသည်။

တမလွန်လောက အကြောင်းကိုလည်း အားလုံးက စိတ်ဝင်စားမှုရှိကြသည်။

လူမျိုးချင်းမတူသော်လည်း၊ ယုံကြည်ကိုးကွယ်သည့် ဘာသာချင်း မတူကြသော်လည်း တမလွန်လောကအကြောင်းကိုတော့ စိတ်ဝင်စားကြသည်။

ထိုနေရာမှာလည်း အယူအဆချင်းက မတူကြပြန်ပေ။ ထိုကဲ့သို့ အယူအဆမတူကြသဖြင့် ပြုလုပ်ဆောင်ရွက်သော ကိစ္စများကလည်း ခြားနားကြရပေသည်။

ကချင်ကလည်း ကချင်ဓလေ့ထုံးစံဖြင့် ဒိသုဘ အခမ်း



www.burmeseclassic.com

www.burmeseclassic.com



အနှား၊ တမလွန်ကိစ္စများကို ဆောင်ရွက်ကြသည်။

ရှမ်းကလည်း ရှမ်းဓလေ့၊ ချင်းကလည်း ချင်းဓလေ့ထုံးစံတို့ဖြင့် တမလွန်နှင့်သက်ဆိုင်သော ဆောင်ရွက်မှုများကို ပြုလုပ်ပေးကြသည်။

ထိုအယူအဆများအကြောင်းကို တစ်ခုချင်းစီ၊ တစ်မျိုးချင်းစီ အသေးစိပ်ရေးမည်ဆိုပါက စိတ်ဝင်စားဖို့ ကောင်းသည်ဆိုသော်လည်း များစွာရှည်လျားလှပေသည်။

ယခုရေးသားမည့် ဝတ္ထုအမည်ကို "လူသေရွာ"ဟု ပေးထားခဲ့ရာ ထိုအမည်မှာ ကျွန်တော်စိတ်ကူးသက်သက်ဖြင့် ပေးထားသော အမည်တစ်ခုတော့ မဟုတ်ပါချေ။

"လူသေရွာ"ဟူသော ဝေါဟာရမှာ ချင်းလူမျိုးတို့ သုံးစွဲသော ဝေါဟာရတစ်ခုသာ ဖြစ်သည်။

ထိုအမည်နှင့်ပတ်သက်ပြီး ၎င်းတို့ယုံကြည်စွဲလန်းမှုများအကြောင်းကို ရေးသားဖော်ပြပေးပါမည်။

လူသေရွာအကြောင်း မရေးသားမီ လူသေတို့၏ ဝိညာဉ်များ၏ တွေ့ဆုံနိုင်ပုံများ အကြောင်းကို ဦးစွာရေးသားဖော်ပြပါမည်။

အိပ်မက်ဖြင့် လူသေအား တွေ့ဆုံခြင်းမှာ ဖျားသောမိသားစုမှာ ဖျာကိုယူပြီး လိပ်၍ထားရ၏။

လိပ်ထားသော ဖျာအထဲတွင် ပန်းကန်ခွက်နှင့် ဓါးမြှောင်ကိုထား၏။ ၎င်းကို ဖျားသူ၏လက်နှင့် ထိစေ၏။

ထို့နောက် အရက်(သို့မဟုတ်)ခေါင်ရည်တစ်ပုလင်းကို





ယူသွား၍ ဟောတတ်သူထံ သွားရောက်ပြီး ဖျားနာသည့်အကြောင်းကို ပြောပြ၏။

ထိုအခါ ဟောတတ်သူက "သူငယ်ချင်းများ အဘယ့်ကြောင့် ဤသူ/သူမ ဖျားရသနည်း၊

မည်သည်ကို . . အလိုရှိ၍ မည်သို့ ပြုလုပ်ရမည်နည်း၊ လာ၍ ကျွန်တော်/ကျွန်မအားပြောပြပါ"

ဟုဆိုကာ အရက်ကိုသောက်၍ အိပ်လေ၏။

နောက်တစ်နေ့ရောက်သောအခါ အိပ်မက်မက်ဖြင့် အကျိုးအကြောင်းကို တွေ့မြင်ရကြောင်း၊ မည်သူက ပြုစားသည်။ မည်သည်ကို အလိုရှိသည်ဟု ပြောပြသည်။

ထိုသူပြောသည့်အတိုင်း တိရစ္ဆာန်ဖြင့် ပူဇော်ရ၏။

အိပ်မက်မက်တတ်သူများသည် လူသေ၏ ဝိညာဉ်ကိုလည်း ခေါ်နိုင်၍ စကားလည်းပြောနိုင်သည်။

ထို့ကြောင့် ရှင်သူလူများက သေလူများအား ထိုအိပ်မက် မက်တတ်သူမှတဆင့် ပစ္စည်းလည်း ပေးပို့နိုင်၏။

သေသူများကလည်း မိမိသည် မည်သို့သေဆုံးရကြောင်း၊ ပို့သောပစ္စည်းကို ရရှိကြောင်း၊ မည်သည်ကို အလိုရှိကြောင်း ပြန်၍ပြောဆိုနိုင်၏။

ထိုသို့ လူသေဝိညာဉ်အားခေါ်၍ စကားပြောနိုင်ခြင်းကို လူသေသို့ "အလည်သွားခြင်း" ဟု ခေါ်ဆို၏။

ဤအကြောင်းနှင့်ပတ်သက်၍ ပြေပြမှုများစွာထဲတွင် ဖဲဖိုင်ရွာမှ ဒေါ်ရွှေမိယာန်၏ ကိုယ်တွေ့ကို ကောက်နုတ်ဖော်ပြပါ



www.burmeseclassic.com

www.burmeseclassic.com



မည်။

အမျိုးသမီးတစ်ဦးသည် သေရွာသို့ ခရီးသွားလိုသော ကြောင့် ဟောနိုင်သူ၏ဘေးတွင် ဝင်ရောက်အိပ်၏။

ထိုအမျိုးသမီးကို သွားနိုင်သူအမျိုးသမီးက ခေါ်သွား၍ ဝိညာဉ်ဖြင့် သေရွာသို့ရောက်၏။

မိမိတို့မျက်မှောက်ရှေ့တွင် သေရွာရောက်သည်ဟု ထင်ပါသည်။

လမ်းပေါ်တွင် တွေ့သူတိုင်းကို နှုတ်ဆက်စကား ပြောသည့်အတိုင်း တစ်ယောက်ပြီးတစ်ယောက်ကို နာမည်ခေါ်၍ စကားပြော၏။

ထိုနာမည်ခေါ်၍ စကားပြောသည့်လူများသည် သေပြီးသော သူများဖြစ်ကြ၏။

ထိုသူများကို အစ်ကို၊ ညီမ၊ ဦးလေး စသဖြင့် ခေါ်သည့်အပြင် နာမည်တပ်၍ ခေါ်သောသူများလည်း ဖြစ်ကြ၍. . မာကြောင်း၊ သာကြောင်းစကားကို မြိန်ရည်ရှက်ရည် စကားလည်း ပြောလျက်ရှိကြ၏။

အဆိုပါ အမျိုးသမီး နိုးလာသောအခါ အကြောင်းကို မေးမြန်းရာ သူမနှင့်တွေ့သောသူများ၊ နှုတ်ဆက်သောသူများ၊ မှာသောစကားများကို မိမိတို့အား ပြန်ပြောပြ၏။

သူမပြန်ပြောပြသော စကားများနှင့် သူမအိပ်ပျော်နေစဉ်က ပြောသောစကားလုံးများသည် တစ်ထေရာတည်း ဖြစ်လေသည်။





ဤအချင်းအရာများကို လေ့လာသောအခါ သေရွာသို့ သွားနိုင်သူသည် ၎င်းတို့ တစ်ဦးတည်းသာမက အခြားသူများကို ပါ ခေါ်ဆောင်သွားနိုင်ကြောင်း သိနိုင်ပါသည်။

အိပ်မက်ထဲတွင် သေပြီးသူများနှင့် တွေ့ဆုံနိုင်၊ လိုအပ်သော စကားများကိုပါမှာနိုင်ကြောင်း သိရှိရသည်။

ထို့ကြောင့် အလောင်းကို သင်္ဂြိုလ်စဉ်က ယူသွားရန်မေ့ကျန်သော ပစ္စည်းများကိုလည်း နောက်လူသေမှတဆင့် ပေးပို့နိုင်၊ လူကြုံပါးနိုင်သည်။

သေပြီးသော ဝိညာဉ်ကို ခေါ်ပုံနှင့်ပတ်သက်၍ ဆရာတော် ထန်သင်ဆွမ်၏ ရေးသားထားသည်ကို ကောက်နှုတ်ဖော်ပြပါဦးမည်။

နှိုရ်ဆင်တီာလ်သည် တလာအိုမွန်ရွာမှ ခုပ်နှင်း၏ ညီမချောချောလှလှလေး ဖြစ်သည်။

(၁၉၄၅)ခုနှစ် တစ်နေ့တွင် အမေနှင့်အတူ တောင်ယာသို့သွားသည်။

တောင်ယာတွင်အလုပ်လုပ်စဉ် သူမသည် ခေါင်းကိုက်သည်ဟုဆို၏။

သားအမိ အိမ်ပြန်ရောက်သောအခါ သူမသည် အပြင်းဖျား၍ မျက်နှာတစ်ခုလုံး နီရဲပြီး နောက်တစ်နေ့တွင် ဆုံးပါးသွားသည်။

သူမ၏ သေဆုံးပုံကို လေ့လာသောအခါ. . နတ်ဆိုးကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သေချာသည်ဟု ယူဆကြ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ကျဲရိမ္မန်ရွာမှ ငွန်ဖမ်း၏အဘွားထံ သွားကြသည်။

ပထမ ခေါင်းအိုးသေးသေးကိုတည်၍ ကြက်မနီကို သွားပေး၏။ ခေါင်းရည်ကို ကြက်ခေါင်းသို့ မှုတ်ထွေး၏။

ကြက်ကို ခေါင်းအိုးနှုတ်ခမ်းတွင် ရပ်စေ၏။ ကြက်သည် ခေါင်းအိုးနှုတ်ခမ်းတစ်လျှောက် ပတ်ပတ်လည်သွား၏။

ထို့နောက် ကြက်ကိုယူ၍ တောင်းဖြင့်အုပ်၏။

ခေါင်းအိုးကို ရေလောင်း၍ ငွန်ဖမ်းအဖွားကို သောက်စေ၏။

ထိုအခါ နတ်များရောက်ရှိလာကြ၍ ခေါ်ရခြင်း၏အကြောင်းကိုမေးမြန်း၏။

"ဆုံးပါးသွားသော နှိုရ်ရသင်တီာလ်ကို ခေါ်ပေးပါ"ဟု ခိုင်း၏။ ထိုအခါ နှိုရ်ရသင်တီာလ်သည် အသံဖြင့်ပေါ်လာ၍ ငိုကြွေး၏။

ဖခင်က "တိတ်တော့၊ စကားမေးလိုသည်" ဟု ပြော၏။

ထိုအခါ သေသူကလေးမက. . .

"အသင်တို့နှင့်နေ၍ မရတော့၊ အိမ်ရှေ့မျက်နှာစာထိပ်မှ အစ်ကို ငွန်ဒွန်စောင့်နေ၏"

ဟုပြော၏။

ငွန်ဒွန်သည် သေဆုံးပြီးသောသူ ဖြစ်၏။

"သမီးလေးရဲ့ သေဆုံးပုံကို ပြောပြပါ"

ဟု မေးပြန်သည်။





"ဗုံပါချောင်း နတ်တို့က ခဲနှင့်ပေါက်၍ အသေသတ်၏. . တော်ပြီ"

ဟုပြော၍ ပျောက်သွား၏။

ထို့နောက် ဆန်ဆွမ်းဆိုသောနတ် ပြန်ပေါ်လာ၏။

"ဗုံပါချောင်းမှ နတ်များကို ခေါ်ပေးပါ"

ဟု မေတ္တာရပ်ခံကြ၏။

ဗုံပါချောင်းမှ နတ်များပေါ်လာကြ၏။ ထိုအခါ. . .

"အဘယ်ကြောင့် နှိုရ်ရသင်တီာလ်ကို သတ်သနည်း"

ဟု မေးခွန်းထုတ်ကြ၏။

"မိမိတို့ကို တခြားသူများက စေခိုင်းသည်"

ဟုပြန်ဖြေကြ၏။

အွိကိယူတောင်ဘက်သို့ လက်ညှိုး ထိုးပြသည်။

ထိုအခါ ဆန်ဆွမ်းအား. . .

"အွိကိယူနတ်ကို ခေါ်ပေးပါ"

ဟု တောင်းဆိုကြ၏။

"ကျွန်တော် မခေါ်နိုင်ဘူး၊ အထက်မြင့်က ခေါင်းနှလုံးပိုင်ရှင်ကို ခိုင်းပါ"

ဟုပြော၏။

ထိုအခါ. .

"ခေါ်ပေးပါ" ဟု တောင်းဆိုသောအခါ အထက်ခေါင်းနှစ်လုံးပိုင် ပေါ်လာ၍. . .

"ဘာအလိုရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေး၏။

ထိုအခါ. . .

"အွီကိယူကို ခေါ်ပေးပါ"

ဟုတောင်းဆိုကြ၏။

အွီကိယူနတ်များ ပေါ်လာသောအခါ. . .

"အဘယ့်ကြောင့်အထက် ခေါင်းနှစ်လုံးပိုင်ကို အခေါ်ခိုင်းသနည်း၊ ကျွန်တော်တို့ အလွန်ကြောက်သည်"

ဟု ပြောကြ၏။

"အဘယ်ကြောင့် နှိုရ်သင်တီာလ်ကို သတ်သနည်း"

ဟု မေးမြန်းကြ၏။

ထိုအခါ. . .

"ခင်ဗျားပြော. . ခင်ဗျားပြော. ."

ဟူ၍ အော်သံများစွာ ထွက်ပေါ်လာ၏။

"ကျွန်တော်တို့ သူမကို သိပ်ချစ်လို့ ယူတာပါ။ အခုလည်း ကျွန်ုပ်တို့နဲ့အတူ အွီကိယူမှာ ရှိပါတယ်"

ဟု ဖြေကြ၏။

အတန်ကြာသောအခါ ငွန်ဇမ်း အဖွားသည် သန်းဝေနိုးထ၍ မျက်နှာရွှင်လန်းစွာဖြင့်. . .

"တစ်စုံတစ်ခု ပြောပေးကြတာ ရှိပါသလား"

ဟု သတင်းမေးသူတို့ကို မေးမြန်း၏။

ထိုအကြောင်းကို သုံးသပ်သောအခါ ငွန်ဇမ်နူသည် ဤအဖြစ်အပျက်များအားလုံးကို လုံးဝမသိရှိသည်မှာ ထင်ရှား၏။





သူ၏ သူငယ်ချင်းနတ်တို့၏ ဝိညာဉ်တစ်ခုခုက သူ၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိလှုပ်ရှားကြကြောင်း သိသာနိုင်ပါသည်။

ထို့ကြောင့် ဘိုးဘေးတို့သည် ဤသို့ သေသူ၏ ဝိညာဉ်များကို ခေါ်ယူစကားပြောခဲ့ကြသည်ဟု ဆိုနိုင်သည်။

ဆက်လက်ဖော်ပြမည့်အကြောင်းအရာမှာ လူသေရွာဖြစ်သည်။

လူသည် သေသောအခါ လူသေရွာသို့ သွားသည်ဟု ယုံကြည်ကြ၏။

လူသေရွာသည် မည်သည့်နေရာ၊ မည်သည့်အရပ်တွင် ရှိသည်ဟု မပြောနိုင်စေကာမူ. . တစ်နေရာတွင် ရှိသည်ဟု ယုံကြည်ကြ၏။

လူသေသောအခါ ရီကျောင်းတောင်(လူသေနှင့်လူရှင်များ ခြားနားသောတောင်)သို့ ရောက်ရှိသောအခါ ဆာနူက သွားရန် ညွှန်ပြသော ရီဘွန်သွာလ်(သေ-ရှင် နယ်နိမိတ် )တစ်နေရာသို့ ရောက်ရှိကြကြ၏။

လူသေရွာတွင် လင်မယားနှစ်ဦးစလုံးသေ၍ ရောက်ရှိသောအခါ ရှင်လူဘဝ၌ ပေါင်းသင်းသကဲ့သို့ သေလူဘဝတွင်လည်း အတူတကွ ပေါင်းသင်းနေထိုင်၍ တောင်ယာခုတ်စားဘဝဖြင့် အသက်မွေးကြသည်ဟု ယုံကြည်ကြ၏။

"လူသေရွာသည် တစ်နေရာရာတွင်ရှိ၏" ဟု ယုံကြည်ကြ၏။ လူသေသောအခါ ရီကျောင်းတောင် (လူသေနှင့် လူရှင်များ



www.burmeseclassic.com

www.burmeseclassic.com



ခြားနားသောတောင်)သို့ ရောက်သည်ဆိုသော်လည်း လူသေရွာသည် အထက်အောက် မည်သည့်နေရာတွင် ရှိသည်ကိုမူ မည်သူကမျှ မပြောနိုင်ကြပေ။

လူသေရွာသို့ သွားရာလမ်း၌ ရှင်လူနှင့်သေလူတို့၏ နယ်နိမိတ်ရှိ၏။

၎င်းကို "နယ်နိမိတ်တောင်" ဟူ၍ခေါ်ကြ၏။

ထိုနေရာ၏ တစ်ဖက်တွင် ချောင်းကလေးရှိ၏။

၎င်းနေရာကို လွန်လျှင် လမ်း(၈၀၀)ဆုံဆည်းရာ အရပ်ရှိ၏။

ထိုနေရာသည် . . "အပျော်ဆုံးနှင့် အခက်ခဲဆုံးနေရာလမ်းခွဲတို့၏ ဆုံဆည်းရာအရပ်"ဟု ခေါ်ကြ၏။

ထိုနေရာတွင် အသားဖြူဖြူ ဗိုက်ရွဲရွဲ အလွန်မောက်မာသော "ဆာနူ" ဟုခေါ်သည့် မိန်းမကြီးသည် ရက်စက်ကြမ်းကြုတ်သော အကြည့်ဖြင့် ထိုင်နေသည်။

လူသေသည် အသက်ထင်ရှားရှိစဉ်အခါက ပွဲပြုလုပ်စဉ် သတ်ခဲ့သော တိရိစ္ဆာန်၏ ဦးခေါင်းများသည် သူ၏ဝိညာဉ်ရှေ့မှ ရှေ့ဆောင်လျက် ဆာနူးရှေ့တွင် အတူရောက်ရှိကြသည်ဟု ယုံကြည်ကြ၏။

ထိုတိရစ္ဆာန်ဦးခေါင်းများတွင် အကောင်ကြီးသော ကျွဲ၊ နွားနောက်၊ နွားစသော ခေါင်းများများပါလျှင် ဆာနူသည် ဝမ်းမြောက်၍ ပျော်စရာကောင်းသောလမ်းမှ လူသေရွာသို့ ပို့ဆောင်၏။



အဆိုပါ တိရစ္ဆာန်ခေါင်းများတွင် အကောင်ငယ်များဖြစ်သော ကြက်၊ ဝက်၊ ဆိတ်၊ ခွေးစသော ခေါင်းများပါက. . ဆာနူသည် ဝမ်းမသာနိုင်သဖြင့် ထိုသေသူကို ခက်ခဲသောလမ်းမှ လူသေရွာသို့ ပို့ဆောင်၏။

ထို့ကြောင့် လူသားများသည် အသက်ထင်ရှား ရှိစဉ်ကာလတွင် ပွဲမပြုလုပ်နိုင်သော သူများသည်ပင် အသုဘနေ့များတွင် တတ်နိုင်သလောက် တိရစ္ဆာန်များများ သတ်ပေးရခြင်းဖြစ်သည်။

လူသေရွာတွင် အသက်ထင်ရှား ရှိစဉ်သကဲ့သို့ လင်မယား၊ သားသမီးများနှင့်အတူ ပျော်ပျော်ပါးပါး နေကြပုံ၊ တောလည်ခြင်း၊ ချောင်းထဲတွင် ငါးဖမ်းသွားခြင်း စသည်များ ပြုလုပ်ကြသည်။

ဇောလ်တလိန်းနှင့် ငန်ဘောမ်၊ ဟရန်သူးနှင့် ဒါရ်ဖမင်း၊ သိုင်နမ်ကောင်နှင့် မဲန်ရီပေါစသော ရှင်ကွဲကွဲကြသည့် ချစ်သူတို့၏ ပုံပြင်များအပြင် အခြားသောပုံပြင်များစွာက အထောက်အထားအဖြစ် ဖော်ပြသည်။

အဆိုပါ ပုံပြင်များအရ သေလူနှင့်ရှင်လူတို့ ခေတ္တအတူနေနိုင်သော်လည်း အမြဲချင်း၊ စရိုက်ချင်း မတူနိုင်ပါ။

ညအိပ်၍ နံနက်ထသောအခါ သေလူ၏ခေါင်းသည် ပုံမှန်အားဖြင့် ခေါင်းအုံးဖက်တွင်ရှိရန် ဖြစ်သော်လည်း ရှင်လူ၏ခေါင်းသည် ဆန့်ကျင်ဘက် ခြေထားရာဘက်တွင် ထားရှိ၏။

ရှင်လူသည် သေလူ၏ရွာသို့ အလည်သွားနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ အပွေးရှိပိုးကို သေလူ၏အမြင်တွင် ဝက်ဝံဖြစ်၍ ဝါးရွက်ကို ငါးဟု မြင်ကြ၏။

လူသေရွာတွင် သေလူများသည် အသက်ထင်ရှားရှိစဉ်က နေထိုင်သကဲ့သို့ နေထိုင်ကြသည်ဟု ယုံကြည်ရသည့်အကြောင်းတစ်ခုမှာ သေလူက လိုအပ်သောပစ္စည်းများကို ရှင်လူကို မှာယူနိုင်၏။

သူ၏ခံစားပုံကိုလည်း သီချင်းဖြင့် ပြောနိုင်၏။

ရှင်လူကလည်း သေလူထံ ပစ္စည်းများပေးပို့နိုင်၏။

ထို့သို့ သေလူထံပစ္စည်းများ ပေးပို့ရာတွင် နတ်ကတော်မှတဆင့် ပေးပို့ရခြင်း ဖြစ်သည်။

ဦးတိကလ်လိန်း ရေးသားသော စာအုပ်မှ ကောက်နှုတ်ဖော်ပြပါမည်။

ထန်တလန်းရွာမှ လျှန်ဗိုင်သည် သေဆုံးသဖြင့် ရှင်လူများက သီချင်းရေးစပ်၍ ပေးပို့၏။

ထိုသီချင်းကို ရရှိသောကြောင့် သီချင်းဖြင့် ပြန်လည်၍ ရှင်လူများထံသို့ ပေးပို့၏။

ထိုသေလူကမှ ပေးပို့သောသီချင်းကို အိပ်မက်ဖြင့် ပြောတတ်သူမှတဆင့် ကြားသိရ၏။

သေလူ လျှန်ဗိုင်၏ သီချင်းတွင်ပါသော အကြောင်းအရာအချို့ကို ဖော်ပြပါမည်။

"မွေးလှသော သားသားလေး လက်ရာဖြင့် ပေးပို့သော ပစ္စည်းများကို အရင်နမ်းရှုံ့ကြည့်ဦးမည်၊



ပေးပို့သော မောင်ငယ်များနှင့် သေနတ်ကို ပုခုံးပေါ်ထမ်းကာ အတော်အသင့် နာမည်ရနေသော ကျွန်တော်။ ။ သွားပေဦးမည်၊

အထက်သခင်ဆီသို့- နွေဦး ဗိယာခ်ဖိုင်းရော့(ခ်) ငှက်ကလေးများ အသံသာသောမြေတွင် စမ်းရေအနား မျိုးစေ့ကျဲသော အပင်များ၊ နွယ်ကဲ့သို့ ပွားများမည့်အပင်များ မောနေလျက် မသိရှိတော့ပါ။

တောကြီးထဲ တောလည်၍ သစ်ပင်များအောက်တွင် မိမိအလိုရှိသောအရာ စုံလင်ခဲ့သော ကျွန်တော်၊ တဖြည်းဖြည်းအကုန်ဖက်သို့ ခြေလှမ်းစပြုလေပြီတည်း"

လူသေရွာသည် မည်သည့်အရပ်တွင် ရှိသနည်းဟူသော မေးခွန်းနှင့်ပတ်သက်၍ ဆင်ထန်းနယ်ဘက်က လက်ရှိချွန်ကျုံးရွာ၏ အပေါ်တွင်ရှိသော ဇိန်မူတောင်သည် လူသေနှင့်ရှင်လူတို့၏ နယ်နိမိတ်ဖြစ်သည်ဟု ယူဆကြ၏။

မိရမ်နယ်ဖက်၏ အမြင်ကို ဦးဟရန်အုပ်က ရေးသားထားသည်ကို ဖော်ပြပါမည်။

လူသေတို့၏ သွားရာလမ်းတွင် ရေတွင်းငယ်ကလေးတစ်ခုရှိရာ ထိုနေရာသည် လူသေတိုင်း မရောက်မနေရ အရပ်တွင်ရှိ၏။

၎င်းသည် ငါဖိုင်ပီ၊ ငါဖိုင်သဲနှင့် လုံကျွေးပီးရွာများ၏ နယ်နိမိတ် ဆုံဆည်းရာတွင်ရှိသည့် တောင်အမြင့်ကြီးဖြစ်သည်။

ထိုအရပ်တွင် တောင်ဇလပ်ပန်းများ အလွန်များပြား



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် "သေလူတို့အား လွှမ်းဆွတ်ရာမြေ" ဟု ခေါ်ဆိုကြ၏။

ထိုအရပ်မှ လုံကျွေးပီးရွာဖက်သို့ နှစ်မိုင်ခန့်ဝေးသည့် အရပ်တွင် လဲနေသော သစ်တုံးကြီးရှိပါသည်။

ထိုအပင်သည် ယခုအခါ ဆွေးနေပြီဖြစ်သည်။

ထိုသစ်တုံးကြီးမှ သုံးဖါလုံခန့် ဝေးသောအရပ်တွင် မည်သည့်အခါမှ မခမ်းသည့် ရေတွင်းကလေးရှိ၏။

ထိုရေတွင်းကလေးနှင့် သစ်တုံးကြီးတို့သည် အဓိပ္ပါယ်ရှိကြ၏။

လူကြီးတို့သေဆုံး၍ သေရွာသို့သွားသောအခါ လမ်းတွင်ရှိ သစ်တုံးကြီးကို ခွကျော်နိုင်သော်လည်း၊ ကလေးငယ်များသည် ခွ၍မကျော်နိုင်ပါ။

ထို့ကြောင့် ထိုသစ်တုံးကို ကျော်နိုင်ရန်အတွက် အမြီးကိုင်၍ ဆွဲခေါ်သူ ခွေးထီး(သို့မဟုတ်)ခွေးမ လိုအပ်သည်။

သို့ဖြစ်၍ လူငယ်သေလျှင် ခွေးကိုလည်း သတ်ပေးရ၏။

ထိုခွေး၏ အမြီးကိုကိုင်လျက် သစ်တုံးကို ကျော်နိုင်ပေမည်။

ထို့ပြင် . . လူသေတို့၏ ဝိညာဉ်များသည် အလွန်မတ်စောက်သော တောင်မြင့်ကြီးသို့ တက်သောအခါ အလွန်မောပြီး ရေငတ်ကြ၏။

ထိုအရပ်သည် လက်ရှိခွါဘုံးရွာဟောင်းနှင့် ရွာသစ်၊ လှမ်ဖေတို့အကြား တောင်ကမ်းပါးကြီးကို ဆိုလိုကြ၏၊ ရေငတ်





သောအခါ သောက်ရေထည့်ရန်အတွက် ဘူးခါးဗူးကိုလည်း အသောင်းရှိနေစဉ် အနားဌ်ထားပေးရ၏။

ထိုရေဗူးဖြင့် ရေတွင်းငယ်ကလေး၌ ခပ်ပြီး ယူသွားရမည်ဖြစ်သည်။

ယောကန်အဝင်ဝဟု ခေါ်သောအရပ်သည် ထိုရေတွင်းမှ (၅)ဖါလုံ ဝေးသောအရပ်၌ရှိ၏။

၎င်းသည် လုံကျွေးပီးနှင့် လုံကျွေးသဲရွာအကြားတွင် ရှိ၏။

ထိုအဝင်ဝဂိတ်သည် ရေတွင်းငယ်ကလေးမှစ၍ တက်လျှင်တောင်ထိပ်၌ရှိ၏။

ထိုဂိတ်(အဝင်ဝ)မှာ ကျဉ်းမြောင်း၍ လူတစ်ယောက်ဝင်စာသာ ရှိသော ကျောက်ဂူရှိ၏။

ထိုဂူ၏ ဝဲနှင့်ယာ တစ်ဖက်တစ်ချက်တွင် ပုဆိန်၏ ခုတ်ရာ အရာများရှိကြ၏။

လူကြီးရောကလေးပါ ဝင်ဆံ့စွာ လွတ်လွတ်လပ်လပ်သွားနိုင်ဝင်နိုင်၏။

သို့သော် ကလေးလွယ်မိခင် (ကိုယ်ဝန်သည်)သည် ဝင်၍မဆံ့သောကြောင့် ပုဆိန်ဖြင့် ကျောက်များကို ခုတ်ဆစ်၍ဝင်သွားရင်း၊ ထို့ကြောင့် ပုဆိန်သွား၏အရာများ ကျန်ရစ်ခြင်းဖြစ်၏။

ထိုဂိတ်၊ ကျောက်ဂူ၏ အဝင်ဝနှင့် ပုဆိန်အရာများ၊ ရေတွင်းကလေးသည် ယနေ့တိုင် ရှိနေပါသေးသည်။

www.burmeseclassic.com



အချို့ မှတ်တမ်းများတွင် လူသေရွာနှင့်ပတ်သက်သည့် မှတ်တမ်းများကို မြေပုံလမ်းညွှန်များ ရေးဆွဲပြီး ပြသထားသည် မျိုးလည်းရှိသည်။

လူသေရွာရှိသောနေရာကို ဗဟိုပြုလျက် ဝင်လမ်းထွက် လမ်းများကို မြေပုံလမ်းညွှန်ဖြင့် အတိအကျရေးသားထားသည် မျိုး ဖြစ်သည်။

မည်သို့ပင်ရှိစေ ရှေ့ပိုင်းတွင် ရေးသားဖော်ပြထားသည့် အတိုင်း ကမ္ဘာပေါ်ရှိကြသော လူမျိုးအသီးသီးတို့တွင် ထူးဆန်း သော ယုံကြည်မှုဓလေ့ထုံးစံများ ရှိကြသည်။

ထိုကဲ့သို့ပင် မြန်မာပြည် နေရာအနှံ့အပြားတို့တွင် နေ ထိုင်ကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့မှာလည်း ယုံကြည် မှု ဓလေ့ထုံးစံအမျိုးမျိုး ရှိကြလေသည်။

ထိုအထဲမှာမှ ချင်းတောင်တန်းပေါ်ရှိ ချင်းလူမျိုးတို့၏ "လူသေရွာ" နှင့်ပတ်သက်သည့် ဓလေ့ထုံးစံသည်လည်း တစ်ခု အပါအဝင် ဖြစ်ပေတော့သည်။





# အခန်း (၂)

## ဗိန်းမကြီးဆာနူနှင့် လူသေရွာလမ်းခွဲ

ယခုရေးသားမည့် အခန်းမှာတော့ . . လူသေရွာသို့ ရောက်ခဲ့ဖူးသူတို့အကြောင်းကို ဆက်လက်ရေးသားမည် ဖြစ်ပေ သည်။

လူသေရွာမှ ပြန်လည်ရောက်လာကြသူများကိုတော့ "သေရွာပြန်" များဟု သတ်မှတ်ကြသည်။

"သေရွာပြန်" ဟူသော ဝေါဟာရမှာ သေပြီးမှ ဒါမှမ ဟုတ် အများက သေပြီဟုသတ်မှတ်ပြီးကာမှ တစ်ဖန်အသက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှင်လာကြသူများပင် ဖြစ်၏။

သေရွာပြန်များကတော့ လူမျိုးအသီးသီး၊ နေရာ ဒေသအသီးသီးတို့တွင် ရှိကြပေသည်။

ချင်းလူမျိုးများသည် လူ့သေရွာရှိသည်ဟု ယုံကြည်ကြသလို သေရွာရောက်ပြီးမှ အနေမပျော်သဖြင့် အသက်ရှင်သူလူများ(ရှင်လူ)များ ရှိရာသို့ ပြန်လည်ရောက်ရှိသည်ဟုလည်း ယုံကြည်မှုရှိကြသည်။

အသက်ငယ်ရွယ်စဉ် သေဆုံးသွားသော ကလေးငယ်ကို မိခင်ဖြစ်သူမှ ကြေကွဲစွာ ငိုကြွေးသောအခါ. . .

"ကလေးရယ် မေမေရင်နာလွန်းလှတယ်၊ မေမေ့ဆီကိုပဲ ပြန်လာပါ" ဟု ပြောဆိုကာ ငိုကြွေးကြသည်။

ထို့ပြင် တစ်ဖန်ပြန်လည် အသက်ရှင်လာသောအခါ မှတ်မိစေရန် ကလေးခန္ဓာကိုယ်၏ တစ်နေရာတွင် အမှတ်အသားတစ်ခုခု ပြုလုပ်ပေးလိုက်ကြသည်။

ထိုနေရာမှာတော့ လူဝင်စားတို့နှင့် ပတ်သက်သည့် အယူအဆတို့နှင့် အတော်ပင် ဆင်တူလှပေသည်။

တစ်ခါတစ်ရံ ကလေးငယ်တစ်ဦးသည် စကားပြောတတ်စအချိန်၌ ဘဝဟောင်းမှ အဖြစ်အပျက် အကြောင်းအရာတို့ကို ပြန်လည်ပြောပြတတ်ကြလေသည်။

သူနေခဲ့သောနေရာ၊ ရွာ၊ နေအိမ်၊ ဘဝဟောင်းမှ မိဘဆွေမျိုးသားချင်းများ၊ သူပိုင်ဆိုင်ခဲ့သော ပစ္စည်းဥစ္စာများ၊ ဇနီးမယား၊ လင်သားနှင့်သားသမီးများ ကျန်ခဲ့လျှင်လည်း ထိုအ





ကြောင်းများကို နာမည်နှင့်တကွ ပြန်လည်ပြောပြနိုင်ကြလေသည်။

ထို့ပြင် . . ဘယ်နေရာတွင် ဘယ်လိုအကြောင်းကြောင့် သေခဲ့ရသည်ကိုပါ ပြောပြတတ်သည်။

ဥပမာ. . ကျားကိုက်၊ မြွေကိုက်၍ သေသည်။ သေနတ်မှန်သဖြင့် သေသည်။

ဓား၊ လှံတို့ လက်ချက်ကြောင့် သေသည်။

အခြားသူ သတ်သဖြင့် သေရသည်။ သို့မဟုတ် မတော်တဆဖြစ်သဖြင့် သေခဲ့ရသည်များကို နေရာနှင့်တကွ ပြန်လည်ပြောပြနိုင်ကြလေသည်။

ချင်းလူမျိုးတို့၏ ဓလေ့ထုံးစံက ထိုသို့ပြောသည်ကို မနှစ်သက်ကြပေ။ ထို့ကြောင့် ဆက်၍မပြောစေရန်၊ အတိတ်ဘဝမှ အကြောင်းများကို မမှတ်မိတော့စေရန် ကြက်ဥကိုပေး၏။

ကြက်ဥပေးသော်လည်း ဆက်မပြောတော့သည့် ကလေးရှိသလို အချို့ကလေးများကတော့ ကြက်ဥပေးသော်လည်း ဆက်ပြောနေကြသည်မျိုးလည်း ရှိကြသည်။

ရွာတစ်ရွာတွင် ချင်းအမျိုးသမီးတစ်ဦးမှာ သမီးငယ်တစ်ယောက်ရှိလေသည်။

စကားပြောတတ်သော အရွယ်ရောက်သောအခါ ဘဝဟောင်းမှအကြောင်းများကို ပြန်လည်ပြောပြတတ်လေသည်။

၎င်းသည် ဘဝဟောင်း ဟားခါးမြို့နယ်အတွင်းမှ ရွာတစ်ရွာမှဖြစ်ကြောင်း. . ၊ သူ့ဘဝဟောင်းမှ မိဘများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာမှတ်မိနေကြောင်း ပြောပြတတ်သည်။

ထိုမိန်းကလေး၏ ဘဝဟောင်းမှမိခင်သည် ဟားခါးသို့ ဈေးရောင်းလာလေ့ ရှိသည်။

ပလိုင်းတစ်လုံးဖြင့် ဟင်းသီးဟင်းရွက်များ ထည့်ယူလာပြီးနောက် လာရောက်ရောင်းချလေ့ ရှိသည်။

မိန်းကလေးက ဘဝဟောင်းမှ မိခင်ကိုမြင်သောအခါ ကောင်းစွာမှတ်မိသဖြင့် နောက်မှ ငိုကြွေးမြည်တမ်းကာ လိုက်သွားလေ့ရှိသည်။

ထိုအကြောင်းကို လက်ရှိဘဝမှမိခင်က သိသော်လည်း တားဆီးပိတ်ပင်ခြင်း မပြုပေ။

ကျောင်းပိတ်သောရက်များတွင် ဘဝဟောင်းမှ မိခင်ထံသို့ ညအိပ်ည၌နေပင် သွားရောက်နေထိုင်ခွင့် ပြုထားခဲ့ပေသည်။

မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားတွင် ဘဝဟောင်းမှအကြောင်းအရာများကို မှတ်မိကြသောလူဝင်စားများ ရှိကြလေသည်။

လူဝင်စားဟူသော ဝေါဟာရမှာ ဘဝဟောင်းမှ သေဆုံးသွားပြီး ဘဝသစ်သို့ ချက်ချင်းကူးပြောင်း ရောက်ကြခြင်းကို ဝင်စားသည်ဟု ခေါ်ဝေါ်ကြလေသည်။

ချင်းလူမျိုးများကတော့ သေပြီးခဲ့သော လူသေသည် လူရှင်တို့နေရာသို့ တစ်ဖန်ပြန်ရောက်လာသည်ဟု ယုံကြည်ကြလေသည်။





ထို့ကြောင့် ချင်းလူမျိုးတို့သည် “လူသေရွာ” ရှိခြင်းကို ယုံကြည်လက်ခံထားကြခြင်း ဖြစ်ပေသည်။

၎င်းတို့သည် လူသေရွာ အမှန်ပင်ရှိသည်ဟု လက်ခံထားကြသော်လည်း မည်သည့်နေရာ၌ ရှိကြောင်းကိုတော့ သိရှိသူ အတော်ပင် နည်းပါးလှသည်။

အချို့ကလည်း လူသေရွာ ရှိသောနေရာအား မြေပုံ လမ်းညွှန်အမှတ်အသားများဖြင့် ရေးသားဖော်ပြကြသည်။

လူသေရွာသို့ သွားရာလမ်းတွင် ရှင်လူနှင့်သေလူတို့ လမ်းခွဲကြသော နယ်နိမိတ်တောင် (Ricin tlang hring Lang tlang) ရှိသည်။

ထိုနေရာ၏တစ်ဖက်တွင် ချောင်းကလေးရှိသည်။ ၎င်းနေရာလွန်လျှင် လမ်း“၈၀၀” ဆုံဆည်းရာ အရပ်ရှိသည်။

ထိုနေရာသည် အပျော်ဆုံးနှင့်အခက်ခဲဆုံးတို့၏ နေရာအရပ်ဟု ခေါ်ကြသည်။

ထိုနေရာရောက်သော သေလူတို့အား သင့်တော်သည့် နေရာသို့ ပို့ပေးရသော မိန်းမကြီးဆာနူ(Sanu )နှင့် တွေ့ရသည်။

ဒီနေရာမှာတော့ လူသေတို့ တွေ့ရသူတို့မှာ ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် ကွဲပြားခြားနားမှု ရှိကြလေသည်။

ဗုဒ္ဓဘာသာဝင်တို့က ယမမင်းနှင့် တွေ့ရသည်ဟု ယုံကြည်မှုရှိသည်။

အီဂျစ်တို့က အိုစီရစ်ဈာန်ဘုရားရှေ့မှောက်သို့ ရောက်ပြီး ကောင်းမှုမကောင်းမှုတို့ကို အစစ်ဆေးခံကြရသည်ဟု ယုံ

www.burmeseclassic.com



ကြည်ကြသည်။

အခြားဘာသာဝင်များကလည်း ၎င်းတို့ယုံကြည်ကိုး ကွယ်ရာ ဘာသာအလိုက် အယူအဆအမျိုးမျိုး ရှိကြလေသည်။

အိုစီရစ်အား ယမမင်းကြီးဟုလည်း ခေါ်ဝေါ်ကြရာ ယမမင်းဟူသော ဝေါဟာရမှာ လူသေတို့အား စစ်ဆေးသော ပုဂ္ဂိုလ်ဟု ယူဆနိုင်ပေသည်။

ချင်းလူမျိုးတို့၏ အယူအဆ လူသေရွာ (Mithikhua) အဝင်၌ စောင့်နေသော ၎င်းတို့အခေါ် မိန်းမကြီး "ဆာနူ"သည် တစ်နည်းအားဖြင့် ယမမင်းလိုပင် ဖြစ်ပေလိမ့်မည်။

အသားဖြူဖြူ ဗိုက်ရွဲရွဲ ရက်စက်ကြမ်းကြုတ်သော အကြည့်မျိုးဖြင့် မျက်လုံးအစုံကိုဖွင့်ပြီး ကြည့်နေသော ဆာနူ၏ အကြည့်မှာ ကြောက်စရာကောင်းလှပေ၏။

ထိုနေရာသို့ ရောက်သွားကြသော လူသေ(ဝိညာဉ်)တို့ သည် အသက်ရှိစဉ်က ၎င်းတို့သတ်ဖြတ်ခဲ့သော တိရစ္ဆာန်တို့၏ ဦးခေါင်းတို့ကိုပါ တစ်ပါတည်း ယူဆောင်သွားပြီး ဆာနူအား ပြသရသည်။

တိရစ္ဆာန်တို့ ဦးခေါင်းများတွင် အကောင်အရွယ်အစား ကြီးမားသော ကျွဲ၊ နွားနောက်၊ နွားစသော တိရစ္ဆာန်အကောင် ကြီးများ၏ ဦးခေါင်းများများ ပါသွားလျှင် ဆာနူက ဝမ်းမြောက် ဝမ်းသာဖြစ်သည်။ ထိုသူအား ဝမ်းမြောက်ခြင်းနှင့်အတူ ပျော်ရွှင် စရာကောင်းသော လမ်းမှလူသေရွာသို့ ပို့ဆောင်ပေး၏။

အကယ်၍ လူသေ(ဝိညာဉ်)သည် အသက်ရှင်စဉ်က





လက တိရစ္ဆာန်အကောင်ငယ်ကလေးများဖြစ်သော ကြက်၊ ဝက်၊ ဆိတ်၊ ခွေး စသော တိရစ္ဆာန်တို့၏ ဦးခေါင်းများသော် ဆာနူက မနှစ်သက်ပေ။

ထိုလူသေအား ခက်ခဲသောလမ်းမှ သွားစေလျက် လူ သေရွာသို့ ရောက်ရှိအောင် ပို့ပေးတတ်ပေသည်။

ထို့ကြောင့် ချင်းလူမျိုးတို့သည် အသက်ရှင်နေထိုင်စဉ် ကာလတွင် ပွဲများမပြု လုပ်နိုင်ခဲ့ကြစေကာမူ သေသောအခါ မှာတော့ ၎င်းတို့အတွက် ရည်စူးပြီး၊ အသုဘနေ့တွင် တိရစ္ဆာန် များများ သတ်ဖြတ်ပေးကြရခြင်း ဖြစ်ပေသည်။

သည်နေရာမှာတော့ လူသေရွာသို့ ရောက်ခဲ့သူများ အကြောင်းကို ဆက်လက်ရေးသားပါဦးမည်။

ချင်းလူမျိုးတို့၏ ဓလေ့ထုံးစံအရ လူတစ်ယောက် သေ ဆုံးခဲ့ပြီး နောက်ပိုင်းတွင် လူသေရွာသို့ မလွဲမသွေရောက်ကြရ သည်ဟု ယုံကြည်မှုရှိကြသည်။

လူသေရွာသည် ဝိညာဉ်ဘဝရောက်ပြီးနောက် မလွဲ မသွေ ရောက်ကြရသည့်နေရာဖြစ်သည်။

လူသေရွာသို့ ရောက်ခဲ့ကြပြီးမှ အခြားနေရာ၊ သို့မဟုတ် အခြားဘဝများသို့ သွားကြရ ရောက်ကြရပေသည်။

အခြားတစ်ဘဝသို့ ရောက်ကြရပြီးမှ လူသေရွာမှ အဖြစ် အပျက်များ၊ အကြောင်းအရာများကို သတိရကြသူများ၊ မှတ်မိ နေကြသူအချို့လည်း ရှိကြသည်။

ထိုလူများထဲတွင် ခွါပီရွာမှ ကျဲအိုမန်းနှင့် ရွှေယာဉ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သော လင်မယားနှစ်ယောက်အကြောင်းလည်း အပါအဝင် ဖြစ်ပေသည်။

ကျဲအိုမန်းသည် လူဘဝမှာနေစဉ်က နွားသတ်သော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦး ဖြစ်ပေသည်။

၎င်းသည် နွားနောက်များ သတ်ဖြတ်ရာတွင် အခြားသူများနှင့်မတူဘဲ များစွာကျွမ်းကျင်လှသူ ဖြစ်ပေသည်။

ချင်းလူမျိုးတို့ ခလေ့ထုံးစံအရ မိန်းမတောင်းသည့်ပွဲ၊ နတ်ပူဇော်သည့် ပွဲများတွင် နွားနောက်ကို သတ်ဖြတ်ကြသည်။

နွားသတ်သမားတစ်ယောက်ဖြစ်ရန် လွယ်လွယ်ကူကူ တော့မဟုတ်ပေ။

ရှေးကတည်းက နွားနောက်အကောင်ရေပေါင်းများစွာ သတ်ဖြတ်ခဲ့ကြသော ဆရာကြီးများထံတွင် နည်းနာနိဿယ ခံကြရသည်။ ပညာသင်ယူကြရသည်။

နွားသတ်သောနည်း မမှန်ပါက နတ်ဝင်ခြင်း၊ အပမှီခြင်း၊ သရဲသဘက်တို့ ဝင်ရောက်နှောင့်ယှက်ခြင်းများ ရှိတတ်ကြပေသည်။

နွားသတ်သမားတစ်ယောက်ဘဝ ရောက်လာပြီး အတွေ့အကြုံများကာ ဝါရင့်လာသောအခါ၌ နွားတစ်ကောင်ကို မသတ်ခင်အချိန်ကတည်းက အကောင်အရွယ်အစားကိုကြည့်ပြီး အသားချိန် ဘယ်၍ဘယ်မျှထွက်မည်၊ ရမည်ကိုပါ ခန့်မှန်းနိုင်ကြသည်။

၎င်းတို့ခန့်မှန်းသော ပိဿာချိန်အတိုင်းလည်း အသား





ထွက်ပေသည်။

နွားသတ်သမားသည် အခြားတိရစ္ဆာန်များ ဖြစ်သော ကျွဲ၊ ဝက်၊ ဆိတ် စသောတိရစ္ဆာန်များကိုပါ သတ်ဖြတ်ပေးကြရသည်။

ထိုသို့သတ်ဖြတ်ပေးသောအခါမှာလည်း အကောင်အရွယ်အစား၊ အကြီးအသေးပေါ်မှာ မူတည်ပြီး သတ်ဖြတ်ပေးခရကြလေသည်။

နွားသတ်သမားတစ်ယောက်ပိုင်ဆိုင်သော ပစ္စည်းများမှာ သားသတ်ဓား၊ ဓားမြှောင်၊ ကပ်ပါး (ရဲဒင်းအကြီးစား)၊ ထုသတ်သော ပေါက်ဆိန်၊ ကြိုး၊ နွားချည်ကြိုး၊ အသားချိန်သော ချိန်ခွင်၊ အလေး စသည်တို့ ဖြစ်ကြလေသည်။

နွားသတ်သမားသည် အခြားသူများကခေါ်ပြီး သတ်ခိုင်းပါက သင့်တော်သော အဖိုးအခကိုယူပြီး လိုက်လံသတ်ဖြတ်ပေးသည်။

မရှိလျှင်တော့. . . မွေးထားသော နွားကိုသော်လည်းကောင်း၊ ဒါမှမဟုတ် အခြားမှနွားကိုဝယ်ယူကာ သတ်ဖြတ်ရောင်းချခြင်း စသောအလုပ်တို့ကို လုပ်လေသည်။

ရှေ့၌ ရေးသားခဲ့သည့်အတိုင်း ခွာပီးရွာမှာတော့ ကျဲအိုမန်းသည် ကျွမ်းကျင်သော နွားသတ်သမားတစ်ဦး ဖြစ်သည်။

၎င်းတွင် မိန်းမရှိသည်။ ကလေးနှစ်ယောက်ရှိသည်။ မိန်းမနာမည်က ရွှေမိယာဉ် ဖြစ်သည်။ အရွယ်မရောက်သေးသော ကလေးနှစ်ယောက်ကတော့. . ယောက်ျားလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြသည်။

ကျဲအိုမန်းက နွားသတ်သောအလုပ်ကို ဝါသနာပါသော်လည်း မိန်းမဖြစ်သူကတော့ စိတ်မပါလှပေ။

သူမကတော့ ကလေးနှစ်ယောက်နှင့်အတူ တောင်ယာစိုက်ပျိုးသောအလုပ်ကိုသာ လုပ်ကိုင်လေသည်။

သို့သော် ယောကျ်ားဖြစ်သူက နွားသတ်ပြီးသောအခါ အသားများကို ရောင်းချခိုင်းလျှင်တော့ အနီးအနားမှာရှိသော ရွာများကို လှည့်လည်ရောင်းချပေးရလေသည်။

တစ်နေ့တော့ ရွှေမိယာဉ်တစ်ယောက် အခြားရွာတစ်ရွာသို့ အမဲသား သွားရောက်ရောင်းချရာမှ ပြန်လာသောအခါ လမ်း၌ သရဲသဘက်တို့နှင့်တွေ့ကာ ခြောက်လှန့်ခြင်း ခံရလေသည်။

ခွာပီးရွာနှင့် မဝေးလှသော အခြားရွာတစ်ရွာသို့ အမဲသား သွားရောက်ရောင်းချရာ မကုန်ခဲ့ပေ။

ထို့ကြောင့် ကျန်သေးသော အသားတွဲများကို တောင်းနှင့်ထည့်ပြီး ရွာသို့ပြန်လာလေသည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေလေသည်။

နေဝင်သွားပြီဖြစ်သော မှောင်စပြုနေချေပြီ။

ရွာနှစ်ရွာကြားမှာတော့ သစ်တောတစ်ခု ခြားနေသေးသည်။

လမ်းတစ်နေရာရောက်တော့ သူမသွားမည့်လမ်းပေါ်မှာ လူတစ်ယောက်ရပ်နေသည်ကို လှမ်းမြင်ရသည်။





ဆံပင်ရှည်များက. . မျက်နှာပေါ်သို့ အုပ်ကျနေသောကြောင့် မည်သူမည်ဝါ မှန်းတော့ မသိရပေ။

အရပ်အမောင်းကတော့ သူမထက် ထက်ဝက်ခန့် ပိုမြင့်လေသည်။

ရွှေမိယာဉ်က ကြောက်တတ်သူတော့ မဟုတ်ပေ။

တောလမ်းတောင်လမ်းများမှာ တစ်ယောက်တည်း သွားလာနေသူဖြစ်သဖြင့် ထိုကဲ့သို့ တွေ့ကြုံရခြင်းကတော့ အဆန်းတကြယ် မဟုတ်တော့ပေ။

အမဲသားထည့်သည့် တောင်းထဲမှာတော့ အသားလှီးဖြတ်သည့် ဓားတစ်ချောင်းပါလာသည်။

အရပ်အမောင်း မြင့်လှသော လူမည်းကြီးက သူမသွားမည့်လမ်းပေါ်မှာ ပိတ်ရပ်နေခြင်း ဖြစ်၏။

"နင်. . ဘယ်သူလဲ"

ရွှေမိယာဉ်က လှမ်းမေးလိုက်သော်လည်း လမ်းပေါ်မှာ ရပ်နေသူက ဘာမှပြန်မပြောပေ။

"ငါသွားမယ့်လမ်းက ဖယ်ပေးပါ"

ထိုသို့ပြောသော်လည်း ရပ်မြဲရပ်နေလေသည်။

"နင်. . ဘာလိုချင်လို့လဲ"

ထိုသို့မေးတော့မှ အမဲသားထည့်ထားသော တောင်းကို လက်ညှိုးထိုးပြသည်။

ပါးစပ်မှလည်း. . "ဟင်း. . ဟင်း" ဟု အသံထွက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ရွှေမိယာဉ်လည်း သဘောပေါက်သွားပေတော့သည်။

"အမဲသား စားချင်လို့လား . မပေးနိုင်ဘူး၊ ဒီမှာကျန်တဲ့ အသားတွဲက ငါ့အိမ်သားတွေစားဖို့ ပြန်ယူလာတာ၊ နင့်ကို မပေးနိုင်ဘူး"

ထိုအခါ ရှေ့မှာရပ်နေသူထံမှ အဟင်းဟင်းနှင့် အသံများ ပိုကျယ်လာပြီး ရှေ့သို့တိုးလာလေသည်။

ထိုအခြေအနေမျိုးတွင် နောက်သို့ပြန်လှည့်ပြေးသင့်သော်လည်း ရွှေမိယာဉ်က မပြေးပေ။ ပြေး၍ မလွတ်မှန်းလည်း သိသည်။

ထိုကဲ့သို့ ရှေ့သို့တိုးလာသောအခါ တောင်းထဲမှာပါလာသော ဓားကိုထုတ်ပြီး ဆုပ်ကိုင်ထားသည်။

အနားရောက်သည်နှင့် တောင်းကိုလာဆွဲသော လက်ကိုဓားဖြင့်ခုတ်သည်။ သို့သော် အရာမထင်ပေ။

အနားရောက်လာသဖြင့် မျက်နှာကိုမြင်ရတော့မှ လူတစ်ယောက်မဟုတ်ဘဲ သရဲသဘက်တစ်ကောင်ဖြစ်မှန်း သိရလေသည်။

ရွှေမိယာဉ်က ဓားဖြင့်ခုတ်မရတော့ တောင်းကိုဆွဲထားသည်။

သို့သော်လည်း သရဲက တောင်းကိုရအောင်ဆွဲယူပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

ဘာမှမတတ်နိုင်တော့ပေ။





သူမလက်ထဲမှာ ဓားတစ်လက်သာ ကျန်ခဲ့သဖြင့် အိမ်သို့ ပြန်လာခဲ့ရသည်။

"နင် ဘာဖြစ်လာတာလဲ ရွှေမိယာဉ်"

အိမ်ရောက်တော့ ကျဲအိုမန်းကမေးသည်။

"အမဲသားတောင်းကို သရဲဆွဲယူသွားတယ်"

"ဘယ်နေရာက အကောင်လဲ"

ရွှေမိယာဉ်က သရဲဆွဲသောနေရာကို ပြောပြလိုက်သည်။ ကျဲအိုမန်းက ဒေါသတကြီးဖြင့် တူမီးသေနတ်ကိုယူပြီး အပြင်သို့ ထွက်သွားလေတော့သည်။

ထိုအချိန်မှစပြီး ကျဲအိုမန်း တစ်ယောက်အိမ်သို့ ပြန်မရောက်လာတော့ပေ။

ထိုအကြောင်းကို ရွာသူရွာသားများသိသဖြင့် လိုက်လံရှာဖွေသောအခါ တောတွင်းတစ်နေရာ၌ အမဲသားထည့်သော တောင်းတစ်လုံးအနီးတွင် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အသက်ပျောက်နေသော ကျဲအိုမန်းကို ပြန်တွေ့ကြရလေသည်။

၎င်းကိုင်နေကျ တူမီးသေနတ်မှာလည်း ထိုနေရာတစ်ဝိုက်တွင် တစ်ပိုင်းတစ်စစီ ဖြစ်နေလေတော့သည်။

ပြဿနာက ထိုမျှနှင့်တော့ မပြီးပေ။ ကျဲအိုမန်း တစ်ယောက်သေသွားပြီးနောက် မကျွတ်မလွတ်သော သရဲဘဝဖြင့် ရောက်ကာ တစ်ရွာလုံးကို ခြောက်လှန့်ပေတော့သည်။

နောက်ပိုင်းမှာတော့ ခြောက်လှန့်ခံရသဖြင့် သေဆုံးသွားကြသူများ ရှိကြလေရာ သရဲသဘက်များပါ တိုးပွားလာလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သရဲသဘက်များလာလေလေ၊ ခြောက်လှန့်ခံရမှုများလည်း ပိုမိုများပြားလာရာ ရွာထဲတွင် လူအသေအပြောက်ကလည်း ပိုများလာလေတော့သည်။

နောက်တော့ အခြားသူများသာမကဘဲ ရွှေမိယာဉ်နှင့် ကလေးနှစ်ယောက်တို့ပါ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေဆုံးသွားကြလေတော့သည်။

ထိုအခြေအနေကြောင့် ရွာလူကြီးက ဦးဆောင်ပြီး ရွာတွင်းသို့ ဝင်ရောက်နေသော သရဲသဘက်တို့ကို နှင်ထုတ်ရန် ပြင်ဆင်ကြလေသည်။

အရပ်မလေ့မှာတော့ ထိုသို့ပြုလုပ်ခြင်းကို တောထုတ်ခြင်းဟု ခေါ်ကြလေသည်။

တူမီးသေနတ်များ ပစ်ဖောက်ခြင်း၊ သံပုံးများတီးခြင်း၊ ဝါးလုံး၊ ဝါးလက်ခုပ်တို့ကို အသံကျယ်လောင်စွာတီးခြင်း၊ ရိုက်ပုတ်ခြင်း၊ ရန်ပုံခွင်း ပစ်ဖောက်ခြင်း၊ တစ်ရွာလုံး သံပြိုင် "ဟေး ဟေး . . ဝါးဝါး" အော်သံများ ပေးခြင်းများ ပြုလုပ်ကြခြင်း ဖြစ်သည်။

တောထုတ်ကြခြင်းကို နေဝင်ရီတရော အချိန်မှာပင် တစ်ပြိုင်နက်တည်း ပြုလုပ်ကြခြင်း ဖြစ်လေသည်။

သံပုံးတီးသံ၊ ဇန်အိုးဒန်ခွက်တီးသံတို့မှာ နားကွဲမတတ် ဆူညံနေလေတော့သည်။ အချို့နေရာများမှာလည်း သံပြိုင် အော်သံများ ပေါ်ထွက်လာကြလေသည်။





"ဟိုမှာ . . ဟိုမှာ မည်းမည်းကြီးတွေ သရဲသဘက်တွေ တောထဲဝင်ပြေးပြီဟေ့"

ထိုအသံများမှာ နေရာအနှံ့မှ ပေါ်ထွက်လာလေတော့သည်။

ထိုသို့တောထုတ်ပြီးနောက် ရွာလူကြီးက ကျဲအိုမန်းတို့ နေခဲ့ကြသော တဲကိုပင် မီးရှို့ပစ်လိုက်လေတော့သည်။

ထိုသို့ပြုလုပ်ပြီး နောက်ရက်မှာတော့ ရွာထဲသို့ ဖုတ်ကောင်များ၊ သရဲသဘက်တို့ မလာဝံ့ကြတော့ပေ။

ကျဲအိုမန်းနှင့် ရွှေမိယာဉ်တို့မှာ သေဆုံးသွားခဲ့ကြပြီး လူသေရွာသို့ မရောက်ခင် မိန်းမကြီးဆာနူနှင့် တွေ့ကြရသေးသည်။

ကျဲအိုမန်းကတော့ နွားသတ်သမားဘဝဖြင့် ကျွဲ၊ နွား အစရှိသော တိရစ္ဆာန်အကောင်ကြီးပေါင်းမြောက်များစွာ သတ်ဖြတ်ခဲ့သူဖြစ်သောကြောင့် . . ၎င်းသတ်ဖြတ်ခဲ့သော တိရစ္ဆာန် ဦးခေါင်းတို့ကို မိန်းမကြီးဆာနူအား ပြသနိုင်လေသည်။

ရွှေမိယာဉ်ကတော့ သေးငယ်သော ကြက်ငှက်စသော တိရစ္ဆာန်ဦးခေါင်းများလောက်သာ ပြနိုင်သည်။

မိန်းမကြီးဆာနူက သဘောမကျပေ။

"နင်က တိရစ္ဆာန်တွေရဲ့ ဦးခေါင်းတွေ အတော်များများ ယူဆောင်လာနိုင်ခဲ့တဲ့အတွက် ပျော်စရာကောင်းတဲ့ ယမ်းကနေ လူသေရွာကို ရောက်အောင်ပို့ပေးမယ် "

ထို့နောက် ရွှေမိယာဉ်ဘက်သို့ လှည့်လိုက်ပြီး . . .

www.burmeseclassic.com



"နင်ကတော့ ငါနှစ်သက်သဘောကျတဲ့ တိရစ္ဆာန် ဦးခေါင်းတွေ များများမပြနိုင်ဘူး၊ ဒါကြောင့် ခက်ခဲတဲ့လမ်းကနေ လူသေရွာသို့ ရောက်အောင်သွားပေတော့ "

ဟု ပြောလေသည်။

မိန်းမကြီးဆာနူ ထိုင်နေသောနေရာမှာ လမ်းခွဲရှိသော လမ်းဆုံနေရာ ဖြစ်ပေသည်။

တစ်လမ်းက ပျော်စရာကောင်းသောလမ်းဖြစ်ပြီး၊ ကျန်တစ်လမ်းက ခက်ခဲသောလမ်းပင် ဖြစ်သည်။

ကဲ့အိုမန်းနှင့်ရွှေမိယာဉ်တို့ နှစ်ယောက်သည် တမလွန်ဘဝ ရောက်ခဲ့ကြပြီးနောက် မိမိတို့သွားရမည့်လမ်းများမှ သွားကြရလေသည်။

လူသေရွာသို့ရောက်သောအခါ ၎င်းတို့နှစ်ယောက် ပြန်လည်တွေ့ဆုံကြသည်။

ထို့နောက် သူတို့နှစ်ယောက်မှာ လူသေရွာမှာပင် အတူတကွ နေထိုင်ခဲ့ကြလေသည်။

တကယ်တော့ လူသေရွာဟု ခေါ်သောနေရာမှာ နာနာဘာဝတို့နေသော ကျတ်ရွာပင် ဖြစ်ပေသည်။

လူသေရွာနှင့်ကျတ်ရွာသည် အတူတူပင်ဖြစ်ကြောင်း သာဓကတစ်ခုကို ရေးသားဖော်ပြပေးပါမည်။





# အခန်း (၃)

## ကျွန်းကုန်းမှ ကျတ်ကုန်းဖြစ်ရသောနေရာ

အချိန်ကာလမှာ ဂျပန်များ မြန်မာပြည်မှ ပြန်လည်ထွက်ပြေးနေသော အချိန်ဖြစ်သည်။

(၁၉၄၅)ခုနှစ်တွင် ဂျပန်တပ်များ မြန်မာပြည်မှ ပြန်လည်ဆုတ်ခွာပြေးကြရပြီး ဗြိတိသျှတပ်များ တစ်ကျော့ပြန်ဝင်ရောက်လာသော အချိန်ဖြစ်ပေရာ တစ်ပြည်လုံး စစ်ဘေးစစ်ဒဏ်များဒဏ်ကို မရှုမလှခံနေရသော အချိန်မျိုးလည်းဖြစ်သည်။

www.burmeseclassic.com



ဂျပန်တပ်များကလည်း မစားရသည့်အမဲ သဲဖြင့်ပက် သဘောမျိုးဖြင့် ၎င်းတို့ပြေးရာလမ်းတစ်လျှောက်မှာရှိသော မြို့များ၊ ရွာများကို ဖျက်ဆီးပစ်ကြလေသည်။

ထို့ကြောင့် နေရာအတော်များများမှာ နေထိုင်ကြသူတို့မှာ စစ်ဘေးစစ်ဒဏ် လွတ်ကင်းသောနေရာများသို့ ရွှေ့ပြောင်းပြေးကြရသည်။

အချို့ မိသားစုများချည်း ပြောင်းရွှေ့ကြသည်။

အချို့ကြတော့ ကိုယ်နှင့်ခင်မင်သော မိတ်ဆွေများ၊ ဆွေမျိုးသားချင်းတို့နှင့်အတူ ပြောင်းရွှေ့ကြသည်။

အချို့နေရာများမှာတော့ ရွာလုံးကျွတ်၊ မြို့လုံးကျွတ် ပြောင်းရွှေ့ပြေးကြရသည်။

ထိုရွာများထဲမှာ ကျွန်းတောရွာလည်း တစ်ရွာအပါအဝင် ဖြစ်ပေသည်။

ကျွန်းတောရွာမှာ ရွှေဘိုနယ်အတွင်းမှာပါဝင်ပြီး . မြောက်ဘက်တွင် ရွှေလီသစ်တောကြီးများ ရှိလေသည်။

ရွာလူကြီး ဦးဘတူကပင် ဦးဆောင်ပြီး ရွှေလီသစ်တောများရှိသော နေရာဘက်သို့ ရွှေ့ပြောင်းပြေးကြလေသည်။

ထိုအချိန်အခါက ရွှေလီသစ်တောများရှိသော နေရာဘက်တွင် လူနေရွာများများ မရှိသေးဘဲ သစ်တောအလုပ်သမားများနေသော ရွာငယ်အချို့လောက်သာ ရှိကြလေသည်။

ရွာဟုသာပြောရသော်လည်း အချို့နေရာများမှာ တဲဝယ်ကလေးများ စုဝေးနေသည်မျိုး ဖြစ်သည်။





အဘယ်ကြောင့်ဆိုသော် ရွှေလီမြစ်ရိုးတစ်လျှောက်တွင်ရှိသော သစ်တောကြီးများမှာ ရာသီဥတုကြမ်းခြင်း . ၊ သားရဲတိရစ္ဆာန် ပေါများခြင်းနှင့် ငှက်ဖျားရောဂါ နှိပ်စက်မှုကြမ်းသောကြောင့် ဖြစ်သည်။

အချို့အန္တရာယ်များနှင့် တွေ့သောအခါ တစ်ယောက်ချင်း နှစ်ယောက်ချင်း သေကြရသည်မျိုးလောက်သာ ရှိသည်။

ကာလရောဂါဟုခေါ်သော ဝမ်းရောဂါနှင့် ငှက်ဖျားရောဂါတို့ နှိပ်စက်ပြီဆိုလျှင်တော့ တစ်ရွာလုံး သေကြေပျက်စီးမှုမျိုးများနှင့် ကြုံတွေ့ကြရပေသည်။

ထို့ကြောင့် ထိုနေရာများတွင် ရွာတည်ပြီး မနေဝံ့ကြခြင်း ဖြစ်ပေသည်။

ယခုလို စစ်ဘေးစစ်ဒဏ်သင့်နေသည့် အချိန်များမှာတော့ ရှေ့မှာမတွေ့ရသေးသော အန္တရာယ်ထက် နောက်မှလိုက်လာသော အန္တရာယ်က ပိုပြီးကြောက်စရာကောင်းနေသောကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရင်းမှ ထိုနေရာတစ်ဝိုက်သို့ ရောက်လာကြခြင်း ဖြစ်ပေသည်။

ထိုဒုက္ခသည်များထဲတွင် ကျွန်းတောရွာမှ ရွာသူရွာသားများလည်း ပါဝင်လေသည်။

၎င်းတို့သည် မြစ်နှင့်မဝေးသော နေရာတစ်ခုတွင် ယာယီတဲများထိုးပြီး နေကြလေသည်။

ထိုနေရာတစ်ဝိုက်တွင် တောင်ကုန်းများရှိသည်။ ဘုရား၊ စေတီ အပြိုအပျက်များ ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အခြားတစ်နေရာမှာလည်း သူတို့အရင်ရောက်နေကြပြီး ရွာတည်နေကြသူများလည်း ရှိပေသည်။

ထိုနေရာရောက်တော့ လောလောဆယ်တွင် စစ်ဘေးအန္တရာယ်များ လွတ်ကင်းသည်ဟု ဆိုနိုင်သော်လည်း အခြားအန္တရာယ်ဒုက္ခများနှင့်တော့ တွေ့ကြရသည်။

စားနပ်ရိက္ခာများရှားပါးခြင်း၊ သောက်သုံးရေမကောင်းသည့်အပြင် တော်တိရစ္ဆာန်များကလည်း မကြာခဏ ရောက်လာပြီး အန္တရာယ်ပေးတတ်ကြသည်။

တောဆင်ရိုင်းများ အန္တရာယ်နှင့် ကိုးတောင်ကျားကြီးများက မကြာခဏ ရောက်လာလေ့ရှိကြသည်။

ထိုနေရာတစ်ဝိုက်မှာ စေတီ၊ ဘုရားအပြိုအပျက်အချို့ရှိနေသောကြောင့် ယခင်ကလူများနေခဲ့သော နေရာတစ်ခုဖြစ်ကြောင်းတော့ သိကြသည်။

ရွာလူကြီး ဦးဘတူခေါင်းဆောင်သော ကျွန်းတောရွာသူရွာသားများမှာ ထိုနေရာသို့ရောက်ကြပြီး မကြာခင်မှာပင် ကျတ်တစ္ဆေတို့၏ ခြောက်လှန့်နှောင့်ယှက်မှုကို ခံကြရလေသည်။

"ဒီနေရာက ငါတို့နေတဲ့ရွာ၊ ဒီနေရာမှာ မနေနဲ့ ထွက်သွားကြ"

"ငါတို့နေထိုင်နေရာမှာနေရင် အားလုံးဖမ်းစားပစ်မယ်" ဟု ပြောနေသံများကိုလည်း ကြားကြရသည်။

နေ့ဘက်အချိန်များတွင် ဘာမှထူးခြားမှု မရှိကြသော်လည်း နေဝင်ရီတရော အချိန်ရောက်သည့်အခါ ကျတ်တစ္ဆေများ သရဲသဘက်များ ရောက်လာပြီး နည်းအမျိုးမျိုးဖြင့် ခြောက်လှန့်နှောင့်ယှက်ကြသည်။

အချို့ကတော့ မကြောက်တတ်သဖြင့် ဥပေက္ခာပြုပြီး နေမြဲနေကြသည်။

အချို့မိန်းမနှင့် ကလေးများကတော့ များစွာကြောက်ရွံ့ထိတ်လန့်မှု ဖြစ်ကြရသည်။

နောက်ပိုင်းရက်မှာတော့ လူအသေအပျောက်များပင် ဖြစ်လာလေသည်။

ထို့ကြောင့် ရွာလူကြီး ဦးဘတူနှင့် ရွာသူရွာသားများမှာ အချင်းချင်း ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြရလေတော့သည်။

" ရွာလူကြီး ဒီပုံအတိုင်းဆိုရင်တော့ ကျုပ်တို့ဒီနေရာမှာ ဆက်နေလို့မဖြစ်တော့ဘူး၊ ကြာရင် ကျတ်တစ္ဆေတွေ ခြောက်လှန့်တာနဲ့ တစ်ရွာလုံး သေကုန်ကြလိမ့်မယ် "

ထိုအခါ ဦးဘတူက. . .

"မင်းတို့က ပြောတော့လွယ်တာပဲ၊ ငါတို့က ရွာလုံးကျွတ်ပြောင်းပြေးလာကြတာဆိုတော့၊ တစ်အုပ်တစ်မကြီးနဲ့ တစ်နေရာကနေ တစ်နေရာပြောင်းရွှေ့ဖို့ မလွယ်ဘူးကွ" ဟု ပြန်ပြောလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမှာလဲ. .၊ ဒီနေရာမှာပဲနေပြီး အသေခံကြရမှာလား"

စိတ်မရှည်တော့သဖြင့် ရွာသားတစ်ယောက်က မေး





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ကျတ်တစ္ဆေတွေက ငါတို့ကို မနေစေချင်လို့ လာပြီးခြောက်လှန့်နေကြတယ်၊ ဒီတော့ သူတို့ ဒီနေရာမှာမနေအောင် ငါတို့က ပြန်နှင်ပစ်ရမှာပေါ့"

"ခင်ဗျားပြောပုံက ကြောင်ကိုချူဆွဲခိုင်းသလို ဖြစ်နေပြီ၊ ဒီလောက်ကြမ်းတဲ့ သရဲတစ္ဆေတွေ၊ ကျတ်တွေကို ခင်ဗျား နှင်ထုတ်ပေးမှာလား"

ဟု မေးပြန်သည်။

"ငါကတော့ ဒီပညာတွေကို မတတ်ပါဘူး၊ ဒါပေမယ့် ဒီအနီးတစ်ဝိုက်မှာရှိတဲ့ ဆရာတွေကို စုံစမ်းရှာဖွေပြီး ခေါ်လာရမှာပေါ့၊ ဒီအတွက်တော့ စိတ်မပူကြပါနဲ့၊ ဒီတစ်ရက်နှစ်ရက်အတွင်း အဆင်ပြေအောင် ငါကြည့်ပြီး စီစဉ်ပေးပါ့မယ်"

ဟု ကတိပေးတော့မှ ရွာသူရွာသားများလည်း စိတ်ကျေနပ်မှု ရှိသွားကာ ပြန်သွားကြလေသည်။

နောက်သုံးရက်ခန့်ကြာသောအခါ ရွာလူကြီး ဦးဘတူသည် အခြားနေရာမှ ဆရာကြီးတစ်ယောက်ကို ပင့်ခေါ်လာလေသည်။

ဆရာကြီးမှာ အသက်အရွယ် အတော်ပင်ကြီးလှပေပြီ။ ဦးဘတူတို့နေသောနေရာရောက်တော့ သူကပြောပြလေသည်။

"ဒီနေရာမှာ ခြောက်လှန့်ခံကြရတာ ဘာများဆန်းပါ့မလဲ"





"ဘယ်လိုကြောင့်လဲ ဆရာကြီး"

"အရင်က ဒီနေရာမှာ ရွာတစ်ရွာရှိတယ်၊ ကျွန်းကုန်းရွာလို့ ခေါ်တယ်၊ နောက်တော့ ဝမ်းရောဂါဖြစ်ပြီး ရွာလုံးကျွတ်သေသွားခဲ့ကြတယ်"

ထိုစကားကြားတော့ အံ့သြသွားကြလေသည်။

"ဒါပေမယ့် သူတို့က မကျွတ်မလွတ်တဲ့ဘဝ ရောက်ခဲ့ကြပြီးနောက် ဒီနေရာမှာပဲ ဆက်နေခဲ့ကြတယ်၊ အရင်ကတော့ ကျွန်းကုန်းရွာပေါ့၊ အခုတော့ ကျပ်ကုန်းရွာ ဖြစ်နေပြီလေ. .၊ ခင်ဗျားတို့ အခုနေတဲ့နေရာက သူတို့နေတဲ့နေရာပဲ၊ ဒါကြောင့် ခြောက်လှန့်နေကြတာပါ"

ဟု ပြောပြလေသည်။

ဦးဘတူတို့လည်း ထိုအခါမှပင် သူတို့တစ်တွေမှာ ကျတ်ကုန်းအပေါ်နေရာတည့်တည့်တွင် ရွာတည်နေမိကြကြောင်း သဘောပေါက်ကြရပေတော့သည်။

"ကျုပ်တို့ကတော့ တခြားနေရာလည်း မရွှေ့ချင်တော့ဘူး၊ ဒါကြောင့် သူတို့ကိုသာ နေရာရွှေ့ခိုင်းပေးပါ ဆရာကြီး"

ဟု ဦးဘတူက ပြောသည်။

"ဒါကတော့ မခက်ခဲပါဘူး၊ ကျုပ်က ဆရာတစ်ယောက်ဆိုတော့ ကျုပ်သဘောနဲ့တော့ နှင်လို့မဖြစ်ဘူး၊ ခင်ဗျားတို့က နှင်ပေးပါဆိုရင်တော့ နှင်ပေးပါ့မယ်"

ဟု ကတိပေးလေသည်။

ထို့နောက် ဆေးဆရာကြီးက ရောဂါဖြစ်ပွားနေသူများ



www.burmeseclassic.com

www.burmeseclassic.com



အား သက်သာပျောက်ကင်းအောင် အရင်ကုသပေးလေသည်။ ဆရာကြီး၏ နာမည်မှာ ဦးဘိုးလူဖြစ်ပြီး အသက်(၆၀)ကျော်ခန့် ရှိပေသည်။

ဆေးဝါး၊ မန္တရားနှင့် အထက်လမ်း အတတ်ပညာများကို အတော်ပင်ပေါက်မြောက်သူ ဖြစ်သောကြောင့် စုန်း၊ နတ်ကဝေ၊ တစ္ဆေမှင်စာတို့အား နှိမ်နင်းရာတွင် များစွာအစွမ်းထက်သူ တစ်ဦးဖြစ်ပေသည်။

ကျွတ်များကို မနှင်မီ ရောဂါရနေသူများကို ဆေးကုသပေးနေစဉ်မှာ ဦးဘတူက သိချင်သောအချက်များကို မေးလေသည်။

"ဆရာကြီးကို မေးချင်တာရှိပါတယ်၊ ကျွတ်တစ္ဆေတွေက ဒီလိုပဲရွာတွေနဲ့ နေကြတာပဲလား"

"ပရလောကသားတွေထဲမှာ အသုရကာယ်ဘုံသားတွေနဲ့ ကျွတ်တစ္ဆေတွေက လူတွေနဲ့ အတော်ကလေး နီးစပ်မှုရှိတယ်ဗျ၊ အသုရကာယ်ဘုံသားတွေဆိုရင်လည်း စံစရာရှိရင် ဘုံဗိမာန်တွေနဲ့ စံကြရပြီး၊ ခံစရာရှိတဲ့ အချိန်ကျရင်တော့လည်း ခံကြရတာပေါ့ဗျာ"

"ဟုတ်ကဲ့ စာပေကျမ်းဂန်တွေထဲမှာတော့ တွေ့သင့်သလောက် တွေ့ဖူးဖတ်ဖူးပါတယ် ဆရာကြီး"

"ကျွတ်တွေကတော့ ပြိတ္တာလောကသားတွေထဲမှာ စာရင်းပါကြပေမယ့် တစ္ဆေ သရဲ သဘက်၊ မှင်စာတွေနဲ့ မတူကြဘူး၊ သူတို့က တစုတမည်းတည်း ရွာတည်ပြီး နေလေ့ရှိကြတယ်"





"ဟုတ်ကဲ့"

"သူတို့နေတဲ့ရွာကို ကျွတ်ရွာလို့ခေါ်ကြတယ်၊ တချို့ကျတော့လည်း လူသေရွာလို့ ခေါ်ကြတယ်ဗျ"

"တစ်ခါမှတော့ မကြားမိသေးဘူး"

"လူသေရွာဆိုတာ ချင်းလူမျိုးတွေ သုံးစွဲကြတဲ့ အခေါ်အဝေါ်ပါ၊ သဘောကတော့ တမလွန်ဘဝရောက်ပြီးကြတဲ့လူတွေ တစ်နေရာမှာစုဝေးပြီး နေကြတဲ့နေရာပါပဲ. . ၊ ကျွတ်ရွာပဲပြောပြော. . လူသေရွာလို့ပဲခေါ်ခေါ် ဝိညာဉ်လောကသားတွေ စုဝေးပြီး နေကြတဲ့နေရာမျိုးပါပဲ"

ဆရာကြီးက ပါးစပ်ထဲမှ တမြုံ့မြုံ့ဝါးနေသော ကွမ်းဖပ်များကိုထွေးထုတ်ပြီး လက်ဖက်ရည်တစ်ပန်းကန်ငှဲ့ယူပြီး သောက်နေလေသည်။

"သူတို့က တခြားပရလောကသားတွေနဲ့ ဘယ်လိုကွာခြားမှုတွေ ရှိကြသလဲ ဆရာကြီး"

"ပရလောက ရောက်နေကြတယ်ဆိုပေမယ့် ကျွတ်တွေ အသုရကာယ်ဘုံသားတွေက လူတွေနဲ့နီးစပ်မှုရှိတယ်၊ လူအသွင်မျိုးနဲ့ အယောင်ဆောင်ပြီး နေနိုင်ကြတယ်"

"ဥစ္စာစောင့်တွေလို လူယောင်ဆောင်နိုင်ကြတာကို ပြောတာမဟုတ်လား"

"ဟုတ်ပါတယ် ဥစ္စာစောင့်တွေဆိုရင် လူအသွင်ပြောင်းပြီးတော့ လူသားတွေနဲ့ နှစ်ပေါင်းများစွာကြာအောင် အတူနေနိုင်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဥစ္စာစောင့်နဲ့ လူနဲ့ညားပြီး၊ သားသမီးတွေ ဘာတွေ ရတာမျိုးလည်း ကြားဖူးပါရဲ့၊ ကျတ်တွေကလည်း အဲသည်လိုမျိုး နေနိုင်ကြသလား ဆရာကြီး"

"ကျတ်တွေကတော့ လူတွေနဲ့ ပေါင်းသင်းဆက်ဆံပြီး အတူမနေနိုင်ကြဘူး၊ ဥစ္စာစောင့်တွေကကသာ အသုရကာယ် ဘုံသားတွေလို ဝေမာနိကပြိတ္တာဘုံသားတွေမို့ လူသားတွေနဲ့ အတူတူနေနိုင်ကြတာပေါ့"

ဆရာကြီးက စကားပြောရင်းနှင့် . . လက်ဖက်ရည် သောက်နေရာမှ ပန်းကန်ကို ပြန်ချထားလိုက်သည်။

"အတော်ကလေးတော့ ဆန်းကြယ်တာပဲ"

"လောကကြီးမှာ ဆန်းကြယ်မှုတွေကတော့ အများကြီး ရှိတာပေါ့ဗျာ၊ ကိုယ့်မျက်စိနဲ့ မမြင်ရလို့သာ မကြောက်ကြတာပါ။ ခင်ဗျားတို့သာ ကျတ်တွေကို မြင်ရတွေ့ရမယ်ဆိုရင် ဒီနေရာမှာ ဘယ်နေဝံ့ပါမလဲ"

"ဘယ်လိုကြောင့်လဲ ဆရာကြီး"

"ဒီနေရာမှာရှိနေတဲ့ ကျတ်ရွာကြီးက ခင်ဗျားတို့ရွာထက် နှစ်ဆသုံးဆလောက်ကြီးတယ်၊ နေတဲ့လူတွေကလည်း အများကြီးပဲ"

"ဟင်"

ဆေးဆရာကြီး ဦးဘိုးဘူစကားကြောင့် ရွာလူကြီးမှာ အတော်ပင် အံ့သြသွားလေသည်။

"ဒါ . . ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာကြီး"





ဟု မေးလိုက်လေသည်။

"လုပ်စရာကတော့ ထွေထွေထူးထူး သိပ်မရှိလှပါဘူး၊ ခင်ဗျားတို့ကလူတွေ သူတို့က ကျတ်လောကသားတွေဆိုတော့ အတူနေလို့မှ မရတော့ . . ခင်ဗျားတို့က နေရာရွှေ့ပေးရင်ပေး၊ ဒါမှမဟုတ်ရင်တော့ သူတို့ကို နေရာရွှေ့ပေးဖို့ ပြောရတော့မှာ ပေါ့၊ ဒီလိုမှ ပြောမရရင်တော့ ဆေးဝါးအစီအရင်တွေ သုံးပြီး နေရာရွှေ့အောင် လုပ်ကြရမှာပေါ့"

ထိုစကားကြားသောအခါ အတော်ပင်အားရှိလာလေ သည်။

"ဒီလိုဆိုရင်တော့ ကျတ်တွေကိုသာ နေရာရွှေ့အောင် လုပ်ပေးပါတော့၊ ကျုပ်တို့က ဒီနေရာမှာ နေရာထိုင်ရတာ အ တော်ကလေး အဆင်ပြေနေကြလို့ပါ"

ဟု တောင်းပန်ပြော ဆိုလေသည်။ ဆရာကြီးကလည်း ပြုလုပ်ပေးမည်ဟု ကတိဝန်ခံမှု ပြုလေသည်။

ထို့နောက်မှာတော့ ကျတ်ရွာကြီးအား ထိုနေရာအရပ် ဒေသမှ အခြားနေရာ အရပ်ဒေသတစ်ခုသို့ ပြောင်းရွှေ့ရန် အစီ အရင်များ ပြုလုပ်လေတော့သည်။

အတန်အသင့် သတ္တိကောင်းသော ရွာသားအချို့ကို ခေါ်ပြီး လူများနေထိုင်သော နေရာတဝိုက်အား ရာဇမတ်များ ကာရံခြင်း၊ ရွာနယ်နိမိတ်သတ်မှတ်ကာ လေးဖက်လေးတန် တိုင် များစိုက်ခြင်း၊ ပရိတ်ရေ ပရိတ်ကြိုးများဖြင့် တားဆီးခြင်းများကို ကြိုတင်ပြုလုပ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ကျတ်ရွာရှိသောနေရာတစ်ဝိုက်တွင် လေးဖက်လေးတန် ဖယောင်းတိုင်ကြီးများ ထွန်းကာ ညအချိန်ရောက်သောအခါ ကျတ်ရွာမှ ခေါင်းဆောင်များကို ခေါ်ယူလေသည်။

ညအချိန်ရောက်တော့ လူကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်တို့ ရောက်လာကြလေသည်။

"ဘယ်သူတွေလဲ"

"ကျုပ်တို့က ဒီနေရာနဲ့ သက်ဆိုင်တဲ့လူတွေပဲ"

"ဘာကြောင့် လူတွေကို အနှောင့်အယှက်ပေးတာလဲ"

"ကျုပ်တို့နေတဲ့နေရာကိုရောက်လာပြီး အနှောင့်အယှက်ပေးကြလို့ နှောင့်ယှက်ရတာပါ"

"ဒါဖြင့် ဒီနေရာကနေ နေရာရွှေ့ပေးကြပါ"

"ဒီနေရာက ကျုပ်တို့ ဘိုးဘွားတွေ လက်ထက်ကတည်းက နေလာကြတာမို့ နေရာမရွှေ့ပေးနိုင်ပါဘူး"

"ဒီလိုဆိုရင်တော့ ကျုပ်ကိုအဆိုးမဆိုနဲ့တော့၊ ကျုပ်ကတော့ လူတွေအတွက် လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးရမှာပါ"

"မလုပ်ပါနဲ့၊ ကျုပ်တို့က ဒီနေရာမှာ နှစ်ပေါင်းများစွာကတည်းက နေလာကြတာပါ၊ ဒီနေရာမှာနေကြတဲ့ မိသားစုတွေကလည်း အတော်များပါတယ်၊ ဒါကြောင့် တခြားနေရာမသွားပါရစေနဲ့"

"ခင်ဗျားတို့က ပရလောကသား ဘဝရောက်နေကြပြီ၊ ဒါကြောင့် လူတွေနဲ့ဝေးဝေးနေရာကိုသာ သွားနေကြပါ၊ ဒီနေရာတွေက နောက်ပိုင်းအချိန်ကာလတွေရောက်လာရင် နောက်





ထပ်နေမယ့်သူတွေလည်း ရောက်လာကြပေဦးမှာ၊ ဒါကြောင့် ဘေးလွတ်ရာကိုသာ ရွှေ့ပြောင်းပေးကြပါ"

ဟုပြောသောအခါ တော်တော်နှင့်မသွားသေးဘဲ . . ဆရာကြီးဦးဘိုးလူအား မကျေမနပ်ဖြင့် ကြည့်နေကြလေသည်။

အတော်ကြာတော့မှ ထိုနေရာမှ ထွက်သွားလေတော့သည်။

ဆရာကြီးလည်း နောက်တစ်နေ့ရောက်သောအခါမှာတော့ ကျတ်များနေထိုင်သော နေရာပတ်လည်သို့ ဆေးဖယောင်းတိုင်ကြီးများ ထွန်းခြင်း၊ ပရိတ်ရေများဖြင့် ပက်ဖျန်းခြင်း၊ ပရိတ်ကြိုးချည်များတားခြင်း၊ အင်းချပ်များ မြှုပ်နှံခြင်းများ ပြုလုပ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

# မရဏဂေဟာသားတို့ဆော်ရန်ပြီး

ဆရာကြီးဦးဘိုးလူနှင့်အဖွဲ့ ရွာသားအချို့တို့သည် နေ့ဘက်အချိန်ကတည်းက ပြုလုပ်သင့်သော ကိစ္စများကို ပြုလုပ်ထားခဲ့ပြီး ညအချိန်ရောက်တော့ အိမ်တစ်အိမ်ပေါ်မှာ လက်ဖက်ရည်သောက်ရင်းနှင့် စောင့်ကြည့်ကြလေသည်။

နေ့ဘက်အချိန်ကတည်းက ညအချိန်ရောက်သည်နှင့် တစ်ရွာလုံး မီးမထွန်းကြရန်နှင့် အသံများဆိတ်ငြိမ်နေစေရန် သော်လည်းကောင်း၊ နေဝင်ရီတရောအချိန်ရောက်သည်နှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြီးငယ်မရှိကြဘဲ မည်သူမှအိမ်အပြင်သို့ မထွက်ကြရန်လည်း ကြိုတင်မှာကြားထားပြီး ဖြစ်လေသည်။

ထို့ကြောင့် နေဝင်သွားပြီး မှောင်စပျိုးသည်နှင့် တစ်ရွာလုံး မီးရောင်လည်းမမြင်ရ၊ လူသံသူသံလည်း မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ယုတ်စွအဆုံး ခွေးဟောင်သံပင် မကြားရဘဲ လူသူမရှိသော ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်သွားပေတော့သည်။

ဦးဘိုးလူနှင့် ဦးဘတူတို့ကတော့ ရွာအစွန်ဘက်မှာရှိသော အိမ်တစ်အိမ်ပေါ်မှာ ရှိနေကြသည်။

၎င်းတို့နှင့်အတူ ရွာသားအချို့ကိုလည်း ခေါ်ထားသေးသည်။

နေ့လည်ပိုင်းကတည်းက ကျိုပေးထားသော လက်ဖက်ရည်ကိုသောက်ရင်း အပြင်ဘက်မှာ အခြေအနေကို စောင့်ကြည့်နေကြလေသည်။

ညဦးပိုင်းတလျှောက်လုံးမှာတော့ ထူးထူးခြားခြား မရှိလှပဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

အချိန်က လမိုက်ရက်ဖြစ်သဖြင့် ကောင်းကင်ပေါ်မှာ လရောင်မရှိပေ။ ကောင်းကင်ပေါ်မှာ ကြယ်ရောင်များရှိသည်ဆိုသော်လည်း သစ်ပင်သစ်တောများကြောင့် အလင်းရောင်က မရှိသလောက် ဖြစ်နေသည်။

နွေနှောင်းရာသီဖြစ်သောကြောင့်လည်း ကောင်းကင်ပေါ်မှာ တိမ်တိုက်များက ရွေ့လျားသွားလာနေကြရာ လင်းတစ်





လှည့် မှောင်တစ်ခါဖြစ်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ တောနက်အတွင်းမှ တောခွေးများအူသံ၊ ဟောင်သံများ ပေါ်ထွက်လာလည်။

တိတ်ဆိတ်ငြိမ်သက်နေသည့် အချန်မျိုးတွင် ထိုကဲ့သို့သော ခွေးတို့၏အူသံ၊ ဟောင်သံများ ကြားရခြင်းကပင် ချောက်ချားဖွယ်ရာ ဖြစ်ပေတော့သည်။

ဤသို့ဖြင့် အချိန်ကလည်း တဖြည်းဖြည်းနှင့်ညဉ့်နက်ပိုင်းအချိန် ကျော်လာပေပြီ။

သန်းခေါင်ယံအချိန်ကျော်တော့ ကြက်တွန်သံများနေရာအနှံ့မှ ကြားကြရသည်။ ကြက်တွန်သံများက ၎င်းတို့နေသောရွာဘက်မှ ကြားရခြင်းမဟုတ်ဘဲ တောထဲမှ ကြားရခြင်းဖြစ်သည်။ တောထဲမှာတော့ အိမ်မွေးကြက်များ မရှိပေ။

ရှိသည့် တောကြက်များက ကြက်တိန်ညင်များသာ ဖြစ်ကြလေသည်။ ကြက်တွန်သံများ ထူးထူးခြားခြားကြားတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြလေသည်။

ဆရာကြီး ဦးဘိုးလူကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် နားစွင့်နေလေသည်။

သန်းခေါင်ယံအချိန်ကျော်လာပြီး အာရုဏ်တက်ချိန်နီးလာသောအချိန်မှာတော့ ကြက်တွန်သံများသာမကတော့ဘဲ ခွေးဟောင်သံများ၊ လူသံသူသံများပါ ကြားလာရသည်။

"ဆကြပေ့ါ၊ ထကြ၊ ဒီကနေ့ ဒီနေရာကနေ အခြားနေရာကို ပြောင်းကြရမယ်၊ ပြင်စရာရှိတာပြင်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော နှိုးဆော်သံများ ပေါ်ထွက်လာသည်။

ထိုကဲ့သို့ နှိုးဆော်သံ ပေါ်လာပြီးသည့်နောက်မှာတော့ လူကြီးသံများအပြင်၊ ကလေးများငိုသံ၊ တစ်ဦးနှင့်တစ်ဦး ပြောဆိုနေသံများ၊ ပစ္စည်းများသိမ်းဆည်းနေသည့် အသံများပါ ကြားကြရသည်။

အချို့လည်း အမှောင်ထဲတွင် မီးတိုင်ကြီးများကိုင်ကာ တစ်နေရာမှတစ်နေရာ သွားလာနေကြသည်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

"ငါတို့ ဒီနေရာမှာနေခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ ဒီနေရာက ငါတို့ရွာ ငါတို့နေရာပဲ၊ ဘာကြောင့် နေရာရွှေ့ပေးရတာလဲ"

ဟု မကျေမနပ်ဖြင့်ပြောဆိုသံများ ပေါ်ထွက်လာသည်။

"တောစောင့်နတ်က ရွှေ့ခိုင်းလို့ ရွှေ့ပေးရမှာ"

"ငါတို့နေတာပဲ ကြာလှပေါ့၊ တောစောင့်နတ်က တစ်ခါမှ နှင်မထုတ်ဖူးပါဘူး၊ အခုမှ . ."

"တောစောင့်နတ်က နှင်တာမဟုတ်ဘူး၊ ဟိုဆရာက နှင်ခိုင်းလို့ နှင်ပေးရတာ"

"ငါတို့တစ်ရွာလုံး အတိဒုက္ခ ရောက်အောင်လုပ်တဲ့ ဆရာတော့ နေနှင့်ဦးပေါ့၊ တစ်နေ့နေ့ကျလို့ ငါတို့အလှည့်ကြုံလာရင်တော့ သေဖို့သာပြင်ထားပေတော့"

ဟူသော ကြိမ်းဝါးသံများအပြင် တောက်ခေါက်သံများ၊ မကျေမနပ်ဖြင့် ပြောဆိုရေရွတ်နေသံများကိုလည်း အတိုင်းသား





ကြားကြရပေသည်။

ထိုကဲ့သို့သောအသံများကို မကြားစဖူး ကြားကြရသောကြောင့် ရွာလူကြီး ဦးဘတူနှင့်ရွာသားများကတော့ ကြောက်ရွံ့နေကြသဖြင့် မျက်စိမျက်နှာ ပျက်နေကြလေသည်။

ဆရာကြီးဦးဘိုးလူကတော့ ကွမ်းတမြုံ့မြုံ့ဝါးနေရင်းမှ နားစွင့်နေလေသည်။

အာရုဏ်တက်ချိန်ရောက်တော့ . . ကြက်တွန်သံများ ပျောက်သွားပြီ၊ ခွေးဟောင်သံ၊ နွားအော်သံများ ပေါ်ထွက်လာသည်။

မရှေးမနှောင်းမှာပင် ပစ္စည်းများတင်သံ၊ ချသံများအပြင် လှည်းဝင်ရိုးမြည်သံများကိုပါ ကြားကြရသည်။

"သွားကြမယ်ဟေ့ . . နေမထွက်ခင် နောက်နေရာကို ရောက်အောင်သွားကြရမယ်"

ထိုသို့ပြောသံနှင့် မရှေးမနှောင်းမှာ ကလေးငိုသံများ၊ မကျေမနပ်ဖြင့် ကြိမ်းဝါးသံ၊ တောက်ခေါက်သံများကိုပါ အတိုင်းသား ကြားကြရသည်။

"တောက် . . နေနှင့်ဦးပေါ့ကွာ၊ နိုင်တုန်းကတော့ လုပ်ထားဦးပေါ့၊ တစ်နေ့ ငါတို့နိုင်ရတဲ့အချိန် ရောက်ရင်တော့ . . အသက်ကို ဖက်နဲ့သာထုပ်ထားပေရော့"

ထိုကဲ့သို့သော ကြိမ်းမောင်းပြောဆိုသံများ ပျောက်သွားပြီး နောက်မှာတော့ နွားငေါက်သံ၊ လှည်းဝင်ရိုးမြည်သံများ ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းသံများသည် တောင်ခြေဘက်မှာရှိသော တောနက်တစ်ခုရှိရာဘက်သို့ ဦးတည်လျက် သွားနေကြခြင်းဖြစ်သည်။ တစ်နေရာရောက်တော့ ရှေ့ဆုံးမှသွားနေသော လှည်းရှိရာမှ ဆူဆူညံညံအသံများ ပေါ်ထွက်လာပြန်သည်။

"ရပ်. . ရပ်ကြဦးဟ"

"ဘာဖြစ်လို့လဲ"

"ဒီလမ်းက ဆက်သွားလို့မရဘူး၊ ရှေ့မှာဘုရားရှိတယ်"

"ဒါဖြင့် ပြန်လှည့်ကြ. . ပြန်လှည့်ကြ၊ နောက်တစ်လမ်းက သွားကြမယ်"

ဟုပြောကာ လှည်းများပြန်လှည့်သော အသံများ ကြားကြရလေသည်။

၎င်းတို့ ဦးတည်သွားသောလမ်းတွင် ဘုရားပျက်တစ်ဆူ ရှိနေသောကြောင့် ပြန်လှည့်ကာ အခြားလမ်းမှသွားကြခြင်း ဖြစ်လေသည်။

ထိုနေရာတစ်ဝိုက်တွင် စေတီနှင့်ဘုရားပျက်အချို့ ရှိနေကြရာ နေရာရွှေ့ပြောင်းကြသော ကျွတ်တို့မှာ မကြာခဏ ရပ်တံ့ကာ ပြန်လှည့်ကြရလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မိုးလင်းစအချိန်သို့ ရောက်လာလေသည်။

ထိုအချိန်ရောက်တော့မှ ကြားနေရသော လှည်းသံ၊ လူသံ၊ နွားသံများမှာ တဖြည်းဖြည်း ပျောက်သွားကြလေတော့သည်။





ထိုအချိန်ရောက်တော့မှ ဦးဘတူတို့လည်း သက်ပြင်းချနိုင်ကြပေတော့သည်။

ဆရာကြီး ဦးဘိုးလူကလည်း ၎င်းပြုလုပ်ဆောင်ရွက်ပေးရမည့်ကိစ္စများ ပြီးသွားပြီဖြစ်သောကြောင့် ၎င်းနေသော ရွာသို့ ပြန်သွားလေတော့သည်။

ထိုကဲ့သို့ ကျွတ်များကို နှင်ထုတ်ပေးပြီးသည့်နောက်မှာတော့. . ဦးဘတူတို့ ရွာသူရွာသားများမှာလည်း အမှောင့်ပယောဂ အနှောင့်အယှက်များ ကင်းသွားပြီးနောက် ကောင်းမွန်စွာ နေကြရလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် လအနည်းငယ်ကြာသောအခါမှာတော့ ဆရာကြီးဦးဘိုးလူ နေထိုင်သော အိမ်သို့ လူနှစ်ယောက်ရောက်လာကြလေသည်။

နှစ်ယောက်စလုံး ကောင်းမွန်သော အဝတ်အစားများ ဝတ်ဆင်ထားပြီး မြင်းကိုယ်စီစီးပြီး လာကြခြင်းဖြစ်ပေသည်။

"ဒါ ဆရာကြီးဦးဘိုးလူ နေအိမ်ဟုတ်ပါသလားခင်ဗျာ"

"ဟုတ်ပါတယ်ကွယ်၊ လာကြပါ. . ဝင်ခဲ့ကြပါ"

ဟု ဖိတ်ခေါ်တော့မှ မြင်းနှစ်ကောင်ကို တစ်နေရာမှာ ကြိုးချည်ထားခဲ့ပြီး နှစ်ယောက်စလုံး အိမ်တွင်းသို့ ဝင်လာကြလေသည်။

"ဘယ်အရပ်က လာကြတာလဲ. .၊ ဘယ်လိုအကြောင်းကိစ္စများ ရှိလို့ပါလဲ"

"ကျွန်တော်တို့က ရွှေဘိုမှာနေကြတာပါ၊ စစ်ဘေးစစ်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ် ရောင်ရင်းနဲ့ ဒီအရပ်မှာလာပြီး နေကြတာပါ။ ကျွန်တော်တို့ ဖခင်ကြီး အတော်ကလေး မကျန်းမမာဖြစ်နေလို့ ဆရာကြီးကို လာပင့်တာပါ"

ဟု ရည်မွန်သောစကားဖြင့် ပြောလေသည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေပေပြီ။ ထိုကဲ့သို့သောအချိန်မျိုးရောက်မှ ခရီးဝေးကို လိုက်သင့်မလိုက်သင့် ချင့်ချိန်စဉ်းစားနေလေသည်။

ထိုအခြေအနေကို အကဲခတ်မိသဖြင့် လူရွယ်တစ်ယောက်က တောင်းပန်သောအသံဖြင့် ပြောဆိုလေသည်။

"ကျွန်တော်လည်း မလွဲသာလို့သာ ဆရာကြီးကို လာပင့်ကြတာပါ။ အတော်ကလေး အားနာမိပါရဲ့၊ ဖခင်ကြီးရဲ့ အခြေအနေကလည်း ဒီကနေ့ရောက်တော့မှ ကောက်ကာငင်ကာ ဖောက်လာလေတော့ ဆရာကြီးရှိတဲ့နေရာကို မေးမြန်းစုံစမ်းပြီး လာခဲ့ကြတာပါ"

"ဟုတ်ပါတယ် ဆရာကြီးရယ်၊ ဟိုမှာကြည့်ရှုစစ်ဆေးပြီးတော့ သင့်တော်တဲ့ဆေးဝါးပေးထားခဲ့ပြီးရင် ဆရာကြီးကို ကျွန်တော်တို့ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်၊ ဒီမှာ ခြေကြွခကိုလည်း ထိုက်တန်သလောက် ပေးပါ့မယ်ခင်ဗျာ"

ဟု ပြောဆိုတောင်းပန်ပြီးနောက် အသင့်ယူဆောင်လာသောအိတ်ကို ထုတ်ယူကာ သွန်ချပေးလေသည်။ ငွေဒင်္ဂါးများပင်ဖြစ်သည်။

ထို့ကြောင့် ဆရာကြီးလည်း မငြင်းသာတော့သဖြင့်





လိုက်၍ ကြည့်ရှုပေးရန်ပြောဆိုပြီး ဆေးလွယ်အိတ်နှင့် လိုအပ်သော ပစ္စည်းများကို ပြင်ဆင်လေသည်။

ဘုရားစင်ပေါ်မှာတင်ထားသော သိမ်ရှင်အပ်သုံးချောင်းကိုလည်း ခေါင်းပေါင်းအတွင်းဘက်၌ စိုက်ထည့်ပြီး ယူဆောင်လာခဲ့လေသည်။

ထို့နောက်မှာတော့ လူတစ်ယောက်က မြင်းကိုမှန်မှန်စီးကာ ရှေ့မှသွားလေသည်။

ဆရာကြီးကိုတော့ မြင်းပေါ်သို့တင်ကာ ကျန်တစ်ယောက်က ကြိုးဆွဲပြီးလိုက်လေသည်။ ၎င်းတို့နေသော ရွာနှင့်တဖြည်းဖြည်းဝေးလာပြီးနောက် လယ်ကွင်းများ၊ တောင်ယာစိုက်ခင်းအချို့နှင့် သစ်တောများကို ကျော်လာခဲ့လေသည်။

အချိန်ကလည်း နေဝင်သွားပြီဖြစ်သဖြင့် မှောင်စပျိုးလာချေပြီ။ လမ်းတစ်နေရာရောက်တော့ မီးရောင်များဖြင့် ရွာတစ်ရွာကို လှမ်းမြင်ရလေသည်။

ထိုရွာကိုမြင်တော့ ရောက်ခဲ့ဖူးသည်အထင်ဖြင့် မြင်းဆွဲလာသူကို လှမ်းမေးလိုက်သည်။

"ရှေ့မှာမြင်နေတာ ဘာရွာလဲကွယ့်"

"ကျွန်းကုန်းရွာပါတဲ့ ခင်ဗျာ"

ကျွန်းကုန်းရွာဟူသော အမည်ကိုကြားသောအခါမှာတော့ လွန်ခဲ့သည့် သုံးလေးလလောက်ကလာပြီး ကျတ်များကိုနှင်ပေးခဲ့ရသည့် အဖြစ်အပျက်များကို သတိပြန်ရလေသည်။

ထို့ကြောင့် ထပ်မေးလိုက်သည် ။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရင်တို့ရွာကရော အတော်ကလေး ဝေးသေးသလားကွယ့်"

"မဝေးတော့ပါဘူး ခင်ဗျာ၊ ဒီရွာကျော်တာနဲ့ ရောက်လုပါပြီ၊ ဟိုးရှေ့မှာလှမ်းမြင်နေရတဲ့ တောအုပ်က ကျွန်တော်တို့နေတဲ့နေရာပါပဲ"

ဟုပြောကာ ရှေ့တွင် မှိုင်းပျပျလှမ်းမြင် နေရသော တောအုပ်ရှိရာသို့ လက်ညှိုးထိုးပြလေသည်။

ထိုအခြေအနေမြင်တော့မှ သာမန်အခြေအနေ မဟုတ်မှန်း သတိပြုမိလာတော့သည်။

အချိန်ကလည်း . . တဖြည်းဖြည်းနှင့် အလင်းရောင်ပျောက်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ရီသမ်းလာခြေပြီ။

ထိုနေရာဘက်ရောက်လာတော့ ရွာကလည်း မရှိတော့ပေ။ ပတ်ဝန်းကျင်မှာ သစ်တောများသာ ဝန်းရံနေတော့သည်။

ကောင်းကင်ပေါ်မှာ လင်းစပြုနေသော လရောင်က သစ်တောများအပေါ်သို့ကျော်ပြီး မြေပြင်သို့ ကျလာလေသည်။

သစ်တောနှင့် မနီးမဝေးရောက်တော့ မြင်းဆွဲလာသူက မြင်းကိုရပ်ထားပြီး ဆရာကြီးကို အောက်သို့ဆင်းစေသည်။

ဆေးလွယ်အိတ်ကိုတော့ ယူပြီး အတော်မြင့်သော သစ်ပင်ပေါ်သို့ လှမ်းချိတ်ထားလိုက်သည်ကို ဆရာကြီးက လှမ်းမြင်လိုက်ရသည်။

(၁၅)ပေခန့်မြင့်သော သစ်ကိုင်းကို လက်တစ်ဖက်ဖြင့် လှမ်းချိတ်ရာ မှီလောက်သော လက်တံရှည်ကြီးကို သတိပြုမိ





လိုက်သည်။

"လက်စသပ်တော့ ငါ့ကို ကျတ်တွေကလှည့်စားပြီး ဒီနေရာရောက်အောင် ခေါ်လာခဲ့တာကိုး၊ ဒီကျတ်တွေဟာ ငါနှင်ထုတ်လိုက်တဲ့ ကျတ်တွေပဲဖြစ်မယ်ထင်တယ်၊ ဆေးလွယ်အိတ်ကလည်း သစ်ပင်ပေါ်ရောက်နေပြီ"

ဟု စဉ်းစားနေတုန်း နောက်ဘက်က တဟီးဟီး တဟားဟားနှင့် ရယ်သံကြီးကို ကြားရလေသည်။

"ဟား. . ဟား. . ဟား. . ဟား. . "

"ဟီး. . ဟီး. . ဟီး. . "

တိတ်ဆိတ်နေသောအချိန်ဖြစ်သောကြောင့် ရယ်သံကြီးက ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာခြင်း ဖြစ်လေသည်။

လှည့်ကြည့်လိုက်သောအခါမှာတော့ စောစောက နောက်ဘက်မှာ ရပ်နေသောသူမှာ အသွင်ပြောင်းသွားလေပြီ။

ဦးခေါင်းက တင်းတောင်းတစ်လုံးခန့် ကြီးထွက်လာပြီး ကိုယ်လုံးကလည်း ပုတ်ကြီးတမျှ ကြီးမားလာသည်။

သို့သော် ခြေဟ်လက်တံများက တိုလွန်းလှသောကြောင့် ပုတ်လုံးကြီးကို မြေပေါ်မှာလှိမ့်နေသကဲ့သို့ တလိမ့်လိမ့်နှင့် လိမ့်နေလေသည်။

မျက်လုံးနှစ်လုံးက အပြင်သို့ ပြူးထွက်နေပြီး ကျယ်လှသော ပါးစပ်ကြီးနှင့် တဟီးဟီးတဟားဟား ရယ်မောနေခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် ရှေ့မှာရှိနေသော နောက်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ကြောက်မက်ဖွယ်ရာအသံ ထွက်လာပြန်လေသည်။

"ငါတို့ကို နေစရာမရှိအောင်လုပ်ခဲ့တဲ့ ဆရာစုတ်၊ အခု တော့ ဘာတတ်နိုင်သေးလဲ၊ ငါတို့လက်က လွတ်နိုင်သေးရဲ့လား၊ ဒီညတော့ တစ်စစီဖြစ်ဖို့သာပြင်ပေတော့"

ထိုတစ်ယောက်ကတော့ ထန်းပင်တစ်ပင်ကဲ့သို့ အရပ် မြင့်လှပြီး လက်တံခြေတံကြီးများကလည်း ရှည်လျားလှပေသည်။

နီရဲနေသောမျက်လုံးနှင့် ရှည်လျားလှသော လျှာကြီးက အောက်သို့ တွဲလောင်းချထားလေရာ ဖျာတစ်ချပ်ဖြေချထား သည်နှင့်ပင် တူနေတော့သည်။

စောစောက သူတို့စီးလာသော မြင်းနှစ်ကောင်မှာလည်း အဝတ်စုတ်၊ ဖျာစုတ်များ ပတ်ထားသော ခေါင်းတလားကြီး နှစ်လုံးပင် ဖြစ်နေလေတော့သည်။

"ဟား . . ဟား . . ဟား . . ဟား"

"ဟီး . . ဟီး . . ဟီး"

"အခုတော့ ဘာတတ်နိုင်သေးလဲ . . ငါတို့လက်တွင်း ရောက်ရှိပြီ မဟုတ်လား"

ဟု ကျယ်လောင်စွာပြောလိုက်သည့်အသံကြီး တောထဲ သို့ပင် ပြန့်နှံ့သွားလေတော့သည်။

ထိုအသံကြီးကြောင့် တိတ်ဆိတ်ငြိမ်သက်နေသော တောတစ်တောလုံးမှာ အသက်ဝင်လာသကဲ့သို့ လှုပ်ရှားလာ လေတော့သည်။

လူသံသူသံများ ကြားလာရခြင်း၊ နေရာအနှံ့မှ မီးရောင်



များပေါ်လာလေရာ ပတ်ဝန်းကျင်ကို မြင်လာရလေတော့သည်။

ထိုနေရာမှာတော့ ရွာတစ်ရွာကဲ့သို့ အိမ်များမတွေ့ရပေ။

သစ်ပင်များအောက်မှာသော်လည်းကောင်း၊ ချုံများအ တွင်းမှာသော်လည်းကောင်း၊ သစ်ကိုင်းများ တောင်ပို့တောင် ကုန်းများပေါ်မှာ ထိုင်နေကြသော လူပေါင်းများစွာတို့ကို လှမ်း မြင်ရလေသည်။

ယောကျာ်း၊ မိန်းမ၊ ကလေး၊ လူကြီး လေးငါးရာထက် မနည်း ရှိနေကြသည်။

တစ်နေရာမှာတော့ ဒေါက်ထောက်ထားသော လှည်း များ၊ ကြိုးမဖြုတ်ရသေးသော နွားများလည်း တွေ့ရသည်။

ရွာပြောင်းသကဲ့သို့ တင်လာသော ပစ္စည်းများကတော့ လှည်းပေါ်မှာ တချို့ရှိနေပြီး အချို့လည်း လှည်းအောက်သို့ ချ ထားသည်။

အချို့လည်း သစ်ပင်ခြေရင်း၌သော်လည်းကောင်း၊ ချုံ များအနီး၌သော်လည်းကောင်း စုပုံထားသည်ကို တွေ့ရသည်။

အချို့မိန်းမများက ကလေးများကို နို့တိုက်နေကြသည် ကိုသော်လည်းကောင်း၊ အချို့မှာ သစ်ကိုင်းများတွင် ပုခက်များ ဆင်လျက် ကလေးသိပ်နေကြသည်။

အချို့လည်း မီးမွေးသူကမွေး၊ ထင်းရှာသူကရှာ၊ ရေခပ် သူကခပ်၊ အစားအသောက်ချက်ပြုတ်ရန် ပြင်ဆင်သူက ပြင်ဆင် နေကြသည်။

ခြုံပြီးကြည့်လျှင်တော့ ၎င်းတို့သည် နေရာအတည်တ



www.burmeseclassic.com

www.burmeseclassic.com



ကျမရသေးဘဲ တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းသွားလာနေကြဟန်တူလေသည်။

ထိုအချိန်မှာပင် သူ့ကိုခေါ်လာသော သရဲသဘက်နှစ်ကောင် အသံကြားသဖြင့် တောစပ်မှာရှိနေကြသူများက အားလုံးလှမ်းကြည့်ကြလေသည်။

"ပါလာပြီလားဟေ့"

"ပါလာရင်တော့ ငါတို့ကို နှိပ်စက်ခဲ့တဲ့ ဆရာစုတ်ကိုချက်ပြုတ်ပြီး စားကြတာပေါ့"

"ကောင်းတယ်ဟေ့. . ကောင်းတယ်၊ ဒီတစ်ခါတော့ ကလဲ့စားချေခွင့်ရပဟ"

ဟု ဝမ်းသာအားရ အော်ဟစ်ပြောဆို နေကြလေသည်။

ထိုအချိန်မှာပင် အဘိုးကြီးတစ်ယောက်က အပြင်သို့ထွက်လာပြီး အနားသို့ ရောက်လာလေသည်။

ပုံပန်းသဏ္ဍာန်မြင်ရုံနှင့် ကျွန်းကုန်းရွာမှာ တွေ့ခဲ့ရသော အဘိုးကြီးဖြစ်မှန်း ကောင်းစွာမှတ်မိလေသည်။

အဘိုးကြီးမျက်နှာမှာ ယခင်တွေ့ရသကဲ့သို့ မဟုတ်ဘဲ ဒေါသစိတ်ကြောင့် ပိုမိုကြောက်မတ်ဖွယ်ရာ ကောင်းနေလေသည်။ သူက ဦးဘိုးလူမျက်နှာကို စေ့စေ့ကြည့်ပြီး ပြောသည်။

"ငါတို့ကို မှတ်မိသေးရဲ့ မဟုတ်လား၊ မင်းနှင်ထုတ်ခဲ့လို့ နှစ်ပေါင်းများစွာနေခဲ့တဲ့နေရာကို စွန့်ပြီး ထွက်ပြေးလာကြရတာလေ၊ ငါတို့မှာ အခုထိ နေစရာမရသေးဘူး"

"ဒီစကားကြားရတာ စိတ်မကောင်းပါဘူး"





ဦးဘိုးလူက စိတ်ထဲမှာရှိသည့်အတိုင်းပင် ပြန်ပြောလိုက်လေသည်။

"မင်းကတော့ လုပ်တုန်းကလုပ်ခဲ့ပြီးမှ စိတ်မကောင်းဖြစ်နေတာကိုး၊ ငါတို့မှာတော့ ဒုက္ခတွေများလိုက်ကြတာ မပြောပါနဲ့တော့"

ဦးဘိုးလူကတော့ ငြိမ်သက်စွာနှင့်ပင် နားထောင်နေလေသည်။

"မင်းတို့လူတွေက ပရလောကသားတွေအကြောင်းကိုကြားဖူးရုံသာကြားဖူးပြီး၊ တကယ်လက်တွေ့ မကြုံဖူးကြတော့ ဘယ်သိကြပါ့မလဲ၊ ပရလောကသားတွေဆိုတာ ကိုယ့်နေရာမှာပဲ နေရတယ်၊ ကိုယ်ပြောင်းချင်တဲ့နေရာ ပြောင်းနေလို့မရဘူး၊ နေရာတိုင်းမှာ နေတဲ့သူတွေက ပြည့်နေကြတာချည်းပဲ၊

ဒါကြောင့် ဟိုနေရာသွားလည်းမရ၊ ဒီနေရာသွားလည်းနှင်ထုတ်ခံရနဲ့ ငါတို့မှာ ဒုက္ခတွေများနေကြတာ"

"ကျုပ် တကယ်ပဲ စိတ်မကောင်းပါဘူး"

"မင်းစိတ်မကောင်းလည်း အခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး၊ မင်းလည်း ငါတို့လက်ထဲရောက်နေပြီ သေဖို့သာပြင်ပေတော့"

ဟုပြောကာ အဘိုးကြီးက နောက်သို့ ပြန်လှည့်သွားလေတော့သည်။ ထိုအခါ သူ့ကိုခေါ်လာသော သရဲနှစ်ကောင်က ခြေကားရားလက်ကားရားနှင့် ရှေ့သို့တိုးလာလေသည်။

နာနာဘာဝနှစ်ကောင်မှာ ဆေးဆရာ၏ ဆေးလွယ်



www.burmeseclassic.com

www.burmeseclassic.com



အိတ် သစ်ပင်ပေါ်မှာ ချိတ်ထားပြီးဖြစ်သောကြောင့် မကြောက်မရွံ့ဘဲနှင့် တိုးလာကြခြင်း ဖြစ်သည်။

ထိုအခါ ဦးဘိုးလူက လှမ်းပြောလိုက်သည်။

"ငါက ဆေးဆရာတစ်ယောက်ဆိုတော့ လူတွေဒုက္ခရောက်နေရင် ကယ်တင်ပေးရမယ့် ဝတ္တရားရှိတယ်၊ ဒီတော့ ငါ့အပေါ်မှာ အပြစ်မယူကြနဲ့၊ ငါ့ကိုလည်း အနှောင့်အယှက်မပေးကြနဲ့"

ဟုလှမ်းပြောသော်လည်း သူရှိရာသို့ လာနေသော သရဲနှစ်ကောင်က ရပ်တံ့မသွားကြပေ။

မနီးမဝေးရောက်လာတော့မှ ဆရာကြီး ဦးဘိုးလူက ခေါင်းပေါင်းမှာ စိုက်ယူလာသော သိမ်ဝင်အပ်တစ်ချောင်းကို နှုတ်ယူပြီး ထောင်ပြလိုက်လေသည်။

"မိစ္ဆာကောင်တွေ ဒီမှာမြင်ကြရဲ့လားဟဲ့"

သိမ်ဝင်အပ်ကို မြင်သည်နှင့် ဦးဘိုးလူကို ဖမ်းစားရန်ဝင်လာသော သရဲသဘက်နှစ်ကောင်မှာ ကြောက်လန့်တကြားဖြင့် နောက်ဘက်မှာရှိသော သရဲသဘက်များ၊ ကျတ်များရှိရာသို့ ပြန်လှည့်ပြေးကြလေတော့သည်။

"ဘာဖြစ်တာလဲ . . ဘာဖြစ်လာတာလဲ"

"သူ့ဆီမှာ သိမ်ဝင်အပ်ပါလာတယ်၊ ပြေးကြ . . ပြေးကြ"

ဟုအော်သံကြီးကြားရပြီးနောက် မြောက်များလှစွာသော ကျတ်များမှာ အုပ်စုလိုက်တောထဲသို့ ဝင်ပြေးကြလေတော့သည်။ အော်သံဟစ်သံ၊ ကလေးငိုသံ၊ ခွေးဟောင်သံတို့မှာ တောတစ်





တောလုံး ဆူညံသွားလေတော့သည်။

ရှင်းတို့ပြေးသွားရာ လမ်းတလျှောက်မှာလည်း သစ်တောတိုးသံ၊ သစ်ကိုင်းကျိုးသံများ ဆူညံသွားလေသည်။

အချိန်အတော်ကြာတော့မှ အသံများဝေးပြီး ပျောက်သွားလေတော့သည်။ ထိုနေရာတစ်ဝိုက်မှာတော့ ကျတ်များအသုံးပြုသော ပစ္စည်းများက ကျန်ရစ်ခဲ့ကြလေသည်။

အချိန်ကလည်း ညဉ့်နက်ပိုင်းအချိန် ရောက်နေချေပြီ၊

ခရီးဆက်ရန်လည်းမသင့်တော့သဖြင့် ကျတ်များတင်ထားခဲ့သော မိမိဆေးလွယ်အိတ်ကို ပြန်ယူပြီးနောက် သစ်ပင်ကြီးတစ်ပင်၏ခွကြားတွင် တက်ရောက်နေရလေသည်။

တစ်ညလုံး ဘုရားတရားကိုသာ အာရုံပြုပြီးနေသဖြင့် နောက်ထပ် အနှောင့်အယှက်များနှင့်တော့ မတွေ့ရတော့ပေ။

အာရုဏ်တက်ချိန် ရောက်လာပြီး အလင်းရောင်ရလာသော အခါမှာတော့ သစ်ပင်များအောက်တွင် ကျတ်များပုံထားသော ပစ္စည်းများ၊ လှည်းများ၊ နွားများမှာ တဖြည်းဖြည်းနှင့် မှေးမှိန်ကာ ကွယ်ပျောက်သွားကြလေတော့သည်။

မိုးစင်စင်လင်းပြီး စိတ်ချရသော အခြေအနေရောက်တော့မှ ဆရာကြီးဦးဘိုးလူလည်း သစ်ပင်ပေါ်မှဆင်းကာ မိမိရွာသို့ ရောက်သည်အထိ ခြေလျင်ခရီးဖြင့် ပြန်ခဲ့ရပေသည်။

အိမ်သို့ပြန်ရောက်သောအခါ ကျတ်များပေးထားခဲ့သည့် ငွေဒင်္ဂါးများကို ဖြေကြည့်သောအခါ သစ်ရွက်များ ဖြစ်နေသည်ကို တွေ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့၌ရေးသားခဲ့သည့်အတိုင်း ပရလောကသားတို့ စုဝေးနေထိုင်သောနေရာကို ချင်းလူမျိုးတို့က "လူသေရွာ" ဟုခေါ်ကြပြီး ဗမာလူမျိုး အပါအဝင် လူအတော်များများကတော့ "ကျွတ်ရွာ" "ကျွတ်ကုန်း" ဟုသာ ခေါ်ဝေါ်ကြလေသည်။

တစ်နေရာနှင့် တစ်နေရာ အခေါ်အဝေါ်မတူကြသော်လည်း "ပရလောကသားများ စုဝေးနေကြသည့်နေရာ"ဟူသော အဓိပ္ပာယ်ကတော့ အတူတူပင်ဖြစ်ပေသည်။





# အခန်း (၅)

## မမျှော်လင့်ဘဲဆုံတွေ့ရသော ရင်ခုန်ပန်း

မြန်မာနိုင်ငံအတွင်း အမြင့်ဆုံးတောင်တန်းကြီးများ အများဆုံးရှိသောနေရာမှာ မြောက်ပိုင်းဒေသများ ဖြစ်ကြသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှင်းပြည်နယ်တို့တွင် အမြင့်ဆုံးတောင်တန်းကြီးများ ရှိကြသည်။

ကချင်ပြည်နယ်တွင် ပေပေါင်း(၁၉၃၀၅)ပေ အမြင့်ရှိသော ခါကာဘိုရာဇီတောင်မြင့်ကြီး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်းပြည်နယ်အတွင်းမှာလည်း ပေပေါင်း(၁၀၂၀၀)ရှိသည့် ဝိတိုရိယတောင်မြင့်ကြီး ရှိသည်။

ရှမ်းပြည်နယ်ဘက်မှာလည်း မြင့်မားသော ရှမ်းတောင်တန်းကြီးများ ရှိနေကြသည်။

ချင်းပြည်နယ်သည် တောင်တန်း၊ တောင်မြင့်ကြီးများ၊ သစ်တောကြီးများက နေရာအတော်များများတို့တွင် နေရာယူထားကြသောကြောင့် မြေပြန့်နှင့်အဆက်အသွယ် ခက်ခဲသော နေရာလည်း ဖြစ်ခဲ့ပေသည်။

တိဗက်နိုင်ငံသည် မြင့်မားသော တောင်မြင့်ကြီးများ ထိပ်ပေါ်တွင် တည်ထားသောကြောင့် ကမ္ဘာ့ခေါင်မိုးမြို့တော်ဟု တင်စားခေါ်ဝေါ်ကြသည်။

သို့ဆိုပါက ပေတစ်သောင်းကျော်မြင့်သော တောင်တန်းကြီးများပေါ်မှာရှိသော ချင်းပြည်နယ်ကိုလည်း မြန်မာနိုင်ငံ၏ ခေါင်မိုးနေရာဟု တင်စားခေါ်ဝေါ်သင့်ပေသည်။

ချင်းတောင်တန်းကြီးများမှာ ရှေးအခါက အသွားအလာခက်ခဲသောကြောင့် ရှေးအခါကတည်းက လူနေထိုင်မှုနည်းပေသည်။ ပြည်နယ်တစ်ခုလုံးမှာမှ ခရိုင်(၂)ခုနှင့်၊ မြို့နယ်(၉)ခုသာ ရှိပေသည်။

အချို့မြို့နယ်များမှာ မြို့စာရင်း သွင်းထားသော်လည်း တကယ်တမ်းတွင် ကျေးရွာအဆင့်သာ ရှိကြလေသည်။

ထို့ပြင် မြို့နယ်တွင်းမှာရှိကြသော ကျေးရွာများမှာလည်း အိမ်ခြေနည်းကြလေသည်။





အချို့သောတောင်ထဲမှာ နှစ်အိမ်၊ သုံးအိမ်ဖြင့် ရွာတည်ထားသည်မျိုးလည်း ရှိကြလေသည်။

ချင်းတောင်တန်းများပေါ်မှာ လူနေနည်းပြီး ကျဲရသောအကြောင်းရင်းမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်ကတစ်ကြောင်းအပြင် အင်္ဂလိပ်များ ဝင်ရောက်လာစဉ်က ချင်းပြည်နယ်အတွင်းမှာရှိကြသော ကျေးရွာများကို ဖျက်ဆီးပစ်ခဲ့ကြခြင်းလည်း တစ်ကြောင်းအပါအဝင် ဖြစ်ပေသည်။

(၁၉၁၇)ခုနှစ် ဝန်းကျင်လောက်က ချင်းအမျိုးသားတစ်ထောင်ကျော်တို့အား ဖမ်းဆီးပြီး အလုပ်သမားများအဖြစ်ဖြင့် ပြင်သစ်ပြည်သို့ ပို့ခဲ့သည်။

ဗြိတိသျှအစိုးရက ၎င်းတို့အား ပုန်ကန်တော်လှန်နေကြသူများကို ဖမ်းဆီးပြီး ပြည်နှင်လိုက်ခြင်းပင် ဖြစ်သည်။

သို့သော်လည်း တော်လှန်ရေး အရှိန်က ရပ်တန့်မသွားခဲ့ပေ။ နေရာအနှံ့အပြားတွင် တော်လှန်ပုန်ကန်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြသည်။

ထို့ကြောင့် ဗြိတိသျှတပ်များက ဟားခါးနယ်မှ ကျေးရွာပေါင်း (၁၈)ရွာကိုသော်လည်းကောင်း၊ မင်းတပ်နယ် ကြန်ရွာနှင့် ဟုန်းသာရွာတို့ အပါအဝင် ရွာအတော်များများတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ထို့ပြင် ၎င်းတို့ဗြိတိသျှတပ်များကို တော်လှန်ပုန်ကန်သောရွာများ၊ နေရာများကိုလည်း မြေလှန်ဖျက်ဆီးခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးတတည်းကပင် နေထိုင်သူ လူဦးရေနည်းခဲ့သော ချင်းပြည်နယ်မှာ အင်္ဂလိပ်များမရှိတော့သည့် နောက်ပိုင်းမှာလည်း စည်ကားတိုးတက်မှု နှေးကွေးခဲ့ပေသည်။

လွတ်လပ်ရေးရပြီးစ အချိန်ကာလရောက်သည်အထိ သီးခြားနေရာဒေသတစ်ခုကဲ့သို့ ဖြစ်နေခဲ့သည်။

ထိုအခြေအနေကပင် ချင်းပြည်နယ်အတွင်း နေထိုင်ကြသူများအတွက် အေးချမ်းမှုပိုမိုရနေကြသည်ဆိုတာ မမှားပါချေ။

လွတ်လပ်ရေးရပြီးစ အချိန်ကာလတွင် စိမ်းညို့နေသော သစ်တောကြီးများက သဘာဝအတိုင်း ရှိနေကြသည်။

ဘယ်နေရာကြည့်ကြည့် မှိုင်းညို့နေသော တောင်မြင့်ကြီးများ၊ တောင်တန်းကြီးများနှင့် စိမ်းညို့နေသော သစ်တောကြီးများကိုသာ တွေ့မြင်နိုင်ကြသည်။

ထိုနေရာ ထိုဒေသမှာ နေကြသူများကလည်း ရိုးသားကြသည်။ အေးချမ်းမှုကို လိုလားကြသည်။

တောင်ယာလုပ်ခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းနှင့် နွားမွေးခြင်းအလုပ်များကို လုပ်ကိုင်စားသောက်ကြသည်။

စီးပွားရေးကောင်းသူများကတော့ စားကျက်ကောင်းသောနေရာများတွင် ခြံကျယ်ကြီးများခတ်ကာ နွားနောက်များ မွေးမြူထားကြသည်။

နွားနောက်အကောင်အရေအတွက် များများမွေးထားနိုင်လျှင်တော့ ထိုအရပ်ဒေသတွင် စီးပွားရေးချောင်လည်သူ





တစ်ယောက်ဖြစ်မှန်း မပြောဘဲနှင့် သိနိုင်ကြပေသည်။

ချင်းပြည်နယ်၏ မြောက်ပိုင်းဒေသမှာ သာမန်နေရာတို့ထက် ပိုပြီးခေါင်သောနေရာဖြစ်သည်။

ပေပေါင်း(၈၇၆၅)ပေမြင့်သော နော်ကိုဗန်တောင်မြင့်ကြီး၏ မြောက်ဘက်တွင် ရွာမရှိသလောက် နည်းပါးသွားလေသည်။ ဟိုဘက်တွင် ဟီယန်းဖီရှိပြီး ထိုမှကျော်လျှင် အိန္ဒိယနယ်စပ်သာ ရှိတော့သည်။

ဟီယန်းဖီတောင်၏ အနောက်ဘက်တွင် နယ်ခြားဒေသရောက်သည်အထိပေါက်သော မြစ်တစ်စင်းရှိသည်။

နော်ကိုဗန်မြစ်ဟုပင် အလွယ်တကူခေါ်ကြသည်။

မြစ်၏အနောက်ဘက်တွင် ကျီးခါး၊ မော်ထွန်းစသော ရွာများရှိပြီး မြစ်၏အရှေ့ဘက်မှာတော့ လေပီရွာ ရှိသည်။

လေပီရွာသည် အတော်အသင့် စည်ကားသော ရွာတစ်ရွာဖြစ်ပြီး နေထိုင်ကြသူလည်း အတော်ပင်များသည်။

စီးပွားရေးအခြေအနေ ကောင်းသူအချို့လည်း ရှိကြလေသည်။ ထိုအထဲတွင် ဦးဗန်ဟော့တို့မိသားစုလည်း အပါအဝင်ဖြစ်သည်။

ဦးဗန်ဟောက အသက်(၆၀)ခန့်ရှိပြီး မိန်းမဖြစ်သူ ဒေါ်ချယ်လောက အသက်(၅၀)ကျော်အရွယ်ခန့် ရှိပေပြီ။ သူတို့လင်မယားတွင် အရွယ်ရောက်နေပြီဖြစ်သော သမီးတစ်ယောက်၊ သားတစ်ယောက်ရှိသည်။ သမီးအကြီးအမည်က "ချယ်နီ"ဖြစ်ပြီး (ချင်းအမည်ရှိသော်လည်း' ချယ်ရီဟုသာ ခေါ်ဝေါ်ကြသည်။ )



www.burmeseclassic.com

www.burmeseclassic.com

သူမမှာ အသက်(၂၃)နှစ်အရွယ် ရောက်နေပေပြီ။

ရုပ်ရည်ချောမောသလို မာနကြီးသူတစ်ဦးလည်း ဖြစ်သည်။

မိဘက စီးပွားဥစ္စာပြည့်စုံသဖြင့် တော်ရုံလူပျိုကာလသားတို့ အနားမကပ်နိုင်ကြပေ။

သားဖြစ်သူ ရမ်မန်းက အသက်(၂၀)ကျော်လောက်သာ ရှိသေးသည်။

ဦးဗန်ဟေတို့ မိသားစုမှာ လေပီရွာတွင် စီးပွားဥစ္စာ အချမ်းသာဆုံး ရှိကြလေသည်။

သူတို့ပိုင်သော တောင်ယာစိုက်ခင်း များစွာရှိသည်။

သိုး၊ ဆိတ်၊ ဝက်၊ ကြက်အကောင်များစွာ မွေးမြူထားသည်။

ဦးဗန်ဟေ၏ ချမ်းသာကြွယ်ဝမှု အကြောင်းရင်းထဲတွင် နွားနောက် အကောင်အတော်များများ ပိုင်ဆိုင်ထားခြင်းလည်း အကြောင်းရင်းတစ်ခု ပါဝင်လေသည်။

ချင်းပြည်နယ်အတွင်း နေထိုင်ကြသူများအတွက် နွားနောက်သည် မရှိမဖြစ် သတ္တဝါတစ်မျိုး ဖြစ်သည်။

မိန်းမတောင်းလျှင်သော်လည်းကောင်း၊ သာရေးနာရေးအတွက်သော်လည်းကောင်း၊ နတ်ပူဇော်ပသရန်အတွက်သော်လည်းကောင်း၊ ဘွေသဲ အပါအဝင် အခြားပွဲများ ကျင်းပကြရန်အတွက်သော်လည်းကောင်း နွားနောက်သားဖြင့် ကျင်းပပြုလုပ်ကြသည်။





ထို့ကြောင့် သူတို့အရပ်တွင် နွားနောက်သည် မရှိမဖြစ် သတ္တဝါမျိုး ဖြစ်သည်။ အိမ်တိုင်းလိုလို နွားနောက်ကို မွေးမြူထားကြလေသည်။

ရွာထဲတွင် နွားနောက်အများဆုံး ပိုင်ဆိုင်သူကို လူချမ်းသာ သို့မဟုတ် သူဌေးစာရင်းသွင်း၍ ပြောဆိုဆက်ဆံကြလေသည်။

ဦးဗန်ဟေက ၎င်းပိုင်ဆိုင်သော နွားနောက်များကို ရွာနှင့် မနီးမဝေး နောက်ကိုဗန်တောင်ခြေတစ်နေရာ၌ ခြံကျယ်ကြီးတစ်ခြံဖြင့် ထားသည်။

ထိုနေရာသည် သစ်တောများ၊ မြက်ခင်းပြင်များ ရှိသဖြင့် စားကျက်ကောင်းသည်။

ထို့ကြောင့် ဦးဗန်ဟေပိုင်ဆိုင်သော နွားနောက်များမှာ နှစ်စဉ်အကောင်ရေ တိုးပွားနေလေသည်။

နွားခြံကိုတော့ ခြံစောင့်နှင့်အလုပ်သမားများထားသည်။

သို့သော်လည်း ချယ်ရီနှင့် ရမ်မန်တို့က တစ်ယောက်တစ်လှည့်စီ သွားရောက်ကြည့်ရှုကြရခြင်း၊ နို့ညှစ်ခြင်း၊ ထောပတ်၊ ဒိန်ခဲပြုလုပ်သော အလုပ်များကိုလည်း အလုပ်သမားများကပင် ပြုလုပ်ကြသည်ဆိုသော်လည်း ချယ်ရီတို့ မောင်နှမနှစ်ယောက်ကတော့ တစ်ယောက်တစ်လှည့်စီ သွားရောက်ကြည့်ကြရသည်။

ဦးဗန်ဟေနှင့် ဒေါ်ချယ်လောတို့ကတော့ အသက်အရွယ်ကြီးပြီဖြစ်သဖြင့် ထိုအလုပ်များကို မလုပ်တော့ဘဲ သား



www.burmeseclassic.com

www.burmeseclassic.com



သမီးများဖြင့်သာ လွှဲထားလေတော့သည်။

သို့သော်လည်း ရမ်မန်းက ထိုအလုပ်ကို စိတ်မပါပေ။

လူပျိုလူရွယ်ဖြစ်လာပြီ ဖြစ်သောကြောင့် မိန်းမပိုးခြင်း၊ အပေါင်းအသင်းများနှင့် သွားလာခြင်း၊ တူမီးသေနတ်ယူပြီး အမဲလိုက်ခြင်း စသောအလုပ်များကိုသာ စိတ်ဝင်စားလေသည်။

တစ်နေကုန် နွားခြံမှာ သွားနေရသည်ကိုတော့ စိတ်မဝင်စားလှပေ။ ဖခင်ဖြစ်သူက ဆူပူကြိမ်းမောင်းပြီး စေလွှတ်မှသာ တစ်ခါတစ်ရံ သွားလေသည်။

သူသွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ နေ့စဉ်သွားရောက်ကြည့်ရှုရသည်ကတော့ ချယ်ရီပင် ဖြစ်ပေသည်။

နေ့စဉ်လိုလို နံနက်လင်းပြီး နှင်းကွဲစအချိန်ကတည်းက နွားခြံသို့ရောက်ပြီး လိုအပ်သောအလုပ်များကို စီစဉ်ညွှန်ကြားပေးရသည်။

တစ်ခါတစ်ရံလည်း ကိုယ်တိုင်ဝင်လုပ်ပေးရသည်မျိုးလည်း ရှိပေသည်။

အချိန်ကာလမှာ (၁၉၄၉)ခုနှစ် ဝန်းကျင်ကာလ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗြိတိသျှနယ်ချဲ့များ၊ ဖက်ဆစ်ဂျပန်များ မရှိကြတော့ဘဲ နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်ဘဝမှ လွတ်မြောက်ကာစ အချိန်လည်း ဖြစ်ပေသည်။

လွတ်လပ်ရေးရပြီးစ အချိန်ပင် ဖြစ်၏။

လွတ်လပ်ရေး ရပြီးစအချိန်တွင် ပြည်နယ်ပြည်မများဘက်တွင် ဂိုဏ်းဂဏများကွဲပြီး အာဏာလုပွဲများကြောင့် မငြိမ်မ





သက် ဖြစ်နေကြသော်လည်း တောင်တန်းဒေသများဘက်မှာတော့ ထိုကိစ္စမျိုးတွေမရှိဘဲ ကိုယ့်အလုပ်ကိုယ်လုပ်နေကြပေပြီ။

(၁၉၄၉)ခုနှစ် မေလဆန်းကတည်းက နှင်းကျမှုကသိသိသာသာ လျော့နည်းသွားလေပြီ။ တောင်မြင့်ကြီးများပေါ်မှာ ဖွေးဖွေးဖြူအောင် ရှိနေကြသော နှင်းခဲများအရည်ပျော်ကျစအချိန် ဖြစ်ပေသည်။

တောင်များပေါ်မှာ ဖုံးနေသောနှင်းခဲများ အရည်ပျော်ကျစအချိန် ဖြစ်သဖြင့် တောင်ဇလပ်ပန်းတို့ ရောင်စုံဖူးပွင့်လာကြသည်။

တောင်များပေါ်မှာလည်း တောင်ဇလပ်ပန်းများ သာမကဘဲ အခြားပန်းမျိုးစုံတို့ တစ်ပြိုင်နက်တည်း ဖူးပွင့်ကြသောအချိန်ဖြစ်သောကြောင့်လည်း ပန်းတောင်တန်းကြီးများသဖွယ်ဖြစ်နေပေတော့သည်။

ထိုအချိန်မျိုးရောက်လျှင် ချင်းတောင်တန်းကြီးများမှာအလှချင်းပြိုင်လျှက် ချင်းပြည်နယ်တစ်ခုလုံး လှပနေပေတော့သည်။

ချယ်ရီသည် နံနက်စောစောကတည်းက နွားခြံသို့ရောက်နေပြီး အလုပ်သမားများနှင့်လုပ်ရာ နေရောင်ခြည်ရလာသောအချိန်မှာတော့ ပြီးသလောက်ရှိသွားပေပြီ။

ထို့ကြောင့် နွားခြံနှင့်မဝေးလှသော တောင်စောင်းတစ်နေရာထိပ်ရှိ တောင်ဇလပ်ပင်ကြီးအောက်တွင် သွားရောက်ထိုင်ရင်း သီချင်းဆိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမထိုင်နေသော တောင်ဇလပ်ပင်ကြီးမှာ တစ်ပင်လုံး ပန်းများပွင့်နေသောကြောင့် နီရဲနေလေသည်။

ထို့ပြင် မနီးမဝေးမှာ ချယ်ရီပင်ကြီးလည်း ရှိသည်။

အနီရောင်ပန်းများပွင့်သော ကသစ်ပင်ကြီးလည်း ရှိသည်။

အဖြူရောင်ပန်းများဖြင့် လှပနေသော စွယ်တော်ပင်ကြီးလည်း ရှိသည်။

ထို့ပြင် ထာလ်သစ်ပင်ကြီး တစ်ပင်လည်း ရှိသေးသည်။

ထို့ကြောင့် ဘယ်နေရာကြည့်ကြည့် ပန်းရောင်စုံများဖြင့် လှပတင့်တယ် နေလေတော့သည်။

သူမ ထိုင်နေသော တောင်စောင်းပေါ်မှ လှမ်းမျှော်ကြည့်လျှင် မြွေတစ်ကောင်ကဲ့သို့ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေသော နော်ကိုဗန်မြစ်ကြီးကိုသော်လည်းကောင်း၊ တောင်ကြားတွင် စီးဆင်းနေသော အခြားချောင်းများကိုသော်လည်းကောင်း လှမ်းမြင်နေရသည်။

ချယ်ရီသီဆိုနေသောသီချင်းမှာ. . လာမ်ပလတ် (Laampalaak) သီချင်းပင် ဖြစ်၏။ ထိုသီချင်းသည် ယောက်ျားလေးဖြစ်စေ မိန်းကလေးဖြစ်စေ မိမိခံစားမှုကို ဖော်ထုတ်ရာတွင် သီဆိုလေ့ရှိကြသည်။ သီချင်း၏ အဓိပ္ပာယ်မှာ. . .

“တောင်တန်းများပေါ်တွင်၊ သစ်ပင်ပန်းပင်များပေါ်တွင် အပွင့်ကလေးများ ပြန်လည်ဖူးပွင့်နေကြမည်။ မိမိတို့လည်း ထိုနည်းတူစွာ ပြန်လည်ဖူးပွင့်ကြမည့်အချိန် ရောက်မည်။ ချဉ်



သောဆီးသီးနှင့် အေးမြသော သောက်ရေအဖြစ်၊ တို့နှစ်ဦး ဖန်ဆင်း၍ရခဲ့သော လမ်းနံဘေးမှာ ဆီးသီးပင်အဖြစ် အတူရပ်နေကြပေမည်”

ဟူ၍ဖြစ်ပေသည်။

ထိုကဲ့သို့ သီချင်းဆိုနေစဉ် သူမရှိနေသောနေရာနှင့် မနီးမဝေးမှ တောတိုးလာသော ခြေသံကိုကြားရလေသည်။

လှည့်ကြည့်လိုက်တော့ တောထဲမှ လူရွယ်တစ်ယောက် ထွက်လာလေသည်။

တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော မျက်နှာစိမ်း တစ်ဦးဖြစ်သည်။

ပုံပန်းသဏ္ဌာန်ကြည့်ရသည်ကတော့ ချင်းလူမျိုးတစ်ယောက် ဖြစ်ဟန်ရှိသည်။

သူက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာပြီး မနီးမဝေး နေရာမှာ ရပ်လိုက်သည်။

“နင် ဘယ်သူလဲ”

“ငါ့နာမည် ချဉ်ထန်လို့ ခေါ်တယ် နောက်နာမည်တစ်ခုလည်း ရှိသေးတယ် နော်ကိုဗန်”

“နော်ကိုဗန်ဆိုတာ တောင်ရဲ့နာမည်၊ မြစ်ရဲ့နာမည်ပဲ”

“ဟုတ်တယ် ငါ့မိဘတွေက တောင်လိုမြင့်ပြီး၊ မြစ်တစ်စင်းလို ဝေးဝေးသွားနိုင်အောင် နော်ကိုဗန်လို့ ပေးထားကြတာပါ၊ ငါက မြစ်ရဲ့အနောက်ဘက် ဒမ်ဟာရွာမှာ နေပါတယ်”

ဟု ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ စိတ်ထဲမှာတော့ ဒမ်ဟာရွာအမည်ကို ကြားဖူးသော်လည်း ရှေ့မှာရောက်နေသော နော်ကိုဗန်ကိုတော့ မတွေ့ဖူး၊ မမြင်ဖူးသေးပေ။

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"ဆွယ်လီ"

ချယ်ရီက အမည်တစ်ခုကို ပြောလိုက်သည်။

"နင် သီချင်းဆိုတာ အတော်ကောင်းတယ်၊ အသံကလည်းကောင်းတယ်၊ ငါ အမဲလိုက်ရင်းနဲ့ ဒီဘက်ရောက်လာတော့ နင်ဆိုနေတဲ့သီချင်းသံကြားတာနဲ့ လာခဲ့တာ"

ဟု ပြောပြီး မနီးမဝေးမှာရှိနေသော သစ်တုံးတစ်တုံးပေါ်မှာ ဝင်ထိုင်လေသည်။

နော်ကိုဗန်ဟူသော တောင်နာမည် ပေးထားသော လူရွယ်မှာ ချယ်ရီနှင့် သက်တူရွယ်တူခန့်သာ ရှိသေးပြီး ရုပ်ရည်နှင့် ဟန်အမူအယာကလည်း လိုက်ဖက်မှုရှိသည်။

အပြောအဆိုကလည်း ကောင်းသဖြင့် ချယ်ရီကလည်း ယခုမှပင် တွေ့ကြသည်ဆိုသော်လည်း စကားပြောဖော်အဖြစ် လက်ခံပေးလိုက်ခြင်း ဖြစ်ပေသည်။

"နင်က ဘယ်ရွာမှာနေတာလဲ"

"လေဗီရွာမှာ နေတယ်"

"အော် မြစ်ဆာစ်ဖက်ကမ်းစီနေကြတာပဲ၊ ဒါထက် ဒီမှာ ဘာလုပ်နေတာလဲ"

"နွားကျောင်းနေတာ၊ ဟိုမှာလှမ်းမြင်နေရတဲ့ နွားခြံမှာ





နွားကျောင်းနေတာ"

ချယ်ရီက နွားခြံပိုင်ရှင်သမီးဟုမပြောဘဲ နွားကျောင်းနေသည်ဟုသာ ပြောလိုက်လေသည်။

နော်ကိုဗန်ကတော့ နွားခြံရှိသောနေရာသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး စိတ်ဝင်စားပုံမရပေ။

သူစိတ်ဝင်စားနေသည်က ရှေ့မှာရှိနေသော ချယ်ရီကိုသာ ဖြစ်လေသည်။

"ဒါဖြင့် နင်ဒီနေရာမှာ အမြဲလာပြီး နွားကျောင်းနေတာပေါ့နော်၊ ငါလည်း ဒီနေရာတွေကို မကြာခဏရောက်တယ်၊ တကယ်လို့ နောက်တစ်ခါဆုံဖြစ်ရင်လည်း ငါနင့်ဆီကို လာပြီး စကားပြောမယ်"

ချယ်ရီကတော့ ခေါင်းမညိတ်၊ ခေါင်းမခါနှင့် ဒီအတိုင်းသာ ကြည့်နေလေသည်။

နောက်တော့ နော်ကိုဗန်ဆိုသောလူရွယ်က သူမကို နှုတ်ဆက်ပြီး ပြန်သွားလေတော့သည်။

အပြင်ဘက်မှာ သစ်ပင်များ၊ ပန်းပင်များက လေတိုးနေသောကြောင့် ယိမ်းထိုးလှုပ်ရှား နေကြလေသည်။

ချယ်ရီဆိုသော မိန်းမပျိုတစ်ဦး၏ ရင်ထဲမှာတော့ လေမတိုက် မိုးမရွာပါဘဲနှင့် လှုပ်ရှားလျှက် ကျန်ရစ်ခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

## ချစ်ခြင်းမေတ္တာနှင့် စလေ့ထုံးတမ်းများ

ရင်ခတ်ပန်းဆိုသည်မှာ မမျှော်လင့်ဘဲ ရင်ကိုလှုပ်ခတ်ခဲ့သော နူးညံ့သည့် အတွေ့အကြုံတစ်ခုပင်ဖြစ်၏။

ထိုအတွေ့အကြုံကိုပင် နူးညံ့သောပန်းဖြင့် တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်ပေသည်။

"တွေ့စကပင် မငြင်းခဲ့သော် ကြာသော်မေ့မရ၊ အတွေးလှလှကလေးများနှင့်အတူ ကြာသောအခါ ချစ်သူ့ဘဝရောက်ကြရသည်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သီချင်းအတိုင်းပင်၊ ချယ်ရီ့ဘဝက ထိုကဲ့သို့ အခြေအနေမျိုး ရောက်ခဲ့ရပေတော့သည်။

စတင်တွေ့ကတည်းက သူပြောသမျှ မငြင်းပယ်ခဲ့သဖြင့် နောက်ပိုင်းမှာလည်း "နော်ကိုဗန်"တစ်ယောက် သူမရှိရာသို့ မကြာခဏ ရောက်လာလေ့ရှိသည်။

မလာလျှင်သော်မှ ချယ်ရီစိတ်ထဲမှာ တစ်ခုခုကို မျှော်နေသကဲ့သို့ ခံစားရသည်။

ဒါကပင် ချစ်ခြင်းမေတ္တာ၏အစပင် ဖြစ်၏။

တစ်နေ့တော့ နှစ်ယောက်တည်းတွေ့ရခိုက် နော်ကိုဗန်က ချစ်စကားပြောသည်။

"ဆွယ်လီ ငါတော့ နင့်ကိုချစ်မိနေပြီ၊ နင့်ကိုမမြင်ရ မတွေ့ရရင်တောင် မနေနိုင်လောက်အောင် ဖြစ်နေမိပြီ၊ နင်သဘောကရော ဘယ်လိုရှိသလဲ"

"ဒါပေမယ့် နင်ရဲ့အကြောင်းတွေကိုလည်း ငါက ဘာမှ မသိရသေးဘဲနဲ့ နင်ပြောတာကို ဘယ်လိုလက်ခံလို့ဖြစ်မလဲ"

"ငါတို့က မြစ်ရဲ့အနောက်ဘက်ကမ်းမှာရှိတဲ့ ဒမ်ဗာရွာမှာနေကြတယ်၊ ငါ့မိဘတွေက တောင်ယာစိုက်တယ် နွားနောက်တွေမွေးထားတယ်၊ ငါတို့မှာ မောင်နှမသုံးယောက် ရှိတယ်. . ၊ အစ်မကြီးက ယောက်ျားရသွားပြီ၊ ငါနဲ့ညီမလေးက လူပျို အပျိုတွေပဲ ရှိသေးတယ်၊ ငါ့ပြောတာတွေကိုမယုံရင် နင် လူလွှတ်ပြီး စုံစမ်းကြည့်ပါ"

ဟု ပြောပြလေသည်။





ချယ်ရီစိတ်ထဲမှာတော့ "သူ့ဘက်ကမှန်လို့သာ အခုလို ရဲရဲတင်းတင်း ပြောနေတာဖြစ်မှာပဲ" ဟု တွေးလိုက်မိသည်။

နောက်ပိုင်းမှာလည်း နော်ကိုဗန်နှင့်ချယ်ရီတို့ နှစ်ယောက်မှာ တောင်ဇလပ်ပင်ကြီးအောက်မှာ မကြာခဏဆုံတွေ့ကြရင်းမှ အချိန်ကြာသောအခါ ချစ်သူဘဝသို့ ရောက်သွားလေသည်။

ထိုအကြောင်းကိုတော့ ချယ်ရီ မိဘများက မသိကြပေ။

တစ်နေ့တော့ နော်ကိုဗန်က ပြောသည်။

"ဆွယ်လီ ငါတို့နှစ်ယောက် ချစ်သူတွေဖြစ်ခဲ့ကြပြီဆိုတော့ ငါနင်နဲ့ကြာကြာခွဲပြီး မနေချင်တော့ဘူး"

"ငါလည်း နင့်လိုပါပဲ"

"ငါတို့နှစ်ယောက် လူကြီးတွေကို အသိပေးပြီး မင်္ဂလာဆောင်ကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်၊ နင့်မိဘတွေကို အသိပေးပြီး ငါ့မိဘတွေဆီမှာ လာပြီးစေ့စပ်တောင်းရမ်းခိုင်းပေါ့"

ဟု ပြောလိုက်ရာ နော်ကိုဗန်လည်း ပြန်သွားလေတော့သည်။

တကယ်တော့ သူတို့နှစ်ယောက်မှာ ချစ်သူများဘဝရောက်ကြပြီဖြစ်သဖြင့် လက်ထပ်ရန်အတွက် စိတ်ကူးကြသော်လည်း ချင်းလူမျိုးတို့ ဓလေ့ထုံးစံအရ လက်ထပ်ထိမ်းမြားသောကိစ္စမှာ လွယ်ကူသောကိစ္စတော့ မဟုတ်ပေ။

သားသမီးရှိသော မိဘနှစ်ပါးအတွက် အရွယ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သားသမီးများကို အိမ်ထောင်နေရာချထားပေးရေးသည် အဓိကတာဝန်တစ်ခု ဖြစ်သည်။

မိဘနှစ်ပါးဆုံးပါးသဖြင့် ကျန်ရစ်သော သားသမီးများကို အိမ်ထောင်ချပေးရေးသည်လည်း နီးစပ်သောညီအစ်ကို၊ မောင်နှမနှင့် ဆွေမျိုးများ၏တာဝန်ဖြစ်သည်။

သားသမီးများ အိမ်ထောင်ကျပြီးမှသာ မိဘများ၏တာဝန်ပြီးမြောက်၍ ရင်အေးကြရသည်။

ချင်းထုံးစံအရ မိမိသားအတွက် ကြင်ယာရှာရာ၌ သားဦးသည် အမွေအားလုံးကို ဆက်ခံမည့်သူဖြစ်သဖြင့် မိခင်ဘက်မှ ယောက်ဖ(မိခင်၏ အဖေအရင်းမှ ပေါက်ဖွားသောသမီး)၏သမီးကို ယူကြရလေ့ရှိသည်။

ကာလသားသည် မိမိယောက်ခ္ခမ၏ သမီးများထဲမှ အကြိုက်ဆုံးကို ရွေးချယ်ရပါမည်။

ဤကဲ့သို့ ယောက်ခ္ခမ၏သမီးကို လက်ထပ်ခြင်းအားဖြင့် ဆွေမျိုး၏မျိုးဆက်ကို ထိမ်းသိမ်းရာလည်းရောက်သည်။

မိမိယောက်ခ္ခမ၏ သမီးများထဲမှ ယူရမည့်သူ မရှိသောအခါမှသာ အခြားနှစ်သက်သောသူကို ယူကြရသည်။

ကာလသားသည် မျိုးရိုးတူ၊ မျိုးတူ၊ အနွယ်တူ (Lineage, clan)ထဲမှ အမျိုးသမီးကို မယူကြရပါ။

မိမိ၏မျိုးတူ မိန်းကလေးကို လက်ထပ်ယူလျှင် နားပင်း၍ မျက်စေ့ကန်းတတ်သည်ဟု အယူအဆရှိသောကြောင့် ရှောင်ကြဉ်ကြသည်။





ကာလသားသည် မယားရှာဖွေရာတွင် မိမိ၏ဆွေမျိုးယောက္ခမ၏ သားသမီးများထဲမှ လက်ထပ်လိုသူမရှိ၍ အခြားသူကို လက်ထပ်လိုလျှင် မိဘများအား အကျိုးအကြောင်းကို ပြောပြရ၏။

ထိုအခါ မိဘတို့သည် ၎င်းတို့၏သား ရွေးချယ်ထားသော ချစ်သူမိန်းကလေး၏ မျိုးရိုးဆင်းသက်လာပုံ၊ အကျင့် စာရိတ္တကို အောက်ပါအတိုင်း လေ့လာကြသည်။

ပထမဦးစွာ သားသဘောကျသော မိန်းကလေး၏မျိုးရိုးဆင်းသက်လာပုံကို လေ့လာ၍ စုန်းရှိသော မိသားစုမှ ပေါက်ဖွားလာသူဖြစ်မဖြစ်ကို စုံစမ်းသည်။

စုန်းရှိသော မိသားစုမှ ပေါက်ဖွားလာသည့် မိန်းကလေးဖြစ်လျှင် လက်ထပ်ပေးရန် မစဉ်းစားတော့ပေ။

အကယ်၍ သားက မိဘ၏စကားကို နားမထောင်ဘဲ ထိုသို့သော အမျိုးသမီးကို လက်ထပ်ပါက ဂုဏ်၊ အဆင့်အတန်းခွဲခြားခြင်း ခံရမည်ဖြစ်သည်။

မိမိ၏သားသည် အမျိုးသန့်ရှင်းသူဖြစ်ပါလျက် အမျိုးမသန့်ဟု ထင်မြင်ကြသော စုန်းရှိသူနှင့် အိမ်ထောင်ပြုခြင်းကို မိဘက မလိုလားကြပေ။

တားဆီးမရသဖြင့် လက်ထပ်ခြင်းပြုပါက အဆင့်ခွဲခြားခြင်း၊ သားအဖြစ်မှစွန့်လွှတ်ခြင်းခံရသည်အထိပင် ဖြစ်နိုင်ပါသည်။

မိန်းကလေးသည်လည်း စုန်းရှိသူအမျိုးသားကို ယူပါ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဤကဲ့သို့နှိမ်ခြင်း၊ စွန့်ပစ်ခြင်းအထိ ခံရနိုင်ပါသည်။

စုန်းရှိသူများသည် မသန့်ရှင်းသောလူကို ပြုစားတတ်သော သူများအဖြစ် သတ်မှတ်ကြသဖြင့် အပယ်ခံလူတန်းစား အဖြစ် မှတ်ယူကြသည်။

စုန်းရှိသောသူ၏ အိမ်နီးနားတွင် နေထိုင်သူတစ်ဦးသည် ထမင်းကောင်း၊ ဟင်းကောင်းကိုချက်လျှင် ထမင်းမစားမီ အောက်ပါအတိုင်း ပြုလုပ်တတ်ကြသည်။

ထမင်းအနည်းငယ်နှင့် အသားအနည်းငယ်ကိုဖဲ့၍ လက်ထဲထည့်ပြီး စုန်းရှိသူ၏ အိမ်ဘက်သို့ မျက်နှာမူလျက်. . .

"ကျွန်တော်တို့အား အနှောင့်အယှက် မပြုလုပ်ပါနှင့်၊ အနားလည်း မကပ်ပါနှင့်၊ အသင်တို့စားဖို့အတွက် ကွေ့လိုက်ပြီ၊ ဝလင်အောင်စားကြလော့"

ဟုပြောကာ ထိုအိမ်ဖက်သို့ လွှင့်ပစ်ပြီးမှ ထမင်းကို စားသောက်ကြလေ့ရှိပါသည်။

ဘိုးဘေးစဉ်ဆက် အယူအဆ၌ စုန်းများသည် လူကို ဖျားနာအောင်ပြုစားတတ်ကြခြင်း၊ မိမိအိမ်ထဲရှိ အိုး၊ ပန်းကန်ထဲ၌ သိမ်းထားသော အသားများကိုပင် စားတတ်ကြသည်ဟူ၍ ဖြစ်သည်။

ဒုတိယဆန်းစစ်မှုမှာ "လက်ဆော့သူ" ဖြစ်သည်။

ခိုးတတ်သောအကျင့်ရှိသူကို ပယ်ကြ၏။

ချင်းလူမျိုး တစ်ဦးအတွက် "ခိုးတတ်သည်"ဟု ခေါ်ဝေါ် ယိုးစွပ်ခြင်း ခံရသည့်စကားသည် အလွန့်အလွန်အခံရခက်သော





စကားဖြစ်သည်။

ချင်းလူမျိုးများ၏ ချစ်စရာကောင်းသောအကျင့်စရိုက်တစ်ခုသည် ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်းဖြစ်သည်။

နွေရာသီ အချိန်ကျရောက်၍ တစ်အိမ်သားလုံး တောင်ယာသို့ နေ့ချင်းပြန်သွားလျှင်ဖြစ်စေ၊ ညအိပ်သွားလျှင်ဖြစ်စေ၊ အိမ်တံခါးကို သော့ခတ်ပြီး ပိတ်ထားခြင်း မရှိကြပါ။

အဖိုးတန်ပစ္စည်းများကို ကြိမ်၊ ဝါး၊ နှီးချောဖြင့် ယက်လုပ်သော ဘုတ်ဘာအို( bukbau )တွင်ထည့်ကာ အဝတ်အစားများဖြင့် ဖုံးအုပ်ကာ အိမ်မြှံဝန်းအတွင်းရှိ ငှက်ပျောပင်များအကြား၊ ငှက်ပျောပင်အုပ်အတွင်း ထားခဲ့ကြသည်။

ဤသို့ သိမ်းဆည်းခြင်းပြုလုပ်ရခြင်းမှာ ခိုးယူတတ်သော အကျင့်များ မရှိကြသောကြောင့် အခြားသူတစ်ပါးကိုလည်း ယုံကြည်စိတ်ချရသည့်အတွက်ကြောင့် ဖြစ်၍လည်းကောင်း၊ မီးလောင်မှုဖြစ်ပွားပါကလည်း ကြိုတင်ကာကွယ်မှု အဖြစ်လည်းကောင်း၊ အခြားသောသူများက အိမ်ထဲရှိပစ္စည်းများကို လွယ်ကူစွာ ဝင်ရောက်ထုတ်ယူနိုင်ရန် ဖြစ်သည်။

ထို့ကြောင့် ခိုးတတ်သော အကျင့်ရှိသူများကို ဇနီး၊ ခင်ပွန်းအဖြစ် ရွေးချယ်ရာတွင် ပယ်ကြရခြင်းဖြစ်သည်။

တတိယအချက်အနေဖြင့် စုံစမ်းစစ်ဆေးသည့် အချက်မှာ "နှုတ်ဖွာသူ" ဖြစ်မဖြစ်ဟူသော အချက်ဖြစ်သည်။

နှုတ်ဖွာသူ၊ နှုတ်မလုံသူ၊ တွေ့ကရာ ပြောတတ်သူများကိုလည်း ပယ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဖြာသူများသည် ကြားသမျှအကြောင်း၊ သတင်းများကို နှုတ်မထိမ်းဘဲ ပြောတတ်ကြသဖြင့် မိမိအိမ်သားများနှင့်ဖြစ်စေ၊ ပတ်ဝန်းကျင်နှင့်ဖြစ်စေ၊ စကားများရန်ဖြစ်တတ်ကြသည်။

ထို့ပြင် နှုတ်မထိမ်းနိုင်မှုကြောင့် တရားရုံးသို့လည်း ရောက်တတ်ကြပါသည်။

ထို့ကြောင့် ချင်းစကားပုံတွင်. . .

"မိန်းမ အိမ်ပြင်သို့ အထွက်များလွန်းသူ ပြဿနာနှင့်အိမ်ပြန်ရောက်. . ."

"ဝက်မ ခြံပြင်သို့ရောက်သူ များဒဏ်ရာနှင့် အိမ်ပြန်ရောက်" ဟူသတည်း။

ဇနီးသည်၊ ခင်ပွန်းသည် ရွေးချယ်ကြရာတွင် ဂုဏ်အဆင့်အတန်း၊ လူနေမှုအဆင့်အတန်း၊ ဆင်းရဲချမ်းသာခြင်း. . စသော အခြားအကြောင်းအရာ အများအပြားရှိနိုင်ပါသည်။

အဓိကအားဖြင့် ရှောင်ရှားကြသော အကြောင်းအရာမှာ ဖော်ပြပြီးသော အချက်သုံးချက်ဖြစ်သည်။

အကြောင်းမှာ ထိုသုံးချက်သည် သားစဉ်မြေးဆက်အမွေကဲ့သို့ လက်ဆင့်ကမ်းနိုင်သောအရာ ဖြစ်သောကြောင့်ဖြစ်ပါသည်။

အခြားအကြောင်းချင်းရာတစ်ခုမှာ မုဆိုးဖို၊ မုဆိုးမ၏ သားသမီးကို အိမ်ထောင်ပြုရန် ဝန်လေးတတ်ကြသည်။

အကြောင်းမှာ မိခင်မရှိသူသည် မိန်းကလေးတစ်ဦး၏





အိမ်ထြေသိက္ခာ၊ အကျင့်စာရိတ္တ၊ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများကို သွန်သင်သည့် မိခင်ကောင်းမရှိသောကြောင့် ဖြစ်သည်။

ထိုနည်းတူစွာ ဖခင်မရှိသူကလေးများသည်လည်း လူ့အသိုင်းအဝိုင်းနှင့် ဆက်ဆံပြောဆိုရာတွင် အားနည်းချက်များရှိတတ်သောကြောင့် ဖြစ်သည်။

ဤကဲ့သို့ ငယ်စဉ်ဘဝမှ သွန်သင်ဆုံးမခြင်း ကင်းမဲ့သောသူသည် အိမ်ထောင်သည်ဘဝသို့ ရောက်ရှိသောအခါမိမိခင်ပွန်းထံမှလည်းကောင်း. .၊ ဆုံးမသွန်သင်ခြင်းကိုလည်းကောင်း မနာခံတတ်သဖြင့် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်သည်။

ချင်းဓလေ့တွင် "မိုန်းမသွားဦးခြင်း" ဆိုသည်မှာ သတို့သမီးနှင့် သတို့သားအား စေ့စပ်သဘောတူမှု ပြုလုပ်ခြင်းဟုခေါ်ဆိုနိုင်သည်။

ဤသို့ ပြုလုပ်ခြင်းသည် လက်ထပ်ရန် သဘောတူခြင်းသာလျှင်ဖြစ်၍ အတူတကွ လင်မယားအဖြစ် နေထိုင်ရန် မဟုတ်သေးပါ။

ဤသို့ပြုလုပ်ရာ၌ စာဖြင့်ရေးသားခြင်း လက်မှတ်ရေးထိုးခြင်း မရှိသော်လည်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ ဆုတောင်းခြင်းသည် အတည်ဖြစ်သည်။

ကျမ်းကျိန်သကဲ့သို့ လုံလောက်သည်။ သတို့သမီး၊ သတို့သားတို့ကလည်း လိုက်နာကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ သဘောတူညီမှု၊ မိန်းမသွားဦးရာတွင် သတို့သားဖက်မှ ကြက်ဖနီတစ်ကောင် ယူဆောင်ရသည်။

အဖြူရောင် ကြက်ဖကို မသုံးရပါ။ ၎င်းအပြင် အနံ့အရသာကောင်း၍ ပြင်းသော ခေါင်အိုးတစ်လုံးကိုလည်း ယူဆောင်သွားရသည်။

၎င်းခေါင်အိုးကို ကြပ်မတ်ရန် လူကြီးတစ်ဦးကိုလည်းကောင်း၊ ဆုတောင်းပေးရန်အတွက် ရွာထဲမှ နာမည်ကောင်း ဂုဏ်သရေရှိ လူကြီးတစ်ဦးကိုလည်းကောင်း တာဝန်ပေးတတ်ကြသည်။

တည်ပြီး၍ သောက်ရန်အသင့်ရှိသော ခေါင်အိုးရှေ့၌ သတို့သားနှင့် သတို့သမီးတို့အား ရပ်စေ၍ သစ္စာရည်အဖြစ် ခေါင်ရည်ကို တစ်ငုံစီစုပ်ခိုင်းသည်။

ထိုအခါ ဆုတောင်းသူသည် လက်တစ်ဖက်မှ ကြက်မနီနှင့် ကျန်လက်တစ်ဖက်မှ တုတ်ချောင်းတစ်ခုကို ကိုင်လျက် ကတိသစ္စာဆိုရန် ဆုတောင်းပေးသည်။

ထိုသို့ကတိပြုသစ္စာဆိုကြသည့်အတိုင်း ကတိပျက်သူသည် နွားနောက်ပေးလျော်ရသည်။

ဤကဲ့သို့ သစ္စာပြု ဆုတောင်းပေးပြီးနောက် ကိုင်ထားသောကြက်၏ ဦးခေါင်းကို တုတ်နှင့်ရိုက်၏။

ကြက်ခေါင်းမှ ယိုစီးသောသွေးကို လက်ဖြင့် တို့လျက် သတို့သမီးနှင့် သတို့သားနှစ်ဦး၏ လက်ဖျံ၌ အနည်းငယ်စီ လိမ်းပေးသည်။





ဆုတောင်းကတိပြုခြင်းပြီးစီးသောအခါ ၎င်းတို့နှစ်ဦးသည် ခေါင်အိုးအနားမှ ခွာကြသည်။ ထိုအခါ ကြက်သတ်သူသည် လက်မှကိုင်ထားသော ကြက်ကို အများမြင်သာအောင် အပေါ်သို့ထောင်ပြ၍ တုတ်ဖြင့်ရိုက်၏။

ဘေးပတ်လည်၌ ရှိကြသောသူများသည် ထိုကြက်မှ မည်သည့် နိမိတ်ပြမည်ကို အားလုံး သေချာစွာကြည့်ကြကုန်၏။

ကြက်သည် သေလုမြောပါးရှိနေချိန်၌ ခြေနှစ်ဖက်ကို အတိုအရှည် တူညီစွာ ထားရှိပါက၊ လင်မယားသည် အိုမင်းသည်အထိ ပေါင်းသင်းကြမည်။

ပါးစပ်မှထွက်သော ကြက်လျှာသည် ကြက်သွေးရောင်ရှိ၍ မခွဲဘဲ ပေါင်း၍ထားပါက ဥစ္စာပစ္စည်း ချမ်းသာမည်။

ကြက်လျှာသည် မှောက်လျက်နေပါက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြစ်သည်ဟု နိမိတ်ဖတ်ကြ၏။

ဤကတိသစ္စာဆိုပွဲ ပြုလုပ်ရာ၌ သတို့သားမှ သတို့သမီးဖက်သို့ပေးဆောင်ရမည့် မင်္ဂလာကြေး အကုန်အကျအကြောင်းကို ဆွေးနွေးသတ်မှတ်ရသည်။

သတို့သမီးဘက်မှ ဝက်သော်လည်းကောင်း နွားသော်လည်းကောင်း သတ်၍ ထမင်းတည်ခင်းရသည်။

ခေါင်အိုးများကိုလည်း တတ်နိုင်သမျှတည်၍ ညလုံးပေါက်သောက်ကြသည်။ ထိုပွဲသို့ အိမ်နီးချင်းအားလုံးကို ဖိတ်ခေါ်ကြရသည်။

ထိုသို့ ညစာတည်ခင်းခြင်းသည် အမျိုးသားဖက်မှ လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တောင်းရမ်း၍ နှစ်ဘက်သဘောတူပြီးဖြစ်ကြောင်း ကြော်ငြာခြင်းလည်းမည်၏။

ဤကဲ့သို့ သစ္စာဆိုကြသောသူ နှစ်ဦးအနက် တစ်ဦးဦးမှ ကတိပျက်ပါက နွားနောက်တစ်ကောင်ကို ပေးလျော်ရသည်။

ချင်းမလေ့တွင် မိန်းမတောင်းရမ်းခြင်း အမျိုးမျိုးရှိသည်။ ဤကဲ့သို့ တောင်းရမ်းရာတွင် ကြိုတင်နားဖောက်၍ တောင်းရမ်းခြင်းသည် ပိုပြီးအဆင်ပြေမှု ဖြစ်စေပါသည်။

မင်္ဂလာကြေးအကြောင်း ညှိနှိုင်းကြသောအခါ ချင်းဓလေ့ထုံးတမ်းကို သိရှိနားလည်ရန် အလွန်အရေးကြီးသည်။

ထိုသို့ . မင်္ဂလာကြေးအကြောင်း ဆွေးနွေးနေချိန်၌ မမျှော်လင့်ဘဲ တစ်ဦးဦးမှ အသံကျယ်လောင်စွာ အီးပေါက်ပါက ထိုပေါက်သောအီးက ပြောစကားကို ငြင်းဆိုသည်ဟု အဓိပ္ပါယ်ရသဖြင့် မကောင်းဟုယူဆရ၏။

တောင်းရမ်းရမည့် အမျိုးသမီးသည် တစ်ပါးသောရွာမှ ဖြစ်ပါက လမ်းခရီး၌ "ဘောင်း"( bong ) ဟုခေါ်သော ငှက်သံက ခရီးဦးကြိုလျှင် ကောင်းသောနိမိတ်ရှိသည်ဟု ဝမ်းသာကြသည်။

ထို့ကြောင့် အမျိုးသမီးများဘက်မှ တောင်းရမ်းသူအဖွဲ့ ရောက်ရှိလာသောအခါ ဘောင်းသံကြားမကြားကို ပထမဦးဆုံး မေးတတ်ကြသည်။

မိမိတို့ကြားရကြောင်း ပြန်ပြောသောအခါ အလွန်ဝမ်းမြောက်ကြသည်။ မကြားရဟုပြောလျှင် မျက်နှာထားမကောင်း





ကြပါ။

လမ်းခရီးတွင် ချေ၊ ယုန် စသော တောတိရိစ္ဆာန်များက လမ်းဖြတ်ကူးသည်။

ဘောင်းငှက်သံ မကြားရဟု ပြောကြလျှင် . နိမိတ်မကောင်းဟု ယူဆပြီး ဝမ်းနည်းကြရသည်။

ချင်းဓလေ့ တွင် "အင်ကိုင်းချ"( Innkai Chiah )သည် ဟူ၍လည်း ရှိသည်။

"အင်ကိုင်း" ဟူသည့်အဓိပ္ပါယ်မှာ "အမျိုးသမီးအိမ်သို့တက်ခြင်း" ဖြစ်သည်။

"ချ" ဆိုသည်မှာ "ကြေးကိုထားရှိသည်" ဟူသည့်အဓိပ္ပါယ် ရှိပါသည်။

ရွာခြားရှိ အမျိုးသမီးအား လက်ထပ်လိုပါက ဦးသည့်သဘောဖြင့် နွားနောက်(သို့မဟုတ်) ငွေသားသွားထားရသည်။

ထိုငွေသားသည် "ဖွန်ထော့" ဟုခေါ် မိဘနှစ်ပါးမှ ရရှိကြသည့်ကြေးနှင့် ညီမျှသဖြင့် နွားနောက်(သို့မဟုတ်) နွားနောက်နှင့် နွားနောက်ကလေး(နွားမနှင့်နွားတလေး ) (သို့မဟုတ်) အမျိုးသမီးဘက်မှ တောင်းဆိုသည့်အတိုင်း သွားရောက်ထားရှိရသည်။

မိန်းမတောင်းရမ်းရာတွင် တစ်ရွာသားချင်းအတွက် အင်ကိုင်းချထားရန် မလိုပေ။

ချင်းလူမျိုးတို့သည် ယောက်ျား၊ မိန်းမယူခြင်းစသော အိမ်ထောင်ရေးကိစ္စများကို ဆောင်ရွက်ကြရာတွင် များစွာအ



www.burmeseclassic.com

www.burmeseclassic.com



လေးထားပြီး ဆောင်ရွက်ကြပေသည်။

ထိုအကြောင်းများကို အသေးစိပ်ရေးသားမည်ဆိုပါက မြောက်များစွာ ရှိပေတော့သည်။

နော်ကိုဗန်ဟု အမည်ပေးထားသော ချန်ထန်ကလည်း ချယ်ရီဟုခေါ်သော. . ဆွယ်လီနှင့် ချစ်သူဘဝရောက်ပြီးသည့် နောက်တွင် ၎င်း၏မိဘများကို မိန်းမတောင်းပေးရန် ပြောပြလေသည်။

ချယ်ရီကလည်း သူမ၏မိဘများကို ချစ်သူက လာရောက်တောင်းရမ်းတော့မည့်အကြောင်း ကြိုတင်အသိပေးထားရလေသည်။

ထိုအခြေအနေအထိတော့ သူတို့နှစ်ယောက်၏ အချစ်ခရီးလမ်းက ဖြောင့်တန်းသာယာစွာ ရှိနေပေတော့သည်။



# အခန်း (၇)

# ကံကြမ္မာဆိုးနှင့် ကြုံတွေ့ရခြင်း

၎င်းတို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာခရီးကတော့ ချယ်ရီမျှော်လင့်ထားသလို ဖြောင့်ဖြောင့်ဖြူးဖြူးတော့ မရှိလှပေ။

ထိုအကြောင်းကိုသိတော့ ဦးဗန်ဟောက သဘောမတူချင်ပေ။ အဘယ်ကြောင့်ဆိုသော် သမီးဖြစ်သူနှင့် ပတ်သက်နေသူမှာ တစ်ယောက်အကြောင်း တစ်ယောက်သိကြသော ရွာနီးချင်းလည်းမဟုတ်၊

www.burmeseclassic.com



သူကဲ့သို့ စီးပွားရေးချောင်လည်ကြသူ ဟုတ်မဟုတ် မသိရသေးသောကြောင့် ဖြစ်သည်။

ဦးဗန်ဟေမှာ စီးပွားရေးကောင်းသူတစ်ဦးဖြစ်သဖြင့် ထိုနယ်တစ်ကျောမှာတော့ အချမ်းသာဆုံးဖြစ်သည်။

ထို့ကြောင့် သူဌေးဗန်ဟေဟု အချို့ကခေါ်ကြသည်။

ဦးဗန်ဟေက မာနကြီးသူတစ်ယောက်တော့ မဟုတ်ပေ။

သို့သော်လည်း သမီးဖြစ်သူကိုတော့ သာမန်လူတို့နှင့် မယူစေချင်ပေ။

ချင်းပြည်နယ်ဘက်မှာတော့ ယောက်ျားကလေးနှင့် မိန်းကလေး ချစ်ခင်နှစ်သက်သဖြင့် လက်ထပ်ကြတော့မည်ဆိုလျှင် မိဘများမှ နှောင့်ယှက်ဟန့်တားခြင်းမျိုးတော့ မရှိကြပေ။

သို့သော်လည်း သင့်တော်သော မင်္ဂလာကြေးကိုတော့ ပေးကြရသည်။

ချယ်ရီက သူမချစ်သူအကြောင်းကို ပြောပြသောအခါ ဦးဗန်ဟေနှင့် ဒေါ်ချယ်လောတို့ကသိပ်ပြီး စိတ်ဝင်စားမှုမရှိကြပေ။

သို့သော်လည်း ခါးခါးသီးသီး ငြင်းဆန်ပြောဆိုခြင်းတော့ မလုပ်ကြပေ။

"သူက ဘယ်ရွာမှာနေတာလဲ"

"မြစ်အနောက်ဘက်က ဒမ်ဟာရွာမှာနေတယ်"

"မိဘတွေက ဘာလုပ်စားသလဲ. . ၊ စီးပွားရေးလည်း





ကောင်းရဲ့လား"

"အသင့်အတင့် ကောင်းပါတယ်၊ နွားနောက်ခြံတွေ ရှိတယ်လို့ ပြောပါတယ်"

ချယ်ရီကလည်း နော်ကိုဗန် ပြောပြခဲ့သည့်အတိုင်း ပြန်ပြောပြလိုက်သည်။

ထိုအခါ ဖခင်ဖြစ်သူက ဆေးတံကို ဖွာရင်းမှပြောသည်။

"လူတွေဆိုတာ အယုံမလွယ်ရဘူး၊ ကိုယ့်မျက်စိနဲ့ မမြင်ရပဲ ပြောတိုင်းမယုံရဘူး၊ တကယ်လို့ မှားသွားရင် နင်ဆင်းရဲလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် သူကတော့ ငါ့ကို လိမ်မယ်မထင်ဘူး"

ထိုသို့ပြောသောအခါ မိခင်နှင့်ဖခင်နှစ်ယောက်စလုံး သက်ပြင်းချလိုက်ကြသည်။

"အေးလေ. . ၊ ငါတို့ကတော့ နင့်ကိုမဆင်းရဲစေချင်ဘူး၊ ဒါပေမယ့် နင်ရွေးချယ်တဲ့လမ်းဆိုတော့လည်း မတတ်နိုင်ဘူးပေါ့၊ နင်သဘောကျနေမှတော့ လက်ခံပေးရမှာပေါ့"

ထိုစကားကြားသောအခါ ချယ်ရီစိတ်ထဲမှာကျိတ်၍ ဝမ်းသာသွားလေသည်။ ဦးဗန်ဟေက ဆက်ပြောပြန်သည်။

"တစ်ခုတော့ရှိတယ်၊ မင်္ဂလာကြေးကိုတော့ ငါတို့တောင်းတဲ့အတိုင်း ကျေနပ်အောင်ပေးမှ လက်ခံပေးနိုင်မယ်"

ချယ်ရီခမျာ ဝမ်းသာနေရုံ ရှိသေးသည်။

နောက်ထပ်ကြားရသောစကားကြောင့် စိတ်ညှိုးသွားရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် စေ့စပ်တောင်းရမ်းသောပွဲမှာ မင်္ဂလာကြေးကိစ္စ တောင်းရမ်းခြင်းကိစ္စ အဆင်မပြေသောကြောင့် နှစ်ဦးချစ်သော်လည်း လက်ထပ်ခွင့်မရကြသော ချစ်သူအချို့လည်း ရှိကြလေသည်။

ချယ်ရီက မိဘများကို အသိပေးပြီးသောအခါ နော်ကိုဗန်ရှိသောရွာသို့ လူစေလွှတ်ပြီး အကြောင်းကြားခိုင်းလိုက်သည်။

နော်ကိုဗန် မိဘများကလည်း သားဖြစ်သူက အသိပေးထားပြီးဖြစ်သောကြောင့် တောင်းရမ်းခြင်းကိစ္စအတွက် ပြင်ဆင်ကြရလေသည်။

"ချန်ထန် နင်ယူမယ် မိန်းကလေးက လေပီရွာကသူဌေးဗန်ဟောရဲ့ သမီးဆို . . ဟုတ်လား"

"ဟုတ်တယ်"

"ငါတို့မှာရှိတဲ့ ဥစ္စာပစ္စည်းက ဘာမှမပြောပလောက်ဘူး၊ ဆွေကြီးမျိုးကြီး သူဌေးတစ်ယောက်ရဲ့ သမီးကိုယူဖို့ကိစ္စ အဆင်ပြေနိုင်ပါ့မလား"

ဖခင်ဖြစ်သူက စိုးရိမ်ပူပန်စွာဖြင့်ပြောသည်။

"အဆင်ပြေမှာပါ၊ သူက သူမိဘတွေကို အဆင်ပြေအောင် ပြောထားပေးမယ်လို့ မှာထားပါတယ်"

"ကောင်းပြီလေ၊ ငါတို့ကတော့ မိဘတို့ဝတ္တရားရှိတဲ့အတိုင်း တောင်းရမ်းပေးပါမယ်၊ တကယ်လို့ မင်္ဂလာကြေးကိစ္စတွေနဲ့ အဆင်မပြေခဲ့ရင်တော့ ဘာမှမတတ်နိုင်ဘူးနော်"

ဟု စကားကို ကြိုပြောထားကြလေသည်။





နောက်တစ်ရက်မှာတော့ တောင်းရမ်းသူဟုခေါ်သော စေ့စပ်ကြောင်းလမ်းခြင်း ပြုရန်အတွက် ချင်းမလေ့ထုံးစံများကို ကောင်းစွာသိသူ လူသုံးယောက်တို့ကို ဦးဗန်ဟောတို့ရွာသို့ စေလွှတ်လိုက်ကြလေသည်။

ချန်ထန်မိဘများဘက်မှ မင်္ဂလာကြေးအဖြစ် ပေးနိုင်မည့်အရာများနှင့် မင်္ဂလာပွဲအတွက် ဆောင်ရွက်ပေးနိုင်သောအချက်များကို တစ်ခါတည်းပြောလိုက်ရသည်။

ဘယ်အရာဆိုလျှင် ပေးမည်။ ဘယ်အရာတောင်းလျှင် မပေးနိုင်ကြောင်းကိုလည်း တစ်ပါတည်း မှာကြားလိုက်ရသည်။

ဒမ်ဟာရွာဘက်မှ မိန်းမတောင်းသူများ လာရောက်မည့် နေ့ရက်နှင့်အချိန်ကို သိရသောအခါ ဦးဗန်ဟောတို့ဘက်မှလည်း ဆွေမျိုးသားချင်းများကိုပါခေါ်လျက် အသင့်စောင့်နေကြရသည်။

ထိုကိစ္စမှာ ချင်းမလေ့ထုံးစံအတွက် များစွာအရေးကြီးသောအချိန်လည်း ဖြစ်ပေသည်။

ရပ်ခြားရွာခြားမှ ဆွေကြီးမျိုးကြီးထဲကို သွားရောက်တောင်းရမ်းပါက ထုံးတမ်းမလေ့ကျွမ်းကျင်သူကို စေလွှတ်ဖို့အရေးကြီးလှပေသည်။

အကြောင်းမှာ ချင်းလူမျိုးချင်းတူသော်လည်း ဘာသာစကားမတူကြသည်လည်း ရှိသည်။ မလေ့ထုံးစံ မတူကြသည့်လည်း ရှိသည်။

ထို့ကြောင့် မလေ့ထုံးစံနားလည်သူနှင့် ဘာသာစကားကျွမ်းကျင်သူများကို စေလွှတ်ရန် အရေးကြီးခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာနှင့်တစ်ရွာ၊ မိသားစုတစ်ခုနှင့်တစ်ခု ပြောဆိုဆက်ဆံကြရာ လွယ်ကူသောကိစ္စတော့ မဟုတ်ပေ။

မင်္ဂလာကြေးကို လောဘကြီးစွာ တောင်းဆိုသောအခါမျိုး၌ဖြစ်စေ၊ နှိမ်၍ ဆက်ဆံသောအခါမှာဖြစ်စေ၊ ပြဿနာတစ်ခု ပေါ်ပေါက်လာသောအခါမှာဖြစ်စေ ဓလေ့ထုံးစံ နားလည်သူများကသာ ဖြေရှင်းပေးနိုင်ကြသည်။

တစ်ဖက်မှ တောင်းဆိုလာသော ကြေးအနည်းအများသည် မှန်ကန်မှုရှိမရှိ၊ ထုံးတမ်းဓလေ့တို့နှင့် ကိုက်ညီမှုရှိမရှိ လောဘစိတ်ဖြင့် နိုင်ထက်စီးနင်း တောင်းဆိုခြင်းမျိုး ဟုတ်မဟုတ်ကို သိနိုင်သူများဖြစ်ကြရသည်။

"ငါတို့သမီးက ချောတယ်၊ လှတယ်၊ ဘာပဲပြောပြောဘယ်လောက်ပဲတောင်းတောင်း သူတို့ဘက်က လိုက်လျောပေးရမှာပဲ"

ဟူသော မာနဖြင့် မတန်တဆ မင်္ဂလာကြေး တောင်းယူကြသည်မျိုးလည်း ရှိကြပေသည်။

စော်ဘွားအနွယ်၊ ဆွေကြီးမျိုးကြီး၊ အမျိုးမြင့်သူများမဟုတ်ကြသော်လည်း ချောမောလှပသောဂုဏ်ကို မာနတင်ကာ မတန်တဆ တောင်းကြသည်မျိုးလည်း ရှိကြသည်။

ထိုသို့တောင်းလာသည့်အခါ တောင်းရမ်းသူများအဖွဲ့မှ ချင်းဓလေ့ထုံးတမ်းများနှင့်အတူ နားချပေးရသည်။

တစ်ခါတစ်ရံ စကားအချေအတင်၊ အကြိတ်အနယ်ပြောရသည်မျိုးလည်း ရှိသည်။





တစ်ခါတစ်ရံ တစ်ရက်နှင့်မပြီးသဖြင့် နှစ်ရက်သုံးရက်ကြာအောင် ညဥ့်အိပ်ညနေနေပြီး ညှိနှိုင်းပေးကြရသည်မျိုးလည်း ရှိသည်။

တစ်ခါတစ်ရံလည်း တစ်ကြိမ်နှင့်မပြီးသဖြင့် အလျှော့အတင်းပြုလုပ်ကာ နှစ်ကြိမ်သုံးကြိမ် သွားရောက်ညှိနှိုင်းပေးရသည်မျိုးလည်း ရှိကြသည်။

ထို့ကြောင့် သွားရောက်တောင်းရမ်းသောအဖွဲ့သည် မင်္ဂလာပွဲဖြစ်မြောက်စေရန်အတွက် များစွာအရေးကြီးလှသော ရှေ့တော်ပြေးအဖွဲ့ ဖြစ်သည်ဆိုက မမှားပါချေ။

ထိုသို့သွားရောက် တောင်းရမ်းသူများသည် ချင်းဓလေ့ထုံးစံတို့ကို နားလည်ကျွမ်းကျင်ရသည့်အပြင် စကားအပြောအဆို လိမ္မာပါးနပ်ပြီး စိတ်ရှည်မှုရှိရန်လည်း များစွာလိုအပ်ကြပေသည်။

ချန်ထန်၏ မိဘများက ထိုကိစ္စများကိုကျွမ်းကျင်သောလူများကို ဦးဗန်ဟောတို့နေသောရွာသို့ စေလွှတ်လိုက်ကြလေသည်။

မလာခင်ကထည်းက ကြိုတင်အကြောင်းကြားထားခဲ့ပြီးဖြစ်သောကြောင့် ဦးဗန်ဟောတို့ဘက်ကလည်း အဆင်သင့်စောင့်နေကြလေသည်။

စေ့စပ်တောင်းရမ်းသူများအဖွဲ့ရောက်လာပြီး မင်္ဂလာကြေးအပါအဝင်၊ အခြားကိစ္စများကို ပြောဆိုညှိနှိုင်းကြသည်။

ဦးဗန်ဟောတို့ဘက်မှလည်း အနံ့ပြင်းလျှက် အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးခေါင်ရေဖြင့် ဧည့်သည်များကို ဧည့်ခံရင်းနှင့် မိမိတို့ဘက်မှ အလိုရှိသော မင်္ဂလာကြေးများကို ပြောပြကြလေသည်။

ထိုသို့ညှိနှိုင်းပြောဆိုကြသော်လည်း အဆင်မပြေကြပေ။

ဦးဗန်ဟေတို့ဘက်မှ မင်္ဂလာကြေးကို လိုတာထက်ပိုပြီး တောင်းကြသဖြင့် ပြောဆိုညှိနှိုင်း၍ အဆင်မပြေကြသောကြောင့် ဒမ်ဗာရွာမှ လာရောက်တောင်းကြသူများမှာ လက်လျှော့ပြီး ပြန်သွားကြလေသည်။

ထိုအခြေအနေကိုသိတော့ ချယ်ရီခမျာ ဝမ်းနည်းပူဆွေးခြင်းဖြစ်ရုံမှလွဲပြီး ဘာမှမတတ်နိုင်တော့ပေ။

တစ်ဖက်ရွာမှ တောင်းရမ်းသူများကလည်း ဘယ်လိုနည်းနှင့်မှ ညှိနှိုင်း၍ အဆင်မပြေသည်ကို သိကြသောကြောင့် နောက်ထပ်လည်း မလာကြတော့ပေ။

ရက်အတန်ကြာသောအခါမှာတော့ ချယ်ရီထံသို့ နော်ကိုဗန် ပို့ပေးလိုက်သည့် စာတစ်စောင်ရောက်လာလေသည်။

စာထဲမှာ ရေးထားသောအကြောင်းအရာများကတော့ အခြား မဟုတ်ပေ။

၎င်းအနေဖြင့် ချယ်ရီကို မခွဲနိုင်တော့သဖြင့် လာရောက်ခိုးယူမည်ဖြစ်ကြောင်းနှင့်၊ ဘယ်နေ့ဘယ်ရက်တွင် ဘယ်နေရာတွင် လာရောက်စောင့်နေရန် ချိန်းဆိုထားသောစာပင်ဖြစ်၏။

ချယ်ရီကလည်း နော်ကိုဗန်အပေါ် ချစ်ခင်နှစ်သက်မှု





ရှိနေပြီဖြစ်သောကြောင့် မခွဲချင်တော့ပေ။

နော်ကိုဗန်၏ မိဘများဘက်မှ ဓလေ့ထုံးစံရှိသည့်အတိုင်း လာရောက်တောင်းပါသော်လည်း သူမ၏ မိဘများဘက်မှ မင်္ဂလာကြေးကို အဆမတန် တောင်းကြသဖြင့် အဆင်မပြေဖြစ်ကြရသည်။

မိဘချင်းညှိနှိုင်းနေလျှင်တော့ သူတို့နှစ်ယောက် နီးစပ်ဖို့အကြောင်း မရှိတော့ပေ။

ထို့ကြောင့် နော်ကိုဗန်ခေါ်ရာနောက်သို့ လိုက်သွားရန် ဆုံးဖြတ်ချက်ချပြီးနောက်. . .

• “လာရောက်ခေါ်ပါရန်” ပြန်စာတစ်စောင် ရေးပေးလိုက်သည်။

ချင်းအမျိုးသမီးတစ်ယောက် ချစ်သူနှင့်နှစ်ဦးသဘောတူ ထွက်ပြေးသောကိစ္စမှာ အဆန်းတကြယ်တော့ မဟုတ်ပါချေ။

မိဘများက သဘောမတူ၍သော်လည်းကောင်း၊ စေ့စပ်ကြောင်းလမ်းခြင်းများ အဆင်မပြေသဖြင့်သော်လည်းကောင်း၊ အမျိုးသမီးသည် မိမိချစ်သူအိမ်သို့ သွားရောက်၍ အတူနေခြင်း၊ ချစ်သူနှင့် အတူထွက်ပြေးခြင်း စသည်တို့ကို ပြုလုပ်တတ်ပေသည်။

ထိုအခါ အမျိုးသားဘက်မှ အိမ်သို့ရောက်လာသော အမျိုးသမီး၏အရှက်ကို ကာကွယ်ပေးသောအားဖြင့် ဝက်တစ်ကောင်ကိုသတ်၍ မီခွမ်း( Muikhum ) ထမင်းတည်ခင်းပေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသားမိသားစုသည် တတ်နိုင်သောသူဖြစ်လျှင်သော်လည်းကောင်း၊ အမျိုးသမီးသည်လည်း ၎င်းတို့သဘောကျလက်ခံနိုင်သူဖြစ်လျှင်သော်လည်းကောင်း ရောက်လာသည့်ညဦးပင် ဝက်သတ်၍ မီခွမ်းခြင်း မပြုလုပ်ဘဲ နောက်တစ်နေ့တွင်နှစ်ဦးနှစ်ဘက် သဘောတူညီမှုရယူကာ ချက်ခြင်း မင်္ဂလာပွဲပြုလုပ်ပေးလေ့ ရှိကြသည်။

ရောက်လာသည့်ညတွင် ဝက်သတ်ပြီး တည်ခင်းပွဲပြုလုပ်ပါက တစ်ရွာတည်းသားဖြစ်လျှင် ထိုည၏နောက်တစ်နေ့တွင် အမျိုးသမီးမိဘအိမ်ဘက်သို့သွားရောက်၍ သမီးကိုကိုလက်ခံကြောင်း ပွဲကိုမည်သည့်နေ့ရက်အချိန်တွင် မည်သို့မည်ပုံပြုလုပ်ကြမည်ကိုပါ ဆွေးနွေးတိုင်ပင်ကြရသည်။

သို့သော် တစ်ခြားရွာမှဖြစ်လျှင်တော့ ရောက်လာပြီးတစ်ပတ်မလွန်ခင်နေ့တွင် မိဘနှစ်ပါးမှ လူကြီးနှစ်ဦးနှင့်အတူကြက်ဖတစ်ကောင်ကိုပါ ယူဆောင်၍ အမျိုးသမီးမိဘများနှင့်တွေ့ဆုံကာ မင်္ဂလာနေ့ရက် အကြောင်းပြောဆို ဆွေးနွေးကြရလေ၏။

ချစ်သူနှင့်လိုက်ပြေးရသောအဆင့်တွင် အမျိုးသမီးဘက်မှ မိဘများက သဘောမတူပါက ထိုအမျိုးသမီးအား လိုက်လံရှာဖွေပြီး အိမ်သို့အတင်းခေါ်ဆောင်ကြသည်။

အမျိုးသမီးက မလိုက်လျှင် စွန့်လွှတ်ခြင်းခံကြရသည်။ ယခု ချယ်ရီအခြေအနေက နောက်ဆုံးအခြေအနေမျိုး ရောက်နေသည်ဟုပင် ဆိုရပေမည်။





စေ့စပ်ကြောင်းလမ်းခြင်းလည်း အဆင့်မပြောဘဲ မိဘများကလည်း သဘောမတူကြသဖြင့် ချစ်သူနောက်သို့ လိုက်သွားရုံမှတစ်ပါး အခြားမရှိတော့ပေပြီ။

ထို့ကြောင့် သူမကို လာရောက်ခေါ်ယူပါရန် နော်ကိုဗန်ထံသို့ စာပြန်ကြားလိုက်ခြင်း ဖြစ်တော့သည်။

ချိန်းသောရက်သို့ ရောက်သောအခါ ခါတိုင်းကဲ့သို့ပင်ဟန်မပျက် နွားခြံသို့သွားလေသည်။

တစ်နေ့လုံး နွားခြံမှာ လုပ်စရာရှိသောအလုပ်များ လုပ်ပေးပြီး နေ့လည်ဘက်အချိန် ရောက်သောအခါ နော်ကိုဗန်နှင့်တွေ့နေကျ တောင်ဇလပ်ပင်ကြီးရှိရာသို့ သွားလေသည်။

သူမရောက်သွားတော့မှ နော်ကိုဗန်က ပုန်းကွယ်နေရာမှ အပြင်သို့ ထွက်လာလေသည်။

"ဆွယ်လီ နင်ရောက်လာပြီလား"

ဆွယ်လီက ခေါင်းညိတ်ပြလိုက်သည်။

"အချိန်မရှိတော့ဘူး ငါတို့သွားကြရအောင်၊ ကမ်းစပ်မှာလှေလည်းရှိတယ်၊ အဖော်နှစ်ယောက်လည်း ပါလာတယ်"

"ငါတော့ သိပ်ကြောက်တာပဲ"

"ဘာမှမကြောက်နဲ့၊ ငါတို့ ဟိုဘက်ကမ်းရောက်သွားရင်င်မိဘတွေ နောက်ကလိုက်လာပြီး ခေါ်ရင်လည်း မရတော့ဘူး"

"ဒီလိုဆိုရင် စိတ်ဆိုးမှာပေါ့၊ ငါ့ကို တစ်သက်လုံး အက်ဖြတ်လိုက်တော့ ဘယ်နှယ်လုပ်မလဲ"

"ဒါတွေ ဘာမှတွေးပူမနေနဲ့၊ နင့်မိဘတွေက အရေး

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ကြလည်း ငါကတော့ နင့်ကိုတစ်သက်လုံး စောင့်ရှောက်ပေးသွားမှာပါ”

ဟု အားပေးစကားပြောလေသည်။

ဆွယ်လီကလည်း နော်ကိုဗန်လက်ကို အားကိုးတကြီးနှင့် ဆုပ်ကိုင်ထားလေသည်။

ထို့နောက်မှာတော့ မြစ်ကမ်းရှိရာဘက်သို့ သွားကြလေသည်။ အချိန်က ညနေပိုင်းအချိန်ရောက်နေပြီ ဖြစ်သောကြောင့် အလင်းရောင်က သိပ်မရှိတော့ပေ။

မြစ်ထဲမှာ မြူခိုးငွေ့များပင် ဝေ့ဆိုင်းနေချေပြီ။

ကမ်းစပ်တစ်နေရာမှာတော့ သစ်လုံးထွင်းလှေတစ်စင်းနှင့် လူနှစ်ယောက်စောင့်နေကြသည်ကို တွေ့ရသည်။

သူတို့နှစ်ယောက် လှေပေါ်ရောက်သည်နှင့် အချိန်ဆိုင်းမနေတော့ဘဲ လှေကိုကမ်းခြေမှ စတင်ခွာကြလေသည်။

နော်ကိုဗန်မြစ်က အတော်ပင်ကျယ်သည်။

ထို့ပြင် ရေစီးလည်းကြမ်းသည်။

မြစ်လယ်ရောက်လာလေလေ ရေစီးပိုကြမ်းလာလေဖြစ်သည်။

ထို့ကြောင့် လှေလှော်သမားနှစ်ယောက်တို့က လှေကို အလိုက်သင့်ထိမ်းပြီး လှော်ပေးနေရလေသည်။

ဆွယ်လီကတော့ တဖြည်းဖြည်းနှင့် ကမ်းနှင့်ဝေးလာလေလေ စိတ်ထဲမှာ လှုပ်ရှားလာလေဖြစ်၏။

မိဘဆွေမျိုးများနှင့် ခွဲခွာခဲ့ရသောကြောင့် ဝမ်းနည်း



နေမိသလိုလည်း ခံစားနေရသည်။

ဒီအခြေအနေရောက်မှတော့ နောက်ကြောင်းပြန်လှည့်လည်း မဖြစ်တော့ပေ။

လှေက မြစ်လယ်ရောက်တော့ ရေစီးက ပိုကြမ်းလာသလို အမှောင်ရိပ်များကလည်း ပိုများလာသည်။

ထိုအချိန်မှာပင် ကြောက်စရာကောင်းသော အသံကြီးတစ်သံ ထွက်ပေါ်လာလေတော့သည်။

“ဝုန်း. . ဒုန်း. . ”

ထိုအသံကြီး ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် လှေမှောက်သွားလေတော့သည်။

အထက်ပိုင်းမှ ရေစီးဖြင့် မျောပါလာသော သစ်တုံးကြီးတစ်တုံးက ကန့်လန့်ဖြတ်ဖြစ်နေသည့်လှေကို အရှိန်ပြင်းပြင်းဖြင့် ဝင်ဆောင့်လိုက်ခြင်းပင် ဖြစ်ပေတော့သည်။

“အမယ်လေး. . ကယ်ကြပါဦး”

ဆွယ်လီ၏ စူးစူးဝါးဝါး အော်သံက ပေါ်လာလေတော့သည်။

ထိုသို့ အော်သံသာကြားလိုက်ရသော်လည်း လှေပေါ်မှာ ပါလာသော လူလေးယောက်တို့မှာ တကွဲတပြားစီ ဖြစ်သွားသောကြောင့် တစ်ယောက်နှင့်တစ်ယောက် အကူအညီမပေးနိုင်ကြပဲ ရှိကြလေသည်။

နော်ကိုဗန်မှာလည်း ရေလှိုင်းများကြားမှ လွတ်မြောက်ခွင့်ရအောင် အသည်းအသန် ကြိုးစားနေရသောကြောင့် ဆွယ်



www.burmeseclassic.com

www.burmeseclassic.com



လီကို အကူအညီမပေးနိုင်ဘဲ ဖြစ်နေလေသည်။

လှေပေါ်မှာပါလာသော လှေသမားနှစ်ယောက်တို့မှာလည်း လူထက် နစ်မြုပ်သွားသော လှေကိုပြန်ရရေး ကြိုးစားနေကြရသဖြင့် သူတို့ကို အကူအညီမပေးနိုင်ကြပေ။

"ဆွယ်လီ. . ဆွယ်လီ"

"နော်ကိုဗန်ရေ ငါ့ကိုကယ်ပါဦး "

အော်သံသာ ကြားနေရသော်လည်း တစ်နေရာနှင့်တစ်နေရာ တစ်ယောက်နှင့်တစ်ယောက် လုံးမမြင်ကြရပေ။

နောက်တော့ အော်သံ၊ ခေါ်သံများမှာ တဖြည်းဖြည်းနှင့်ဝေးသွားပြီး ပျောက်ကွယ်သွားလေတော့သည်။

မြစ်ရိုးတစ်လျှောက်မှာတော့ အလင်းရောင်ပျောက်သွားပြီး အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေလေတော့သည်။





# အခန်း (၈)

## လူသေရွာမှ ဘဝတူနှစ်ဦး

သူမရောက်နေသောနေရာမှာ ဘယ်နေရာ၊ ဘယ်အရပ်ဆိုတာတော့ ဆွယ်လီမသိပေ။

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း ထိုနေရာတစ်ဝိုက်တွင် သူမတစ်ယောက်တည်း ရှိနေလေသည်။

အခြားသူများကို မမြင်ရ၊ မတွေ့ရပေ။

မိဘဆွေမျိုးများနှင့် မိတ်ဆွေများလည်း တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မှ မတွေ့ရပေ။

အခြေအနေကြည့်ရုံနှင့် သူမရောက်နေသော နေရာမှာ တစ်ကြိမ်တစ်ခေါက်မှ မရောက်ဖူးသော နေရာတစ်နေရာ ဖြစ်မည်ကိုတော့ ခန့်မှန်းမိလေသည်။

"ငါ ဘယ်နေရာရောက်နေတာလဲ" ဟု စိတ်အားငယ်စွာဖြင့် တွေးနေစဉ် အမှောင်ရိပ်ထဲမှ လူတစ်ယောက်ထွက်လာသည်ကို လှမ်းမြင်လိုက်ရသည်။

ထွက်လာသူမှာ သူမနှင့် အသက်အရွယ်ချင်း မကွာလှသော ဗမာလူရွယ်တစ်ဦး ဖြစ်ဟန်ရှိလေသည်။

လူရွယ်က ဇဝေဇဝါဖြင့် လျှောက်လာရင်းမှ သူမ အနီးသို့ ရောက်လာသည်။

"နင် ဘယ်သူလဲ"

လူရွယ်က မေးသောအခါ ဘာပြန်ပြောရမှန်း မသိသောကြောင့် ခေါင်းခါပြလိုက်လေသည်။

"နင် ဘယ်ကလာတာလဲ"

ထိုမေးခွန်းကိုလည်း မဖြေနိုင်သဖြင့် ခေါင်းခါပြရင်းမှ ပြန်မေးလိုက်သည်။

"နင်ကရော ဘယ်သူလဲ"

"ငါလည်း မသိသေးဘူး"

"ဘယ်နေရာက လာတာလဲ"

"ငါမသိဘူး၊ ဒါကြောင့် နင့်ကို လာမေးနေတာပေါ့"

ဟု ပြန်ပြောတော့မှ သူမနှင့်ဘဝတူတွေ ဖြစ်နေသည်ကို





ရိပ်မိလာပေတော့သည်။

"ငါတို့ ဘယ်နေရာ ရောက်နေတာလဲ"

ဆွယ်လီကမေးသောအခါ သူက ခေါင်းခါပြသည်။

"အဲဒါလည်း မသိသေးဘူး၊ ဒါကြောင့် နောက်တစ်နေရာသွားပြီး သိတဲ့လူရှာလိုက်ဦးမယ်"

ဟု ပြောပြောဆိုဆိုနှင့် လူရွယ်ကထိုနေရာမှ ထွက်သွားရန် ပြင်သောအခါ ဆွယ်လီက လှမ်းပြောလိုက်သည်။

"ငါလည်း နင့်လိုပဲ ဘယ်နေရာသွားလို့ ဘယ်ကိုလာရမှန်း မသိလို့ နင့်နောက်ကလိုက်ခဲ့ပါရစေ"

"မဖြစ်ဘူး၊ ငါတို့နှစ်ယောက်က သွားရမယ့်လမ်းချင်း တူချင်မှ တူမှာဆိုတော့ နင်လိုက်ခဲ့လို့ ဖြစ်မှာမဟုတ်ဘူး"

ဟုပြောကာ လူရွယ်က သူမကိုထားခဲ့ပြီး ထိုနေရာမှ ထွက်လာခဲ့လေသည်။

ထိုလူရွယ်မှာ အခြားသူမဟုတ်ပေ။ နီမောင်ပင် ဖြစ်သည်။

နီမောင်နှင့်ဆွယ်လီတို့ ရောက်နေသောနေရာမှာ လူ့ဘုံလောက မဟုတ်ပေ။

ဝိညာဉ်ဘဝရောက်နေပြီး ဦးတည်ရာမဲ့ သွားလာနေကြရခြင်း ဖြစ်ပေသည်။

နီမောင်သည် လမ်းခွဲ၌ တွေ့ခဲ့သောမိန်းကလေးကို ထားခဲ့ပြီး ထိုနေရာမှာ ဆက်လျှောက်လာခဲ့လေသည်။

တစ်နေရာရောက်တော့ ရေတွင်းငယ်တစ်တွင်းကိုတွေ့

www.burmeseclassic.com



ရသဖြင့် ထိုနေရာမှာ ခဏရပ်ပြီးနားသည်။

ထိုနေရာတွင် တောနက်ကြီးများနှင့် တောင်မြင့်ကြီးများလည်းရှိသည်။

တောင်မြင့်ကြီးများနှင့် သစ်တောကြီးများအတွင်း၌ တောင်ဇလပ်ပန်းပင်တို့ ရှိကြလေသည်။

ရောင်စုံတောင်ဇလပ်ပန်းပင်တို့မှာလည်း အပင်တိုင်း ဖူးပွင့်နေကြလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ရောင်စုံပန်း ဥယျာဉ်ကြီးသဖွယ် ဖြစ်နေပေတော့သည်။

တကယ်တော့ . ထိုနေရာသည် သာယာကြည်နူးဖွယ် ကောင်းသောနေရာ ဖြစ်သည်။

သို့သော် ဝိညာဉ်ဘဝသို့ ရောက်နေကြသူများအတွက် ကတော့ ပျော်စရာမကောင်းဘဲ လွမ်းဆွတ်ကြေကွဲဖွယ်ရာသာ ကောင်းပေတော့သည်။

နီမောင်သည် ထိုနေရာတစ်ဝိုက်သို့ လှည့်လည်သွားလာနေရင်းမှ နေရာအနှံ့အပြားသို့ ရောက်နေလေသည်။

ပန်းရောင်စုံများ ဖူးပွင့်နေသော သစ်တောကြီးများအတွင်းသို့ ဝင်ရောက်ရသည်လည်း ရှိသည်။

တောင်မြင့်ကြီးများ၊ တောင်ကုန်းများပေါ်သို့ တက်ရသည်မျိုးလည်း ရှိသည်။

စမ်းချောင်းများနှင့် ကွင်းပြင်အချို့ကို ကျော်ဖြတ်သွားရသည်မျိုးလည်း ရှိသည်။





တစ်နေရာသို့ ရောက်သောအခါ တောင်မြင့်တစ်လုံးရှိသည့်နေရာသို့ ရောက်သွားလေသည်။

ထိုနေရာသည် ချင်းလူမျိုးတို့အခေါ် လူသေနှင့်လူရှင်တို့လမ်းခွဲရာ ရီကျင်းတောင် ( Ricintlang )ဖြစ်သည်ကိုတော့ သူ မသိခဲ့ပေ။

သူသည် တောင်များ၊ စမ်းချောင်းကလေးများ၊ လမ်းခွဲအတော်များများကို ကျော်ဖြတ်သွားပြီးသောအခါ ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်နေသည့် မိန်းမကြီးတစ်ယောက်နှင့် တွေ့ရလေသည်။

ထိုမိန်းမကြီးသည် လူသေ(ဝိညာဉ်)များကို လမ်းပြပေးရသော ချင်းလူမျိုးတို့အခေါ် မိန်းမကြီးဆာနူပင်ဖြစ်၏။

ဆာနူက မျက်စိပိပ်ကာ ငြိမ်သက်စွာထိုင်နေရာမှ သူရောက်သွားသောအခါ မျက်လုံးဖွင့်ကြည့်လေသည်။

"နင် ဘာယ်ကလာတာလဲ"

နီမောင်က မသိကြောင်း ခေါင်းခါပြသည်။

"နင် သတ်ခဲ့တဲ့ တိရစ္ဆာန် ဦးခေါင်းတွေကရော ဘယ်မှာလဲ"

ထပ်မေးသောအခါမှာလည်း မဖြေနိုင်သဖြင့် ခေါင်းခါပြရပြန်သည်။

မိန်းမကြီးဆာနူက မကျေနပ်သော အမူအယာဖြင့် မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်နေသည်။

နောက်မှ သူကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်က လူသေတစ်ယောက်မှ မဟုတ်သေးတာ သေတဲ့ဘဝကို သွားလို့ရသလို လူရှင်ဘဝကို ပြန်သွားရင်လည်း ရသေးတယ်၊ နင့်ရဲ့ဝိညာဉ်ကြိုးက မပြတ်သေးပဲကိုး"

ထိုစကားကြောင့် စိတ်ထဲမှာ အားရှိသွားလေသည်။

"ဒါဖြင့် ကျွန်တော်ကို နေတဲ့နေရာ ပြန်ပို့ပေးပါ"

"ဒီလိုတော့ ပို့မပေးနိုင်ဘူး၊ ငါက သေခဲ့ပြီးသား လူသေတွေကို လူသေရွာသွားနိုင်အောင် လမ်းပြပေးတဲ့တာဝန်ပဲ. . . ဝိညာဉ်ကြိုး မပြတ်သေးတဲ့ လူတွေကို ဘာမှလုပ်ပေးလို့ မရသေးဘူး"

ထိုစကားကြောင့် နီမောင်မှာ သက်ပြင်းတစ်ချက်ချလိုက်မိလေသည်။ မိန်းမကြီးဆာနူက ဆက်ပြောပြန်သည်။

"ဒီတော့ နင်သွားချင်တဲ့နေရာတွေကို ဆက်သွားပေဦးတော့၊ အချိန်တန်လို့မှ နင့်ရဲ့ဝိညာဉ်က ခန္ဓာကိုယ်ရှိတဲ့နေရာပြန်ရောက်အောင် မသွားနိုင်ခဲ့ရင်တော့ လူသေဘဝရောက်ရမှာပဲ၊ အဲဒီတော့မှ ငါ့ဆီကို တစ်ခေါက်ပြန်လာခဲ့ပေါ့၊ နင် လူသေဘဝရောက်တဲ့အခါမှ လူသေရွာကို ဘယ်လမ်းက သွားရတယ်ဆိုတာ ငါလမ်းပြပေးမယ်"

ဟုပြောသည်။

"ကျွန်တော့် ကိုယ်ခန္ဓာဘယ်နေရာမှာ ရှိနေတယ်ဆိုတာ တဆိတ်လောက်လမ်းပြပေးပါ၊ ကျွန်တော် မသွားတတ်မလာတတ်နဲ့ လမ်းပျောက်နေလို့ပါ"

"ငါက အဲဒါမျိုး လုပ်မပေးဘူး၊ သေတဲ့သူရှင်အောင်





တော့ လုပ်မပေးနိုင်ဘူး၊ ရှင်နေတဲ့လူကို သေအောင်တော့ လုပ်ပေးနိုင်တယ်"

ဟုပြောကာ မိန်းမကြီးဆာနူက မျက်လုံးဖြိန်ပိတ်သွားလေတော့သည်။ ဘာမှမတတ်နိုင်တော့. . .။

ထို့ကြောင့် ထွေထွေထူးထူး ဆက်ပြောမနေတော့ဘဲ ထိုနေရာမှ ထွက်လာခဲ့လေသည်။

သူထွက်သွားပြီး မကြာခင်မှာ ထိုနေရာသို့ မိန်းကလေးတစ်ယောက်၊ မိန်းမကြီးဆာနူ့ရှေ့သို့ ရောက်လာပြန်လေသည်။

ထိုမိန်းကလေးမှာ နီမောင်နှင့်လမ်းမှာ တွေ့ခဲ့သောမိန်းကလေးပင် ဖြစ်၏။

မိန်းမကြီးဆာနူက ဘာတွေမေးပြီး ဘာတွေပြော နေသည်ကိုတော့ သူမသိတော့ပေ။

နီမောင်မှာ ထိုနေရာမှာ ထွက်လာကတည်းက ဘယ်သွားရ၍ ဘယ်လာရမှန်းမသိဘဲ ယောင်လည်လည် ဖြစ်နေလေသည်။

လမ်းပြပေး၊ လမ်းညွှန်ပေးမည့်သူနှင့်လည်း မတွေ့ရပေ။

"ဘယ်သွားလို့ ဘယ်လာရမှန်းလည်း မသိဘူး၊ ဒီအတိုင်းဆိုရင် ငါ့ခန္ဓာကိုယ်ရှိတဲ့နေရာမှ ပြန်ရောက်နိုင်ပါတော့မလား"

ဟုလည်း စိတ်ထဲမှ တွေးနေမိလေသည်။

တစ်နေရာရောက်တော့ တောစပ်တစ်ခုနေရာမှာ ရွာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာကို တွေ့ရလေသည်။

မီးရောင်များ လင်းထိန်နေပြီး ကလေးလူကြီး၊ ယောကျ်ားမိန်းမ လူအတော်များများ သွားလာနေကြသည်ကိုလည်း လှမ်းမြင်ရသည်။

သူ့ကိုမြင်တော့ လူအချို့က ထွက်လာပြီး လှမ်းခေါ်ကြသည်။

"ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ၊ ခရီးဝေးက လာခဲ့ရတယ်ထင်ပါ့၊ ဒီရွာမှာ ခဏတဖြုတ် ဝင်နားပါဦးလား၊ စားစရာလည်း ကျွေးနိုင်ပါတယ်၊ နေစရာလည်း ပေးနိုင်ပါတယ်"

ဟု လောကွတ်ပျူငှာ စကားဆိုကြလေသည်။

ပထမတော့ ဝင်နားဦးမည်ဟု စိတ်ကူးမိလိုက်သေးသည်။

နောက်တော့ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသောကြောင့် ဝင်မနားလိုတော့ဘဲ ဆက်လျှောက်လာလေသည်။

ထိုအခါမှ ရွာထဲမှ လူများ၏ ဇာတိရုပ်များက ပေါ်လာလေတော့သည်။

စောစောက မြင်ရသကဲ့သို့ လူများမဟုတ်ဘဲ သရဲသဘက်များ အသွင်ပေါ်လာပြီး နောက်မှပြေးလိုက်လာကြလေတော့သည်။

"လိုက်ဟေ့...လိုက်ဟေ့..မလွတ်စေနဲ့"

ထိုကဲ့သို့ ညာသံပေးပြီး လိုက်လာကြသောကြောင့် နီမောင်လည်း ကြောက်လန့်တကြားနှင့် ထွက်ပြေးရလေတော့





သည်။

ထိုသို့ပြေးရင်းနှင့် တောင်ခြေတစ်နေရာသို့ ရောက်သွားသောအခါမှာတော့ ဝတ်ဖြူစင်ကြယ်ဝတ်ကာ ရပ်နေသော..အဘိုးကြီးတစ်ယောက် တွေ့ရသဖြင့် ထိုနေရာသို့ ပြေးသွားလေသည်။

နောက်မှလိုက်လာကြသော မကောင်းဆိုးဝါးများလည်း အဘိုးကြီးရပ်နေသည်ကို လှမ်းမြင်သည်နှင့် ဆက်မလိုက်ဝံ့တော့ပဲ နောက်ကြောင်းသို့ ပြန်လှည့်သွားကြလေတော့သည်။

အနားရောက်သောအခါ အဘိုးကြီးကပြောသည်။

"သေပြီးတဲ့နောက် ဘုံဘဝတစ်ခုနဲ့တစ်ခု မကူးနိုင်ဘဲ တွယ်ရာမဲ့ဘဝနဲ့ နေရတဲ့ ဝိညာဉ်လောကသားတွေ မရေမတွက်နိုင်အောင်ရှိကြတယ်၊ လူတွေက မမြင်ရတော့ မကြောက်ကြဘူး၊ အခုလိုသာ မြင်ရရင်တော့ ကြောက်စရာပဲပေါ့"

နီမောင်က အဘိုးကြီးမျက်နှာကိုသာ မော့ကြည့်နေသည်။

"ငါမြေးက သေရမယ့်အချိန်မတန်သေးဘူး၊ ဒီတော့ မင်းနေရာ မင်းပြန်ပေတော့၊ မင်းရဲ့ ရုပ်ခန္ဓာက ငါလက်ညှိုးထိုးပြတဲ့နေရာမှာရှိတယ်၊ အဲဒီနေရာကိုရောက်အောင် ပြန်ပေတော့.."

နီမောင်က အဘိုးကြီး လက်ညှိုးထိုးပြသောဘက်ကို လှမ်းကြည့်လိုက်သည်။

ထိုနေရာဘက်မှာ အတော်အတန်မြင့်သော ကုန်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းရှိသည်။

ထိုတောင်ကုန်း၏ ဟိုဘက်မှာတော့ မြစ်တစ်စင်း ရှိသည်။ မြစ်ကမ်းနံဘေး တစ်နေရာမှာ လူနှစ်ယောက် ရှိနေကြသည်။

ထိုနှစ်ယောက်ကိုမြင်တော့ စိတ်ထဲမှ ဝမ်းသာသွားသည်။ အခြားမဟုတ်ပေ။

စောထီးနှင့် ငမဲအောင်တို့ပင် ဖြစ်ကြလေသည်။

သူတို့နှစ်ယောက်အလယ်မှာတော့ လူသေတစ်ယောက်ကို ပက်လက်အနေအထားဖြင့် ငြိမ်သက်နေသော လူတစ်ယောက်ရှိနေလေသည်။

သူ၏ ရုပ်ခန္ဓာပင် ဖြစ်ပေသည်။

"အဲဒါ မင်းရဲ့ရုပ်ခန္ဓာပဲ၊ မင်းမှာ ဝိညာဉ်ကြိုးမပြတ်သေးဘူး၊ ဒါကြောင့် ရုပ်ခန္ဓာကို မဖျက်ဆီးခင် ရောက်အောင်ပြန်ပေတော့၊ မင်းလည်း ဝိညာဉ်ဘဝနဲ့ ဝိညာဉ်လောကသားတွေကို တွေ့ခဲ့မြင်ခဲ့ရပြီ မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"မကောင်းမှု အကုသိုလ်ကံတွေများလာရင်. . ဘယ်လောက်ကြောက်ဖို့ကောင်းတယ်၊ ကောင်းမှုကုသိုလ်ကံပါမှ. . ကောင်းတဲ့နေရာကို ဘဝကူးနိုင်တယ်ဆိုတာ သိသင့်သလောက်သိပြီး၊ မြင်သင့်သလောက် မြင်ခဲ့ရပြီ မဟုတ်လား"

ထပ်မံ၍ ခေါင်းညိတ်ပြလိုက်သည်။

"ဒါကြောင့် လူ့ဘဝကို တစ်ခေါက်ပြန်ရောက်သွားရင်





မကောင်းမှုတွေကို တတ်နိုင်သလောက် ရှောင်ကြဉ်ပြီး၊ ကောင်းတဲ့အလုပ်တွေကို များများလုပ်ပေးနိုင်ဖို့ ကြိုးစားပေတော့၊ ကိုင်း သွားပေတော့. ."

ဟုပြောသဖြင့် နီမောင်လည်း သူတော်စင်ကြီးကို လက်အုပ်ချီ၍ အရိုအသေပေးပြီးနောက် ထိုနေရာမှ ထွက်လာခဲ့လေသည်။

ပထမတောင်ကုန်းတစ်ကုန်းကို ဖြတ်ကျော်သွားရလေသည်။

တောင်ကုန်းမှာ အတော်ပင်မြင့်သောကြောင့် ပင်ပန်းကြီးစွာ ဖြတ်ကျော်သွားရလေသည်။

ပင်ပန်းမှုကြောင့် ရေဆာလာသည်။

တောင်ကုန်းပေါ်မှ ကျော်သွားပြီးသောအခါမှာတော့ မြစ်ကျယ်ကြီးတစ်စင်းကို လှမ်းမြင်ရသည်။

အဘိုးကြီး ညွှန်ပြသည့်အတိုင်း မြစ်ရှိရာဘက်သို့ ဆင်းသွားသောအခါ ကမ်းစပ်တစ်နေရာမှာ ရှိနေကြသော စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ကို လှမ်းမြင်ရသဖြင့် ဝမ်းသာစွာဖြင့် ထိုနေရာသို့ သွားလေသည်။

ထိုနေရာရောက်တော့ မြေပေါ်မှာ လူသေတစ်ယောက်လိုလဲနေသည့် သူ၏ရုပ်ခန္ဓာကို တွေ့ရလေသည်။

ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရုပ်ခန္ဓာအတွင်းသို့ လှဲချလိုက်လေတော့သည်။

"အင်း. . အဟင်း. . . ဟင်း "



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ခန္ဓာထဲသို့ ဝိညာဉ် ပြန်ရောက်သွားသောအခါ ညီးညူသံ ထွက်လာသည်။

"အဟင်း. . ဟင်း"

"နီမောင်. . နီမောင်. . မင်း သတိရလာပြီလား"

စောထီးနှင့်ငမဲအောင်တို့က ဝမ်းသာအားရ ခေါ်နေကြသည်။

"ရေ. . ရေပေးပါ"

ထိုသို့ပြောသဖြင့် ငမဲအောင်က ရေတစ်ခွက်ယူလာပြီး တိုက်ပေးလေသည်။

ထိုအခါမှ ရစ်ပူသက်သာသွားပြီး သတိပြန် ရလာလေသည်။

စောထီးနှင့်ငမဲအောင်တို့က ပွေ့ယူပေးသဖြင့် လှဲနေရာမှ ထထိုင်လိုက်သည်။

ပြီးမှ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ သူတို့ရောက်နေသောနေရာမှာ မြစ်ကမ်းပါးတစ်နေရာ၌ ဖြစ်လေသည်။

"ငါ ဘယ်လိုဖြစ်တာလဲ"

"မင်း ဘယ်လိုဖြစ်တာလဲဆိုတော့ ငါတို့သုံးယောက် မြစ်ထဲမှာ ငါးဖမ်းနေတော့ ပိုက်ထဲမှာငါးတစ်ကောင်မိနေလို့ မင်းက ဆင်းဖမ်းရင်းနဲ့ ကျောက်တုံးနဲ့ဆောင့်မိပြီး သတိလစ်နေတာ အတော်ကြာပြီ၊ ငါတို့နှစ်ယောက်စလုံး အတော်ကို စိတ်ပူနေကြတာ"

ဟု ပြောပြတော့မှ အဖြစ်အပျက်များကို သတိပြန်ရလာ





လေသည်။

သူတို့သုံးယောက်သည် အလုပ်အားသောအချိန်မျိုးတွင် ဟင်းစားရရန်အတွက် နော်ကိုဇန်မြစ်အတွင်းသို့ဆင်းကာ ငါးဖမ်းလေ့ရှိကြသည်။

ထိုသို့ငါးဖမ်းနေရင်း ပိုက်ထဲမှာ ငါးချောင်းတစ်ကောင် မိလေသည်။

အကောင်ကြီးသဖြင့် လှေပေါ်မှဆွဲတင်၍မရပေ။

ငါးက ကျောက်တုံးကြားသို့ တိုးဝင်ရင်းနှင့် ညပ်နေသည်။

ဆွဲတင်၍မရပါက ပိုက်ပါဆုံးရတော့မည့် အခြေအနေမျိုး ရောက်နေသဖြင့် နီမောင်ကိုယ်တိုင် ရေအောက်သို့ ဆင်းဖြုတ်ရသည်။

ထိုသို့ဆင်းဖြုတ်စဉ် ငါးကကျောက်တုံးကြားမှ လွတ်သွားသောအခါ အမြီးဖြင့်ရိုက်သည်။

အမြီးရိုက်ချက်မှာပြင်းသဖြင့် ရေစီးအရှိန်ထဲမှာ လည်ထွက်သွားလေရာ ကျောက်စွန်းတစ်ခုနှင့် တိုက်မိသဖြင့် သတိမေ့သွားခြင်း ဖြစ်သည်။

စောထီးနှင့်ငမဲအောင်တို့ ဆင်းကယ်သဖြင့်သာ ရေစီးနှင့် မျောပါမသွားခြင်း ဖြစ်လေသည်။

သူကိုရေထဲမှ ဆွဲတင်လာတော့ သတိမရတော့ပေ။

မနက်ပိုင်းအချိန်ကတည်းက သတိမေ့နေရာ ယခုညနေပိုင်း အချိန်ရောက်တော့မှ ယခုလို သတိပြန်ရလာခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"တော်ပါသေးရဲ့ကွာ၊ ငါတို့နှစ်ယောက်မှာ ဘယ်လိုလုပ်ရမှန်း မသိတာနဲ့ မင်းအတွက် အတော်စိတ်ပူနေကြတာ"

"ဒါထက်. . ငါ ဆင်းဖမ်းတဲ့ ငါးရောရရဲ့လား"

"ရတယ်၊ ငါးလည်းရတယ် ပိုက်လည်းပြန်ရတယ်၊ လှေပေါ်မှာ တင်ထားတယ်"

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။ စောစောက အခြေအနေမကောင်းသော်လည်း ယခုတော့ သူ့အခြေအနေက ပုံမှန်အတိုင်း ပြန်ကောင်းနေပေပြီ။

"ဒါဖြင့်လည်း ပြန်ကြရအောင်၊ ဒီလောက်ကြာနေရင် အဖေတို့ စိတ်ပူနေကြလိမ့်မယ်"

ဟုပြောကာ သုံးယောက်သား လှေရှိရာသို့ ပြန်ဆင်းလာကြလေသည်။

လှေဝမ်းထဲမှာတော့. . အတော်အတန်ကြီးသော ငါးချောင်းကြီးတစ်ကောင် ဖမ်းမိထားလေသည်။

ထို့ကြောင့် သုံးယောက်သား လှေပေါ်ပြန်တက်ပြီး ရွာရှိရာသို့ ရေဆန်ပြန်တက်ကြရလေသည်။

နော်ကိုဗန် မြစ်ရေက ရေစီးကြမ်းသည်။

ထို့ကြောင့် ရေဆန်သွားရသောအခါ သက်သာစေရန် ကမ်းနံဘေးမှ ကပ်သွားကြရပေသည်။

အချိန်ကလည်း နေဝင်ချိန်ရောက်ပြီ ဖြစ်သောကြောင့် မြစ်တကျောမှာ မှောင်စပျိုးနေချေပြီ။





လှေကို စောထီးနှင့် ငမဲအောင်တို့က ရှေ့နောက်လှော်ပြီး နီမောင်က လှေဝမ်းအလယ်မှ ထိုင်လိုက်လေသည်။

ကျောက်ဆောင်စွန်းတစ်ခုကို ကျော်လိုက်သောအခါ ရေစီးသာသော ကလိုင်တစ်ခုသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ကမ်းစပ်မှာ တင်နေသည့် လူတစ်ယောက်ကို လှမ်းမြင်သဖြင့် ထိုနေရာသို့ လှော်သွားလေသည်။

အနားရောက်တော့မှ မိန်းကလေးတစ်ယောက် ဖြစ်မှန်းသိကြရသဖြင့် အခြေအနေသိစေရန် လှေကို ထိုနေရာအနီးတွင် ရပ်လိုက်ကြသည်။

နီမောင်က လှေပေါ်မှဆင်းသွားကာ ရေစပ်မှာတင်နေသော မိန်းကလေးကို ပွေ့ယူလိုက်သည်။

ထိုအခါ ညည်းညူသံ ကြားရသည်။

မိန်းကလေးမျက်နှာကိုမြင်တော့ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

"ဟင်"

"ဘာဖြစ်လို့လဲ နီမောင်"

"သူမသေသေးဘူး အသက်ရှိသေးတယ်၊ နောက်ပြီး ငါသူ့ကိုသိတယ်"

"အခုမှတွေ့တာ ဘယ်လိုသိတာလဲ"

"ငါ သတိမေ့နေတုန်းက လူသေရွာကို ရောက်သွားခဲ့တယ်၊ အဲဒီမှာ သူနဲ့သိခဲ့ တွေ့ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မင်းတို့နှစ်ယောက်က ဘဝတူတွေပေါ့၊ မင်းကတော့ သတိပြန်ရလာပြီ၊ သူကတော့ ခုထိ သတိမရသေးဘူး"

နီမောင်က အသေအချာကြည့်သောအခါ ခေါင်းတွင် ဒဏ်ရာတစ်ခု ရထားဟန်ရှိပြီး၊ ထိုနေရာမှာ သွေးများစီးကြနေသည်။

"ဦးခေါင်းမှာ ဒဏ်ရာရထားပုံရတယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီအတိုင်းထားခဲ့ရင် သေသွားလိမ့်မယ်၊ ရွာကိုခေါ်သွားပြီး ဆေးကုပေးမှ ဖြစ်မယ်"

"ဒါဖြင့်လည်း လှေပေါ်ခေါ်တင်ခဲ့ အချိန်မရှိတော့ဘူး၊ မြန်မြန်သွားကြရအောင်"

ဟုပြောသဖြင့် နီမောင်က ထိုမိန်းကလေးကို ပွေ့ယူလာပြီး လှေပေါ်တင်သည်။

ထို့နောက် သုံးယောက်သား ထိုနေရာမှ လှေကိုပြန်ထွက်ခဲ့ကြလေသည်။

မြစ်ထဲမှာတော့ မှောင်သွားပေပြီ။



# အခန်း (၄)

# အတိတ်ဘဝမေ့နေသော မိန်းကလေး

နီမောင်တို့နေသောရွာမှာ သစ်ခွမြိုင်ဟု အမည်ပေးထားသော ရွာဖြစ်သည်။

နော်ကိုဗန်မြစ် အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး နော်ကိုဗန်တောင်ခြေနှင့်လည်း မဝေးလှပေ။

ရွာနှင့်ဝန်းကျင်တစ်ဝိုက်တွင် သစ်တောကြီးများ သစ်ပင်မျိုးစုံတို့လည်း ရှိကြသည်။

ထူးခြားမှုမှာ သစ်တောများ၊ သစ်ပင်မြင့်ကြီးများပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် သစ်ခွပန်းမျိုးစုံတို့ ဖူးပွင့်နေကြသည်။

သူတို့အရပ်မလေ့မှာ ရောင်စုံဖူးပွင့်နေသော သစ်ခွပန်းများကို တကူးတက ခူးဆွတ်ကြခြင်း မရှိကြသဖြင့် သဘာဝအတိုင်း လှပနေကြခြင်း ဖြစ်ပေသည်။

နေရာအနှံ့တွင် သစ်ခွပန်းများ ပေါများလှသောကြောင့် ရွာအမည်ကိုပင် "သစ်ခွမြိုင်ရွာ" ဟု အမည်ပေးထားကြခြင်းဖြစ်သည်။

သစ်ခွမြိုင်ရွာက အိမ်ခြေ(၅၀)ကျော်ခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်သည်။

ချင်းပြည်နယ်ဒေသမှာ ရှေးအခါကပင် လူနေကျဲပါးသောနေရာ ဖြစ်ခဲ့သည်။

မြင့်မားသော တောင်တန်းကြီးများ စိမ်းညို့နေသော သစ်တောကြီးများက နေရာမလပ်အောင် ဖုံးလွှမ်းထားသဖြင့် သွားလာရေး များစွာခက်ခဲလှသည်။

ထို့ကြောင့် နေထိုင်သူကျဲပါးရခြင်း ဖြစ်ပေသည်။

အချို့နေရာများတွင် ရွာဟုသာ အမည်တပ်ထားကြသော်လည်း လေးငါးအိမ်မျှသာ ရှိကြသည်။

ယခု နော်ကိုဖန်မြစ်ကမ်းနှင့် မနီးမဝေးမှာရှိသော သစ်ခွမြိုင်ရွာကတော့ အိမ်ခြေပေါင်း(၅၀)ကျော် လောက်ရှိသဖြင့် ရွာကြီးတစ်ရွာ စာရင်းဝင်ဖြစ်ပေတော့သည်။

ထိုရွာသည် နော်ကိုဖန်မြစ်နှင့် နီးသောကြောင့် သစ်ဖောင်ဝါးဖောင်မျှောခြင်း၊ ငါးရှာဖွေခြင်းများ အဆင်ပြေသည့်အ



ပြင် တစ်နေရာမှ တစ်နေရာသွားလာရာမှာလည်း အဆင်ပြေလေသည်။

ရေအတွက်လည်း လုံလောက်စွာ ရကြလေသည်။

ထို့ပြင် နော်ကိုဖန်တောင်ကြီး ရှိနေသောကြောင့် အမဲလိုက်ခြင်း၊ အစားအသောက်ပစ္စည်းများ၊ အသီးအနှံများ ရှာဖွေခြင်းအပြင် အခြားဆေးဝါးနှင့်သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများလည်း အလွယ်တကူ ရှာဖွေရရှိနိုင်ကြသည်။

ဒါ့အပြင် တောင်မြင့်ကြီးများနှင့် မြစ်ကမ်းပါးရှိသော နေရာကြားတွင် မြေကွက်လပ်ကျယ်များရှိကြသည်။

ထိုမြေကွက်များတွင် သီးနှံစိုက်ခင်းများ၊ တောင်ယာစိုက်ခင်းများ စိုက်ပျိုးကြသည်။

အချို့လည်း သိုး၊ ဆိတ်၊ ဝက် အစရှိသော တိရစ္ဆာန်များကို ခြံများဖြင့် မွေးကြသည်။

အချို့ကျတော့လည်း နွားနောက်များကို ခြံကျယ်ကြီးများဖြင့် စီးပွားဖြစ် မွေးမြူလုပ်ကိုင်ကြသည်။

ထိုကဲ့သို့သော စားဝတ်နေရေးအတွက်သော်လည်းကောင်း၊ စီးပွားရေးပြုလုပ်ရန်အတွက်သော်လည်းကောင်း အခြေအနေကောင်းသော နေရာတစ်နေရာဖြစ်သောကြောင့် သစ်ခွမြိုင်ရွာတွင် လာရောက်နေထိုင်ကြသူများခြင်း ဖြစ်သည်။

ထိုရွာမှာ နေထိုင်ကြသူများမှာ ချင်းလူမျိုးများချည်းတော့ မဟုတ်ကြပေ။ ရှမ်း၊ ကချင်၊ ရခိုင်၊ ဗမာ စသောလူမျိုး မိသားစုများလည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် နီမောင်တို့မိသားစုလည်း ပါဝင်ကြသည်။

နီမောင်တို့ သစ်ခွမြိုင်ရွာသို့ ရောက်ခဲ့ကြသည်မှာ နှစ်အတော်ကြာခဲ့ကြပြီဖြစ်၏။

၎င်းတို့မိသားစုမှာ လေးယောက်သာရှိသည်။

ဖခင် ဦးဘရှိန်၊ မိခင် ဒေါ်ကျင်မေတို့အပြင် သားအကြီးဖြစ်သူ နီမောင်နှင့် သမီးအငယ်ဖြစ်သူ နှင်းမေတို့ ရှိကြသည်။

နီမောင်က အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး နှင်းမေက အသက်(၂၀)လောက်သာ ရှိသေးသည်။

အင်္ဂလိပ်များအုပ်စိုးနေစဉ်က နေ့ာ်ကိုဗန်မြစ်ရိုးတစ်လျှောက်တွင် အစိုးရမှ သစ်ထုတ်သော သစ်စခန်းများ ရှိကြသည်။

ထိုသစ်စခန်းများ အနယ်နယ်အရပ်ရပ်မှ သစ်တောလုပ်ငန်းကျွမ်းကျင်သော အလုပ်သမားများ လာရောက်လုပ်ကိုင်ကြရာသို့ အထဲတွင် ဦးဘရှိန်တို့မိသားစုလည်း အပါအဝင် ဖြစ်ပေသည်။

ဦးဘရှိန်က မြစ်ဝကျွန်းပေါ် အရပ်ဒေသဘက်မှဖြစ်ပြီး သစ်တောလုပ်ငန်း ကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်ပေသည်။

ထိုဒေသဘက်မှာ နယ်မြေအခြေများ မကောင်းသောအခါ တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းလုပ်ကိုင်ကြရင်းမှ နေ့ာ်ကိုဗန် သစ်ထုတ်လုပ်ရေးစခန်းသို့ ရောက်လာခဲ့ခြင်း ဖြစ်ပေ၏။

ထိုအရပ် ထိုဒေသဘက် ရောက်ကာစကတော့ နေရာဒေသချင်း သဘာဝမတူ၊ ရာသီဥတုချင်း မတူသောကြောင့် အ



ဆင်မပြေခဲ့ပေ။

နောက်တော့လည်း . . တဖြည်းဖြည်း အချိန် ကြာလာသောအခါမှာတော့ ကိုယ့်အရပ်ဒေသကဲ့သို့ ဖြစ်လာပြီး နေသားတကျ ဖြစ်လာလေတော့သည်။

မြန်မာပြည်မှ အင်္ဂလိပ်များ စွန့်ခွာထွက်ပြေးကြရပြီး နောက်ပိုင်းမှာတော့ ၎င်းတို့လုပ်ကိုင်ခဲ့သော သစ်လုပ်ငန်းများလည်း ရပ်တံ့သွားလေတော့သည်။

ထိုအခါ သစ်တောစခန်းများမှာ ဝင်ရောက်လုပ်ကိုင်နေကြသော အလုပ်သမားများမှာလည်း ခေတ်ကာလ အခြေအနေမကောင်းလှသဖြင့် မိမိတို့အရပ်ဒေသများသို့ မပြန်ကြတော့ဘဲ ထိုနေရာတစ်ဝိုက်မှာပင် အခြေချနေထိုင်ကြပြီး တစ်ဝမ်းတစ်ခါးအတွက် သင့်တော်သောအလုပ်များကို လုပ်ကိုင်စားသောက်လေသည်။

ထိုသို့ဖြင့် သစ်ခွမြိုင်ရွာကဲ့သို့ လူမျိုးပေါင်းစုံတို့ ရောနှောနေထိုင်သောရွာများ ပေါ်ပေါက်လာရခြင်းပင် ဖြစ်ပေတော့သည်။

နီမောင်တို့ မိသားစုမှာ ရွာတည်စကပင် ဦးစွာပါဝင်လာကြသူများ ဖြစ်ကြသောကြောင့် စီးပွားရေးလုပ်ငန်းများ အခြေချသောအခါမှာလည်း စောစောပင် အခြေကျခဲ့ကြသည်။

ယခုအချိန်မှာတော့ သူတို့မိသားစုမှာ လူချမ်းသာစာရင်းဝင်များ မဟုတ်ကြစေကာမူ စီးပွားရေးချောင်လည်စွာဖြင့် နေနိုင်ကြသော အခြေအနေမျိုးတော့ ရှိကြလေသည်။

☺ အောင်မြင်စာအုပ် ☺

www.burmeseclassic.com



တောင်ယာစိုက်ခင်းအချို့နှင့် သစ်သီးခြံများရှိသည်။

သိုး၊ ဆိတ်၊ ဝက် စသော တိရစ္ဆာန်များအပြင် နွားနောက်များ မွေးထားသော ခြံတစ်ခြံလည်း ပိုင်ဆိုင်ထားကြလေသည်။ နွားနောက်(၁၅)ကောင်ခန့် ရှိသည်။

နွားနောက်များမွေးထားသောကြောင့် နွားနို့၊ ဒိန်ခဲ၊ ထောပတ်စသည်တို့ ရသည့်အပြင် နွားနောက်များက နှစ်စဉ် သားပေါက်သဖြင့် အကောင်ရေ တိုးပွားလာသည်။

ထို နွားနောက်များကို ရောင်းချခြင်းဖြင့် အပိုဝင်ငွေရနေကြခြင်း ဖြစ်သည်။

ချင်းလူမျိုးတို့အတွက် နွားနောက်သည် မရှိလျှင်မဖြစ်သော သတ္တဝါတစ်မျိုးပင်ဖြစ်၏။

မင်္ဂလာကြေး၊ သာရေးနာရေး နှင့် နတ်နှင့်သက်ဆိုင်သော ပူဇော်ပွဲ၊ ဘွေသဲစသော ရိုးရာပွဲများတွင် နွားနောက်သည် သူတို့အတွက် မပါလျှင်မပြီးသော သတ္တဝါတစ်မျိုး ဖြစ်ပေသည်။

ထို့ကြောင့် နွားနောက်မွေးမြူပြီး ရောင်းချသော နီမောင်တို့ မိသားစုများမှာ ဝင်ငွေကောင်းပြီး စီးပွားရေး ချောင်လည်နေကြခြင်း ဖြစ်လေသည်။

နီမောင်နှင့် အမြဲတစေတွဲနေကြသော စောထီးနှင့်ငမဲအောင်တို့မှာ သားချင်းမတော်ကြသော်လည်း ညီအစ်ကိုကဲ့သို့ ချစ်ခင်ကြသူများ ဖြစ်ကြသည်။

သူတို့နေထိုင်သော အိမ်နှင့်လည်း တစ်ရွာတည်း ဖြစ်သောကြောင့် တောထဲဝင်လျှင်သော်လည်းကောင်း၊ တောင်ပေါ်



တက်လျှင်သော်လည်းကောင်း၊ မြစ်ထဲဆင်းပြီး ငါးဖမ်းသောအခါမှာသော်လည်းကောင်း အတူတူပင် သွားလာကြခြင်း ဖြစ်ကြလေသည်။

ယခုတော့ နီမောင်တို့နေအိမ်မှာ လူပိုတစ်ယောက် တိုးလာလေသည်။

ဘယ်နေရာက ရောက်လာမှန်းမသိသော မိန်းကလေး တစ်ယောက်ပင် ဖြစ်ပေသည်။

သတိမေ့နေလျက် ဒဏ်ရာများဖြင့် မြစ်ကမ်းစပ်တွင် တင်နေသည်ကို တွေ့သဖြင့် အိမ်သို့ခေါ်လာပြီး ဆေးကုပေးခြင်း ဖြစ်လေသည်။

ဆေးဆရာကလည်း အခြားအရပ်ဒေသမှ ဝေးဝေးလံလံ သွားခေါ်ရသည် မဟုတ်ပေ။

ရွာထဲမှာရှိသော မြန်မာတိုင်းရင်းဆေးဆရာကြီး ဦးဇန်ကောင်းကိုပင် ပင့်ခေါ်ပြီး ကုသပေးခဲ့ခြင်း ဖြစ်သည်။

ထိုမိန်းကလေးမှာ ဦးခေါင်းနောက်ဘက်တွင် တစ်စုံတစ်ခုဖြင့် ပြင်းပြင်းထန်ထန် ဆောင့်မိခဲ့သဖြင့် သတိမေ့ပြီး ရေထဲ မျောပါခဲ့ခြင်း ဖြစ်သည်။

ထိုမိန်းကလေးမှာ အခြားမဟုတ်ပေ။

မိဘများသဘောမတူသဖြင့် ချစ်သူနှင့်အတူ ထွက်ပြေးကြစဉ် နော်ကိုဇန်မြစ်ထဲမှာ လှေမှောက်ပြီး မျောပါလာသော ဆွယ်လီပင် ဖြစ်လေသည်။

သို့သော်လည်း ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



မိခဲ့သောကြောင့် အတိတ်ဘဝမှအကြောင်းများကို မမှတ်မိတော့ပေ။ ဘာမှမေးမရတော့ပေ။

သူမသတိပြန်ရလာတော့ . . ဆေးဆရာကြီး ဦးဗန်ကောင်းက မေးမြန်းကြည့်သော်လည်း ဘာမှမမှတ်မိတော့ပေ။

သူမ မှတ်မိနေတာ တစ်ယောက်ပင်ရှိသည်။ နီမောင်ပင် ဖြစ်သည်။ သတိရလာပြီးနောက် နီမောင်ကို မြင်သည်နှင့် တအံ့တသြ ဖြစ်သွားလေသည်။

"ဟင် . . နင် . . နင်"

"နင် ငါ့ကိုသိသလား"

"နင်နဲ့ငါနဲ့ တစ်ခါတွေ့ဖူးတယ် မဟုတ်လား"

"ဟုတ်တယ်၊ ငါတို့နှစ်ယောက် လူသေရွာသွားတုန်းက လမ်းမှာတွေ့ခဲ့ကြတာ"

နီမောင်က ပြောပြလိုက်သည်။

ထိုစကားကို ဆွယ်လီကလည်း မှတ်မိဟန်ရှိပေသည်။

"နင် ဘယ်လိုပြန်ရောက်လာတာလဲ"ဟု ဆွယ်လီက တအံ့တသြမေးသည်။

"လမ်းမှာ အဘိုးကြီးတစ်ယောက်နဲ့တွေ့ပြီး သူက ဒီကို ပြန်ပို့ပေးလိုက်တာ"

"အတူတူပဲ ငါလည်း သူနဲ့တွေ့လို့ အသက်ပြန်ရှင်လာတာ၊ ငါတို့နှစ်ယောက်က ဘဝတူတွေပဲ"

ဟု ပြောလေသည်။

သူမ စကားကြားတော့ အနားမှာ အခြေအနေကြည့်





နေသူများက အံ့သြသွားကြလေသည်။

နီမောင်ကလည်း သူမပြောသောစကားများကို လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြလေသည်။

"ဟုတ်တယ်၊ ငါတို့နှစ်ယောက်က ဘဝတူတွေပဲ၊ ဒါကြောင့် လူသေရွာမှာတွေ့ခဲ့ပြီး လူ့ဘဝကို အတူတူ ပြန်ခွင့်ရကြတာ၊ နင့်နာမည်က ဘယ်သူလဲဟင်"

ထိုသို့မေးလိုက်တော့ မျက်လုံးကလေး ကလယ်ကလယ်ဖြင့် စဉ်းစားနေသည်။

"နာမည်"

"ဟုတ်တယ်၊ နင့်နာမည်ကို မေးတာ"

ဆွယ်လီက အတန်ကြာအောင် စဉ်းစားနေသော်လည်း သူမနာမည် ဘယ်သူဖြစ်သည်ကို စဉ်းစားရဟန်မတူပေ။

ထို့ကြောင့် ဟိုကြည့်ဒီကြည့် ကြည့်နေရင်းမှ နီမောင်တို့ အိမ်ရှေ့တွင် တစ်ပင်လုံးဖူးပွင့်နေသော ချယ်ရီပင်ကြီးကို လှမ်းမြင်သွားလေသည်။

"ချယ်ရီ . . ချယ်ရီ . . ငါ့နာမည် ချယ်ရီထင်တယ်"

သူမကို မိဘများက ချင်းနာမည် ဆွယ်လီဟုပေးပြီး . . မြန်မာဆန်ဆန် ချယ်ရီဆိုသော အမည်တစ်ခုလည်း ပေးထားသေးသည်။ ထိုအကြောင်းများကို မှတ်မိသဖြင့် ပြောချင်းတော့ မဟုတ်ပေ။

မျက်စိရှေ့တွင် ချယ်ရီပင်ကြီးနှင့် ချယ်ရီပန်းပွင့်များကို လှမ်းမြင်နေရသဖြင့် အလွယ်တကူ ပြောလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နင့်နာမည် ချယ်ရီပေါ့ . . ဟုတ်လား"

ခေါင်းညိတ်ပြသည်။

"နင့်မိဘတွေက ဘယ်သူလဲ"

"ငါ မသိဘူး"

"နင် ဘယ်ရွာမှာနေတာလဲ"

"အဲဒါလည်း မသိတော့ဘူး"

ထိုစကားကြားတော့မှ ဆွယ်လီအခြေအနေကို သဘောပေါက် သွားကြလေတော့သည်။

ချယ်ရီဟု သူမဘာသာ အမည်ပေးထားသော မိန်းကလေးမှာ ဦးခေါင်းကို ထိခိုက်မိသောဒဏ်ရာကြောင့် အတိတ်ဘဝမှအကြောင်းများကို မမှတ်မိတော့ပေ။

"နင့်ကို ဘယ်နေရာမှ ပို့ပေးစေချင်သလဲ၊ နင်ဘယ်သူနဲ့ နေချင်သလဲ"

"ငါ ဘယ်သွားလို့ ဘယ်ပြန်ရမှန်းလဲ မမှတ်မိတော့ဘူး၊ ဒီနေရာမှာလည်း ငါသိတာဆိုလို့ နင်တစ်ယောက်ပဲရှိတယ်၊ နင်တို့နဲ့ပဲ နေမယ်လေ"

"ကောင်းတာပေါ့၊ ငါတို့ မိသားစုမှာ တစ်ယောက်တိုးလာတာပေါ့၊ ငါ့ ညီမလေးလည်း အဖော်ရပြီပေါ့"

နီမောင်က ဝမ်းသာအားရပြောပြီး မိသားစုများနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ဆွယ်လီအတွက်တော့ ဘဝသစ်တစ်ခုကို ရောက်လာခဲ့ခြင်းပင် ဖြစ်ပေတော့သည်။ ဆရာကြီးဦးဖန်ကောင်းကတော့





နီမောင်ကိုခေါ်ပြီး တိုးတိုးတိတ်တိတ် မှာလေသည်။

"သူက ခေါင်းကိုထိမိလို့ အတိတ်ဘဝကအကြောင်းတွေကို ဘာမှမမှတ်မိတော့ဘူး၊ အခုနေ သူ့မိဘဆွေမျိုးတွေနဲ့ ပြန်တွေ့ရင်တောင်မှ မှတ်မိတော့မယ် မထင်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"သူ အတိတ်ဘဝက အကြောင်းတွေကို သတိပြန်မရမချင်း မင်းတို့မိသားစုကပဲ စောင့်ရှောက်ပေးထားပါ"

"ကောင်းပါပြီ ဆရာကြီး . . ဒီအတွက်တော့ စိတ်ချပါ၊ သူ့ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးထားပါ့မယ်"

"အခုလို ဒုက္ခရောက်လာတဲ့ လူတစ်ယောက်ကို ကူညီပေးရတာ ကုသိုလ်ရပါတယ်ကွာ၊ ဒါပေမယ့် မင်းကိုတော့ တူသားနောင်မယ်လို ခင်မင်နေတာဆိုတော့ သတိတော့ပေးထားရဦးမယ်"

"ဘာများလဲ ဆရာကြီး"

"သူက အခုလောလောဆယ် မင်းတို့နဲ့ကံစပ်လို့ မင်းတို့ဆီရောက်နေပေမယ့် ကိုယ့်ရဲ့မိသားစုအရင်းအခြာ မဟုတ်ဘူး"

"ဟုတ်ပါတယ်"

"အကြောင်းတစ်စုံတစ်ရာကြောင့် သူ့ရဲ့အတိတ်ဘဝက အကြောင်းတွေကို ပြန်ပြီးမှတ်မိသွားတဲ့တစ်နေ့ကျရင် သူ့နေရာကို သူပြန်သွားလိမ့်မယ်"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အဲဒီအချိန်ကျရင် . . သူက မင်းတို့မိသားစုကို မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာ မဟုတ်ဘူး"

"သူမေ့သွားရင်လည်း ကျွန်တော်တို့ကတော့ ဘယ်လိုမှ သဘောမထားပါဘူး ဆရာကြီးရယ်၊ ခွင့်လွှတ်ပေးနိုင်ပါတယ်"

"အေး. . အေး. . မင်းတို့မိသားစု သဘောကောင်းကြတာတော့ ငါသိပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ သူက ကိုယ်ပိုင်ဆိုင်တဲ့ သူမဟုတ်လေတော့ အချိန်တန်ရင်တော့ အိမ်ပြန်သွားမှာပဲ၊ အဲဒီအချိန်ကျရင် ကိုယ့်ဘက်က ခံသာအောင် စိတ်ကို လျှော့ထားပေါ့ကွာ"

ဟု ပြောပြလေသည်။

"ဆရာကြီး စေတနာနဲ့ သတိပေးတာကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါကြောင့် သူ့အပေါ်မှာ ဘယ်လို မျှော်လင့်ချက်မျိုးမှ မထားဘဲနဲ့ ညီမလေးတစ်ယောက်လို စောင့်ရှောက် ပေးထားပါ့မယ်"

"ကောင်းတာပေါ့ကွာ. . ဒီလိုဒုက္ခရောက်နေတဲ့သူကို အကူအညီပေးရတာ ကုသိုလ်ရပါတယ်"

ဟုပြောကာ ဆရာကြီး ဦးဇန်ကောင်းလည်း ပြန်သွားလေတော့သည်။ နီမောင်စိတ်ထဲမှာတော့ ဆရာကြီးပြောသွားသော စကားများကို သတိရနေရင်းနှင့် သက်ပြင်းအခါခါချနေမိပေတော့သည်။





# အခန်း(၁၀)

## အငိုမျက်လုံး အပြုံးမျက်နှာ

မမျှော်လင့်ဘဲ နီမောင်တို့မိသားစုဘဝထဲသို့ ဆွယ်လီရောက်လာပြီးနောက်ပို့ပြီး ပျော်စရာကောင်းလာလေသည်။

နှင်းမေကလည်း အစ်မတစ်ဦးရသကဲ့သို့ ပျော်ရွှင်နေလေသည်။

ဆွယ်လီကလည်း ဦးခေါင်းမှဒဏ်ရာပျောက်ကင်းသွားပြီး နေကောင်းလာသောအခါ ခြံအလုပ် အိမ်အလုပ်များကိုဝိုင်းကူလုပ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့်လည်း မည်သည့်အလုပ်မဆို ဝိုင်းကူလုပ်ပေးနိုင်လေသည်။

တောင်ယာအလုပ်များ၊ သစ်သီးခြံအလုပ်များအပြင် အထူးသဖြင့် နွားနောက်မွေးမြူသောလုပ်ငန်းများကို ကျွမ်းကျင်စွာ အကူအညီပေးနိုင်လေသည်။

"ချယ်ရီ... နင်က သိပ်ပြီးနေကောင်းသေးတာ မဟုတ်ဘူး၊ ဒီအလုပ်တွေက ငါတို့မိသားစုတွေ လုပ်နေကျအလုပ်တွေပါ၊ အိမ်မှာပဲ နားနားနေနေ နေပါလား"

"မနေချင်ပါဘူး၊ ဒီအလုပ်တွေက ငါလုပ်တတ်တဲ့ အလုပ်တွေပဲ၊ လူပိုတစ်ယောက်လိုနေတာမျိုးတော့ မနေချင်ပါဘူး"

တစ်နေ့တော့ နီမောင်က နွားနောက်များ မွေးမြူထားသော ခြံသို့သွားသောအခါ ဆွယ်လီလည်း လိုက်လာလေသည်။ ထိုနွားခြံမှာလည်း အစောင့်ထားသော အလုပ်သမားသာ ရှိလေသည်။

"နင်တို့မှာ နွားနောက်တွေ မွေးထားတာရှိတယ်နော်။ ဒီနေရာရောက်တော့ ငါရောက်ဖူးတဲ့နေရာ တစ်ခုလိုပဲ စိတ်ထဲမှာ ထင်နေတယ်"

"နင် အရင်နေခဲ့တဲ့နေရာမှာ နွားနောက်မွေးထားတဲ့ခြံရှိလို့သာ ဖြစ်မှာပေါ့။ နင်ဒီအလုပ်တွေကို ရောလုပ်တတ်သလား"

"လုပ်တတ်တာပေါ့၊ ဒါတွေက ငါလုပ်နေကျ အလုပ်တွေပဲဟာ"

ထိုသို့ပြောပြီး နွားခြံနှင့်သက်ဆိုင်သော အလုပ်များကို





ဝင်ရောက်လုပ်ကိုင်ပေးလေသည်။

သူမသည် ဒိန်ခဲ၊ ထောပတ် ပြုလုပ်ခြင်းများကို ကောင်းစွာပြုလုပ်တတ်လေသည်။

ထို့ပြင် နွားများကို ထိမ်းကျောင်း မောင်းနှင်ခြင်း၊ နွားနို့ညှစ်ခြင်း စသောအလုပ်တို့ကိုလည်း ကျင်လည်စွာ လုပ်ကိုင်ပေးနိုင်သည်။

"နင်က ဒီအလုပ်တွေကို အတော့်ကို ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်နေတော့ အရင်က နွားနောက်ခြံမှာနေခဲ့ဖူးတယ် ထင်တယ်"

"ဟုတ်မှာပေါ့"

သူမကတော့ ဒါပဲပြန်ပြောလေသည်။ ဘာပဲပြောပြော ဆွယ်လီတစ်ယောက် သူတို့မိသားစုထံရောက်လာခြင်းကတော့ ပျော်ရွှင်စရာကောင်းလာသည်ကတော့ အမှန်ပင်ဖြစ်သည်။

အိမ်မှာ မိန်းကလေးအဖော်တစ်ယောက်ကလည်း ရှိနေရာ ဆွယ်လီအတွက်လည်း အဆင့်ပြေသည်။

နှင်းမေကလည်း ဆွယ်လီကို အစ်မတစ်ယောက်ကဲ့သို့ ခင်မင်နေလေသည်။

ဦးဘရှိန်နှင့်ဒေါ်ကျင်မေတို့ကလည်း မပိုင်သော်လည်း သမီးကြီးတစ်ယောက်ကဲ့သို့ ချစ်ခင်ကြသည်။

"ဘယ်ကရောက်လာမှန်းမသိ၊ သူဘယ်သူမှန်းမသိရဆေမယ့် ငါတော့ သမီးကြီးတစ်ယောက် ကောက်ရသလိုပဲ၊ တစ်နေ့ကျရင် သူပြန်သွားမှာကိုတောင် စိုးရိမ်နေမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်ကျင်မေက စိတ်ထဲရှိသည့်အတိုင်း ပြောလေသည်။

"ငါတို့နဲ့ ရေစက်ရှိခဲ့လို့ အခုလိုရောက်လာပေမယ့် ဒီလောကကြီးတော့ သံယောဇဉ်မထားပါနဲ့ကွာ၊ မင်းက သံယောဇဉ် ထားနေပေမယ့်လည်း သူသတိပြန်ရလာတဲ့အခါ သူနေရာသူ ပြန်သွားမှာပေါ့၊ အဲဒီအချိန်ကျရင် မင်း ခံစားရလိမ့်မယ်"

ဟု ဦးဘရှိန်က ဖြောင်းဖျပြောဆိုသောအခါ ဒေါ်ကျင်မေက သက်ပြင်းချလိုက်လေသည်။

"ဒီတော့ ကိုယ့်ဆီမှာနေသွားတဲ့အခိုက်မှာ အကောင်းဆုံးသာလုပ်ပေးလိုက်၊ အကူအညီပေးလိုက်၊ တခြားတော့ သူ့ဆီက ဘာမှမမျှော်လင့်မထားပါနဲ့"

ဟု ပြောလေသည်။

ညဦးပိုင်း အလုပ်သိမ်းကြသောအခါ နီမောင်က အိမ်ရှေ့သို့ ထွက်ထိုင်လေ့ရှိသည်။ သူတို့အိမ်ရှေ့တွင် တစ်ပင်လုံးပွင့်နေသော ချယ်ရီပင်ကြီး ရှိသည်။ ထိုချယ်ရီပင်ကြီးအောက်တွင် ခုံတန်းများပြုလုပ်ထားလေသည်။

ထိုနေရာမှ တောင်ကုန်းအမြင့်ပေါ်မှာရှိသောကြောင့် ခုံတန်းများပေါ်မှ ထိုင်ကြည့်လျှင် နှင်းမှုံများအောက်တွင် လှပနေသော တောင်တန်းကြီးများကိုသော်လည်းကောင်း၊ တသွင်သွင် စီးနေသောမြစ်ကြီးကိုသော်လည်းကောင်း လှမ်းမြင်ရလေသည်။

ထိုနေရာတစ်ဝိုက်မှာရှိသော သစ်ပင်ကြီးများပေါ်မှာ



ရောင်စုံသစ်ခွပန်းများကလည်း အစဉ်မပြတ် ဖူးပွင့်နေကြလေသည်။

ထို့ပြင် ရနံ့သင်းသော ပန်းများကလည်း ဖူးပွင့်နေကြရာ သဘာဝပန်းဥယျာဉ်ကြီးကဲ့သို့ ဖြစ်နေတော့သည်။

နီမောင်က တစ်နေကုန် အလုပ်ပင်ပန်းလာပါက အလုပ်ပြီးသောအခါမှာ စားသောက်ပြီးသည်နှင့် ထိုနေရာတွင် တစ်ယောက်တည်း ထိုင်နားလေ့ရှိသည်။

ယခုတော့ သူ့နံဘေးမှာ အဖော်တစ်ယောက်ရှိနေပေပြီ။ ဆွယ်လီပင် ဖြစ်သည်။

"နီမောင်"

"ဟင်"

"ငါကဘယ်နေရာကနေ ဒီကိုရောက်လာတာလဲဟင်"

"နင်ကို နတ်တွေက ငါတို့နဲ့ အတူတူနေဖို့ ပို့ပေးလိုက်တာဖြစ်မှာပေါ့၊ နင်ဘယ်နေရာက ရောက်လာတာလဲတော့ ငါလည်း ဘယ်သိပါ့မလဲ"

"ဒါဖြင့် ငါ့အရင်က နေခဲ့တဲ့နေရာတော့ ရှိမှာပေါ့နော်"

"ဒါကတော့ ရှိမှာပေါ့ ချယ်ရီရဲ့"

"တစ်နေ့ကျရင် ငါက အဲဒီနေရာကို ပြန်သွားရမှာလားဟင်"

နီမောင်က သက်ပြင်းချလိုက်သည်။

"ဒါကတော့. . နင်ရဲ့ဘဝဟောင်းက သက်ဆိုင်သူတွေ ရောက်လာပြီး လာခေါ်ရင်တော့ နင်ပြန်လိုက်သွားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝဟောင်းက လူတွေဆိုတာ ဘယ်သူတွေလဲဟင်"

"နင့်ရဲ့မိဘတွေ၊ ဆွေမျိုးသားချင်းတွေ နောက်ပြီး.. နင်နဲ့သက်ဆိုင်သူတွေပေါ့"

"ဟင် ငါကတော့ သူတို့လာခေါ်ရင်လည်း ပြန်လိုက်မသွားချင်ပါဘူး၊ ငါဒီမှာ နင်တို့နဲ့နေရတာ သိပ်ပျော်တာပဲ"

"ငါတို့ကလည်း နင့်ကိုတစ်သက်လုံး ခေါ်ထားချင်ပါတယ် ချယ်ရီရယ်၊ ဒါပေမယ့်.."

နီမောင်က ရှေ့ဆက်မပြောတော့ဘဲ အဝေးသို့ကြည့်နေလေသည်။

"ငါသိချင်တာ တစ်ခုတော့ရှိတယ်"

"ဘာလဲဟင်"

"နင်နဲ့ငါနဲ့က လူသေရွာသွားတဲ့လမ်းရောက်မှ စတွေ့ခဲ့ကြတာ မဟုတ်လား၊ အရင်က နင်နဲ့ငါနဲ့ ချစ်သူတွေ ဖြစ်ခဲ့ဖူးသလားဟင်"

နီမောင်က ခေါင်းခါပြလိုက်လေသည်။

ထိုအခါမှာတော့ ဆွယ်လီက သက်ပြင်းချလိုက်လေသည်။

"ငါဘဝက ဘယ်ကလာတဲ့.. ကိုယ့်ကိုယ်ကိုတောင် ဘယ်သူမှန်း မသိတဲ့ဘဝပါပဲ၊ ဒီလိုလူတစ်ယောက်ကို ဆွေမျိုးသားချင်းတစ်ယောက်လိုခေါ်ပြီး စောင့်ရှောက်ထားတဲ့ နင်တို့မိသားစုတွေရဲ့ ကျေးဇူးတွေကို ငါဘယ်တော့မှ မမေ့ပါဘူး"

ဟုပြောကာ နေရာမှထသွားလေတော့သည်။ နီမောင်





ကတော့ အတွေးပေါင်းများစွာတို့ဖြင့် နေရာမှာပင် ကျန်ခဲ့လေတော့သည်။

နောက်ပိုင်းရက်များမှာလည်း ဆွယ်လီမှာ ဘဝဟောင်းမှအကြောင်းများကို တွေတွေထူးထူးစဉ်းစား မနေတော့ဘဲ ပျော်ပျော်ပါးပါးနှင့်ပင် ဆက်နေလေသည်။

ထိုသို့နေထိုင်ခဲ့တာ လအနည်းငယ်ကြာလာတော့.. နီမောင်နှင့်ဆွယ်လီတို့ နှစ်ယောက်မှာ တစ်ယောက်ရင်ထဲမှ သံယောဇဉ်ကို.. တစ်ယောက်က ရိပ်မိလာသောအခြေအနေသို့ ရောက်လာလေတော့သည်။

သို့သော်လည်း နီမောင်က အတိတ်မေ့နေသော ဆွယ်လီအခြေအနေကြောင့် သူရင်ထဲမှ သံယောဇဉ်ကို ကြိတ်မှိတ်မျိုသိပ်ထားခဲ့လေသည်။

"သူကတော့ ငါဖွင့်ပြောရင် ငါရဲ့မေတ္တာကို လက်ခံပေးမှာပါ၊ ဒါပေမယ့် သူမှာဘယ်လိုနောက်ကြောင်းတွေ ရှိတယ်ဆိုတာ ငါမသိရသေးဘူး၊ ငါဖွင့်ပြောပြီး ချစ်သူဘဝရောက်ခဲ့ပြီးမှ ဘဝဟောင်းက ပိုင်ဆိုင်တဲ့သူရောက်လာရင် နှစ်ယောက်စလုံး စိတ်ဆင်းရဲရလိမ့်မယ်"

ထို့ပြင် သူမရောက်စက ဆေးကုပေးသော ဆရာကြီးဦးဗန်ကောင်း၏ သတိပေးထားခဲ့သော စကားများကိုလည်း ယခုထိ မမေ့သေးပေ။

"သူက အတိတ်ဘဝမေ့နေတဲ့သူ.. တစ်နေ့ကျရင် ဘဝဟောင်းကအကြောင်းတွေကို ပြန်ပြီးသတိရလာတဲ့ တစ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကို ပြန်မေ့သွားလိမ့်မယ်၊ အခုလိုအခြေအနေမျိုးနဲ့ ခွဲလိုက်ရတာကမှ တော်ဦးမယ်၊ ချစ်သူဘဝရောက်ခဲ့ပြီးမှ ခွဲရရင် ဒီထက်ပိုပြီး ခံစားရလိမ့်မယ်၊ ဒီတော့ သူ့အပေါ်မှာ ဘယ်လောက်ပဲချစ်နေနေ ဖွင့်မပြောဘဲနေတာက ပိုကောင်းမယ်ထင်ပါတယ်"

ဟု ဆုံးဖြတ်ထားလေသည်။

ဤသို့ဖြင့် ရက်လအတန်ကြာသောအခါ ခါတိုင်းနှင့်မတူဘဲ မှုပျက်နေသော နီမောင်အခြေအနေကို ရိပ်မိကြသဖြင့် စောထီးနှင့်ငမဲအောင်တို့က မေးကြသည်။

"မင်းတို့နှစ်ယောက် အခြေအနေက. . ဘာထူးပြီလဲ နီမောင်"

"ဘာမှ မထူးသေးပါဘူးကွာ"

"မင်း သူ့ကိုချစ်နေတယ်မဟုတ်လား၊ သူကလည်း မင်းကို သဘောကျနေပုံရပါတယ်၊ မင်းဖွင့်ပြောရင် လက်ခံပေးမှာပါ"

"ဒါပေမယ့် သူ့ဘဝဟောင်းမှာ ပိုင်ဆိုင်သူရှိနေရင် ခက်လိမ့်မယ်"

"ချယ်ရီက ချောလည်းချော၊ လှလည်းလှပြီး ဒီအသက်အရွယ်ရောက်နေပြီဆိုတော့ ချစ်သူတွေဘာတွေတော့ ရှိခဲ့မှာပေါ့၊ အိမ်ထောင်ရှိမယ့်ပုံတော့ မပေါ်ပါဘူး"

"ငါစိုးရိမ်နေတာက သူနဲ့ငါ အဆင်ပြေကြပြီးမှ အခုဘဝကိုမေ့ပြီး အရင်ဘဝကို ပြန်သတိရခဲ့ရင် ငါတို့အားလုံးကိုပါ မေ့သွားလိမ့်မယ်၊ အဲဒီအချိန်ကျရင် ပိုဆိုးလိမ့်မယ်၊ ဒီတော့ သူ့ဘဝဟောင်းကို ပြန်သတိရတဲ့အထိ ဒီလိုပဲနေသွားတာပဲ ကောင်းမယ်





ထင်ပါတယ်"

ဟု ပြန်ပြောလိုက်လေသည်။

စောထီးနှင့်ငမဲအောင်တို့ကတော့ နောက်ထပ်ဘာမှ မပြောကြတော့ပေ။

နီမောင်တို့ မိသားစုကတော့ ချယ်ရီကို သားသမီးတစ်ယောက်လိုပင် သဘောထားကာ ဝိုင်းဝန်းပြုစုပေးကြသည်။

ဒေါ်ကျင်မေဆိုလျှင် ရွာထဲမှာရှိသော ယက္ကန်းစင်မှ အင်္ကျီ၊ လုံချည်များဝယ်သောအခါ ချယ်ရီအတွက်ပါ တကူးတက ဝယ်ပေးလေသည်။

ထို့ပြင် ငွေဖြင့်ပြုလုပ်ထားသော ငွေလက်ကောက်၊ ငွေခါးပတ်၊ ခါးအလှဆင်ပစ္စည်းများ၊ ခေါင်းအလှဆင်ပစ္စည်းများ၊ ပုတီးအမျိုးမျိုးတို့ကို ဝယ်ယူဆင်မြန်းပေးထားလေသည်။

ရွာထဲမှာ ဂျပ်ခုတ်သော စင်ရှိသည်။

ထိုနေရာမှ အရောင်အသွေးစုံသော ထမီ၊ အင်္ကျီ၊ ပုဝါများရသဖြင့် ချယ်ရီနှစ်သက်သော ပစ္စည်းများကို လိုလေသေးမရှိအောင် ဝယ်ယူပေးကြသည်။

ဒေါ်ကျင်မေက သမီးအရင်း နှင်းမေအတွက် အင်္ကျီလုံချည်တစ်ထည်ဝယ်လျှင် ချယ်ရီအတွက်လည်း တစ်ထည်ဝယ်ဆင်ပေးသည်။

ပုတီးတစ်ကုံးဝယ်ပေးလျှင် သူ့အတွက်လည်း တစ်ကုံးဝယ်ပေးလေသည်။

ထို့ပြင် ချယ်ရီက တခြားအစားအသောက်များထက်

www.burmeseclassic.com

www.burmeseclassic.com



မြစ်ထဲမှဖမ်းမိသော ငါးကြင်းငါးတို့ကို အကောင်လိုက် မီးကင်ထားသော အစားအသောက်ကို အကြိုက်ဆုံးဖြစ်လေသည်။

ထို့ကြောင့်. . နီမောင်ကိုယ်တိုင် မကြာခဏဆိုသလို စောထီး၊ ငမဲအောင်တို့နှင့်အတူ မြစ်ထဲသို့ ငါးဖမ်းသွားကာ ငါးရလာလျှင် ကိုယ်တိုင်မီးကင်ပေးလေ့ ရှိသည်။

တစ်နေ့တော့ မြစ်ထဲသို့ဆင်းပြီး ငါးဖမ်းရန်အတွက် သွားသောအခါ ဆွယ်လီလည်း လိုက်လာလေသည်။

ပထမတော့ ပျော်ရွှင်တက်ကြွစွာ လိုက်လာခဲ့ပြီး မြစ်ကမ်းနားရောက်တော့မှ အခြေအနေပျက်သွားလေတော့သည်။

အခြေအနေက ရုတ်ခြည်းဆိုသလို ပြောင်းလဲသွားလေသည်။

"ဆွယ်လီ နင်ဘာဖြစ်တာလဲ"

"ငါ လှေမစီးဝံ့တော့ဘူး. . ကြောက်တယ်၊ မြစ်ထဲဆင်းရင် တစ်ခုခုဖြစ်လိမ့်မယ်လို့ စိတ်ထဲက ထင်နေတယ်၊ နင်တို့ပဲ သွားကြတော့၊ ငါဒီနေရာကပဲ ထိုင်စောင့်နေတော့မယ်"ဟု ကမ်းစပ်မှာရှိသော ကျောက်တုံးတစ်တုံးပေါ်မှာ ထိုင်ကျန်ခဲ့လေသည်။

ထို့ကြောင့်. . နီမောင်တို့လည်း ဝေးဝေးမသွားနိုင်ကြတော့ပဲ ထိုနေရာတစ်ဝိုက်မှာပင် လှည့်လည်ငါးဖမ်းကြရလေသည်။ ငါးအတန်အသင့်ရသောအခါ ပြန်ကြလေသည်။

"နင် ဘာဖြစ်လို့ ရေကြောက်တာလဲ"

"မသိဘူး၊ ရေထဲဆင်းရင် တစ်ခုခုဖြစ်မယ်လို့ ထင်နေတယ်၊ နောက်ပြီး ငါ လှေကိုကြောက်တယ်"



"လှေစီးဖူးလို့လား"

"စီးဖူးတယ်လို့တော့ ထင်တာပဲ"

နီမောင်က ဆက်မမေးတော့ပေ။

စိတ်ထဲမှာတော့ ဆွယ်လီနေခဲ့သောနေရာမှာ မြစ်ကမ်းနှင့်မဝေးလှသော နေရာဖြစ်မည်ဟုတော့ စိတ်ထဲမှာ ခန့်မှန်းမိလေသည်။

ညဦးပိုင်းအချိန်ရောက် နီမောင်က အိမ်အပြင်ဘက်မှာရှိသော မီးဖိုပေါ်တွင် ဖမ်း၍ရလာသော ငါးကြင်းများကို တံစို့ထိုးကာ ကိုယ်တိုင်ကင်ပေးလေသည်။

အဆီများလှသော ငါးကြင်း၊ ငါးများမှာ မီးကင်လိုက်သည်နှင့် အဆီတဝင်းဝင်း ဖြစ်လာလေသည်။

ထိုအဆီများက မီးပုံထဲကျသောအခါ ဆီတူးသောအနံ့များ ထွက်လာရုံမကဘဲ ငါးကင်မှ မွှေးလှသော အနံ့များလည်း ထွက်လာလေသည်။

နီမောင်က မီးပုံပေါ်မှာ ကင်ထားသော ငါးကင်များထဲမှ အသားကျက်ပြီဖြစ်သော ငါးကင်တစ်ခုကိုယူပြီး ဆွယ်လီကို ပေးလိုက်သည်။

"နီမောင် ငါနင့်ကို တစ်ခုတော့ ပြောချင်တယ်"

"ပြောလေ"

"ဒီလိုအခြေအနေမျိုးနဲ့တော့ မနေချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ စိတ်ထဲမှာ တစ်ခုခုခံစားနေရသလိုပဲ၊ နင့်ကို ပွင့်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းပဲမေးမယ်၊ နင် ငါ့အပေါ်မှာ သံယောဇဉ် ရှိနေတယ် မဟုတ်လား"

နီမောင်က ငါးကင်ကို လှည့်ပေးနေရင်းမှ . . .

"ဟုတ်ပါတယ်" ဟု ဝန်ခံလိုက်ရလေသည်။

"ငါကလည်း နင့်အပေါ်မှာ သံယောဇဉ်ရှိပါတယ်၊ နင် ငါ့ကိုချစ်နိုင်မယ်ဆိုရင် ငါတို့နှစ်ယောက် လက်ထပ်ကြရင် ပိုမကောင်းဘူးလား"

ဆွယ်လီဘက်မှ ပွင့်ပွင့်လင်းလင်း ပြောလာသောအခါ နီမောင်ကလည်း သူ့ရင်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း ပြန်ပြောရလေသည်။

"ငါလည်းနင့်လိုပါပဲ၊ နင့်ကိုချစ်ပါတယ်၊ လက်ထပ်ပြီး အတူနေဖို့လည်း စိတ်ကူးမိပါတယ်၊ ဒါပေမယ့် . . ."

"တခြားဘာ အကြောင်းရှိသေးလို့လဲ"

"နင့်ရဲ့ နောက်ကြောင်းဘဝကို စုံစမ်းကြည့်ချင်သေးလို့ အခုလိုနေတာပါ။ ငါတို့နှစ်ယောက် လက်ထပ်ပြီးတော့မှ နင့်ကို ပိုင်ဆိုင်ထားပြီးသားလူရှိကြောင်း ပေါ်လာမှာစိုးလို့ပါ။ အဲဒီလိုအဖြစ်မျိုးနဲ့ကြုံရင် ငါတို့နှစ်ယောက်စလုံး စိတ်ဆင်းရဲကြလိမ့်မယ်"

ဟု ပြောလေသည်။

ထိုစကားကြားတော့ ဆွယ်လီပါးပြင်ပေါ်သို့ မျက်ရည်များ ကျလာလေသည်။

"မငိုပါနဲ့ ချယ်ရီရယ်၊ နင်ငိုတာကို ငါမကြည့်ချင်ပါဘူး၊





အမှန်ပြောရရင် ငါနင့်ကိုသိပ်ပြီး ချစ်ပါတယ်၊ နင်နဲ့လည်း မခွဲချင်တော့ပါဘူး၊ ဒီတော့ ဒီတစ်နှစ်လောက်တော့ ငါတို့နှစ်ယောက် ဒီလိုပဲ နေသွားကြရင် မကောင်းဘူးလား၊ ဒီနှစ်အတွင်းမှာ ဘာမှ ထွေထွေထူးထူး ပြဿနာတွေမပေါ်ခဲ့ဘူးဆိုရင် ငါ နင့်ကို လက်ထပ်ယူပါ့မယ်"

ဟု ကတိပေးလိုက်တော့ ပါးပြင်ပေါ်မှာ စီးကျလာသော မျက်ရည်များကို ပုဝါဖြင့် တို့သုပ်လိုက်သည်။

"တကယ်လို့ . . ငါ့ရဲ့ဘဝဟောင်းက မိဘဆွေမျိုးတွေ ရောက်လာပြီး အတင်းပြန်ခေါ်သွားရင် ဘယ်နှယ်လုပ်ကြမလဲ"

"အဲဒီတော့လည်း နင့်မိဘတွေလက်ထဲက . . နင့်ကို တောင်းယူမှာပေါ့"

"နင်တကယ် ကတိပေးနိုင်သလား"

"ကတိပေးပါတယ်၊ နင်ကသာ ငါ့အပေါ်မှာ လက်ခံပေးမယ်ဆိုရင် ဘယ်ဘဝရောက်နေရောက်နေ ငါနင့်ကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားယူပါ့မယ်"

ထိုသို့ပြောလိုက်တော့မှ သူမမျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ ပေါ်လာလေသည်။

အငိုမျက်လုံးနှင့် အပြုံးမျက်နှာမျိုးပင် ဖြစ်သည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန် ရောက်လာပေပြီ။ နှင်းမှုန်နှင်းဖွဲများက ကျဆင်းလာပြီးဖြစ်သောကြောင့် အအေးဓာတ်က ပိုများလာသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ငါးကင်မွှေးကလာ



www.burmeseclassic.com

www.burmeseclassic.com



သော ရန့်များနှင့် ပန်းရန့်များက ရောပြွန်းလျက်ရှိနေကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး အဒေအးဓာတ်များ လွှမ်းစပြု လာပြီဖြစ်သော်လည်း သူတို့နှစ်ဦး ရင်ထဲမှာတော့ အချစ်စိတ်ဖြင့် နွေးထွေးနေကြပေသည်။





## အခန်း (၁၁)

## ပျော်စရာကောင်းသည့်ဘွေသံပွဲ

တစ်နေ့သ၌ နီမောင်တို့နေသော သစ်ခွမြိုင်ရွာသို့ ခွာဘုံရွာမှ နတ်ဆရာ ထန်ကျဲအိုနှင့် လူအချို့ရောက်လာကြလေသည်။

သစ်ခွမြိုင်ရွာမှာ လူမျိုးပေါင်းစုံ နေထိုင်ကြသည်ဆိုသော်လည်း ချင်းလူမျိုးက အများဆုံးနေထိုင်ကြခြင်း ဖြစ်သည်။

ခွာဘုံရွာတွင် ဘွေသံပွဲ ကျင်းပတော့မည် ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် လာရောက်ဖိတ်ကြားကြခြင်း ဖြစ်ပေသည်။

သစ်ခွမြိုင်ရွာမှ ရွာလူကြီးမှာ ဦးထန်ဖုန်းရှိန် ဖြစ်သည်။

ဦးထန်ဖုန်းရှိန်က ချင်းလူမျိုးတစ်ဦးဖြစ်ပြီး ပေါင်းသင်းဆက်ဆံရေးကောင်းသူ ဖြစ်သောကြောင့် အခြားရွာများ၌ ပွဲဇော်ပွဲများ ကျင်းပသောအခါ လာရောက်ဖိတ်ကြားခြင်းခံရလေသည်။

ယခုလည်း နတ်ဆရာ ထန်ကျဲအိုကိုယ်တိုင် လာရောက်ဖိတ်ကြားခြင်း ဖြစ်သည်။

"ခင်ဗျားကလည်း ခင်ဗျားနဲ့အတူ ဒီရွာက လူပျိုအပျိုတွေပါ တစ်ပါတည်း ခေါ်လာခဲ့ပါ။ ဒီနှစ်တော့ တခြားရွာက လူပျိုအပျိုတွေပါ ဖိတ်ထားတော့ ပျော်ပျော်ပါးပါး တွေ့ကြဆုံကြရအောင်ဗျာ"

"ကောင်းတာပေါ့ဗျာ. . လာခဲ့ပါ့မယ်၊ ရွာမှာရှိတဲ့ လူပျိုအပျိုတွေကိုလည်း ခေါ်လာပေးပါ့မယ်"

ဟု ကတိပေးလိုက်ရာ ထန်ကျဲအိုတို့လည်း ပြန်သွားလေတော့သည်။

ထိုအကြောင်းကို ရွာလူကြီးက တစ်ရွာလုံးမှာရှိသောလူများကို အသိပေးလိုက်လေသည်။

လိုက်ပါမည့် လူပျိုအပျိုတို့လည်း စာရင်းပေးရန် မှာကြားလေသည်။

နီမောင်က ဗမာတစ်ဦးဖြစ်သော်လည်း ထိုအရပ်ဒေသတွင် နေထိုင်ခဲ့တာ ကြာပြီဖြစ်သောကြောင့် ချင်းလူမျိုးတစ်ပိုင်း





ဖြစ်နေပေပြီ။

အနီးပတ်ဝန်းကျင်ရွာများတွင် ချင်းလူမျိုးမိတ်ဆွေအတော်များများရှိသောကြောင့် ရိုးရာဓလေ့ပွဲများ ကျင်းပပြုကြလျှင် တကူးတက လာရောက်ဖိတ်ကြားကြလေသည်။

ထို့ကြောင့် ချင်းလူမျိုးတို့ ကျင်းပပြုလုပ်သော ပွဲအတော်များများသို့ ရောက်ဖူးလေသည်။

ရိုးရာဓလေ့ပွဲများ အကြောင်းကိုလည်း အတော်များများသိထားလေသည်။

ယခုလည်း ခွာဘုံရွာမှ ဘွေသဲပွဲသို့ သွားရောက်ရန် သူတို့နာမည်စာရင်းများ ပေးလိုက်သည်။

နီမောင်၊ ချယ်ရီ၊ နှင်းမေ၊ စောထီး၊ ငမဲအောင်တို့ ဖြစ်သည်။ ဆွယ်လီကတော့ ထိုပွဲကို မလိုက်ချင်ပေ။

သို့သော် နီမောင်က သူမအတွက် စိတ်အပြောင်းအလဲဖြစ်စေရန် ခေါ်သွားခြင်းဖြစ်သည်။

"ငါတို့သွားရင် နင်တစ်ယောက်ထဲ ပျင်းကျန်ခဲ့မှာပေါ့၊ ဟိုရောက်လို့ လူတွေအများကြီးတွေ့ရရင် နင် ပျော်သွားမှာပါ"

ဟုပြောတော့ ဘာမှပြန်မပြောတော့ပေ။

နောက်တစ်နေ့မှာတော့ သစ်ခွမြိုင်ရွာမှ လူငယ်လူရွယ်များတို့သည် ကိုယ့်အစုနှင့်ကိုယ်၊ ကိုယ့်အဖွဲ့နှင့်ကိုယ်စုကာ ခွာဘုံရွာသို့ သွားကြလေသည်။

ဘွေသဲပုံ ကျင်းပပုံနှင့် ပတ်သက်သည့် အကြောင်းအရာအနည်းငယ်ကို ဖော်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိန့်ဝက်သတ်ရာတွင် နောက်ဆုံးနှင့် ဆုတောင်းပွဲသည် ဇာန်ချွန်း(Zan chun)ဖြစ်သည်။

ဘွေသဲပွဲ ကျင်းပမည့် တမြန်ညတွင် မိခင်က နောက်ဆုံးမွေး၍ ချိုနုပေါက်စ၊ နွားနောက်ပေါက်ကို အိမ်အောက်၌ ထားကြသည်။

၎င်းနွားနောက်ကို နောက်တစ်နေ့ညတွင် သတ်ကြသည်။

အဆိုပါ နွားနောက်ကို သတ်သည့်(မြားဖြင့်ပစ်)အချိန်၌ ရန်ဖြစ်သူများရှိပါက ခေတ္တရပ်နား၍ ရန်ပွဲပြီးသည့်အခါမှသာ ဆက်လက်၍ ပွဲစကြသည်။

၎င်းရန်ပွဲသည် ကြာရှည်ဖြစ်ပါက ကျင်းပသူအတွက် မကောင်းပါ။

ထို့ကြောင့် အစမှစ၍ ပြန်ကျင်းပရသည်။ အဆိုပါပွဲတွင်သတ်သော နွားနောက်ပေါက်ကို . . ဇင်တလား(Zingtla) "အဆင့်မီ နွားနောက် " ဟုခေါ်သည်။

ဘွေသဲပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ဟဲ(၁)၏ မှတ်တမ်းမှ အကျဉ်းချုပ်၍ ဖော်ပြပါမည်။

ဇန်ချွန့်(Zanchun) ပြုလုပ်မည့်နေ့တွင် ကျင်းပသူ၏ နှမတို့က ဝက်ကိုသတ်ပြီး ယူလာကြသည်။

၎င်းကို အာ(ရ)ဆား( arsa )ဟုခေါ်၍ ကျင်းပသူ၏ မျိုးရိုးစုများက ညစာတွင် စားကြရသည်။

ထိုကဲ့သို့ ဝက်သတ်၍မပေးပါက ပွဲကျင်းပသူ၏ ဇနီးသည်ထံမှ ပွဲကျင်းပသောအခါ လက်ဆောင်ပစ္စည်းရမည်မဟုတ်ပါ။



ညတွင် ကန်ချွန်(Zanchunh)ကို စတင်ကြသည်။ မိုးလင်းသောအခါ ဘွေသဲပွဲ ကျင်းပခြင်းကို စတင်ကြသည်။

(၅)ရက်တိတိ နေ့ရောညပါ စားသောက်ကြ၊ ကခုန်ကြခြင်းဖြင့် အချိန်ကို အသုံးပြုကြသည်။

ဝက်သီး ငါးဆုပ်(၄၀-လက်မလုံးပတ်)သတ်ရသည်။

ကျွဲကိုလည်း အတူသတ်၍ရ၏။ ခေါင်အိုးကြီးကြီး၊ ပြင်းပြင်း (၅)အိုးကိုတည်၍၊ ယခင်က ဤဘွေသဲပွဲ ကျင်းပသူ၊ ဆာရဲအို ( Sareu )ပွဲကျင်းပသူ၊ ခေါင်ကျွဲပွဲ ကျင်းပသူများကို ခေါ်ယူ၍ ကျွေးရသည်။

ထိုကဲ့သို့ ခေါ်ယူ၍ ကျွေးမွေးခြင်းခံရသူများ သောက်စားသည့် အစားအစာကို ချွမ်းချင်(Chuanchang)ဟုခေါ်၍ မကျင်းပသူများက စားခွင့်မရှိပါ။

ထို့နောက် ရှာဇေ(ntlangzam)အတွက် ကျွဲထီးအကြီးကြီးတစ်ကောင်ကို သတ်ပေးရ၏။

ဤအဆင့်အထိ ပြုလုပ်သောပွဲသည် ဘွေသဲအဆင့်မရောက်ရှိသေးဘဲ ဆာရဲအို( Sareu )ဟုခေါ်သည်။

ထိုဆာရဲအိုပွဲ ကျင်းပသူသည် ခေါင်ကျွဲပွဲအဆင့်အထိ ပြုလုပ်နိုင်မည့်သူ မဟုတ်ပါက ဤအဆင့်အထိသာ ကျင်းပရသည်။

ဘွေသဲပွဲ ကျင်းပပုံကို ဆက်လက်ဖော်ပြပါမည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်သည့် ကျောက်တုံးကြီးဟုခေါ်သော ကျောက်တုံးသည် ရွာတိုင်း၌ သတ်မှတ်သော ကျောက်တုံးကိုယ်စီရှိကြ၏။ ၎င်းမှာ တစ်ရွာလုံးကျွတ်၏ ကျောက်တုံးဖြစ်သည်။

ပူဇော်ပွဲကျင်းပသည့်နေ့တွင် ကျင်းပသူ လင်မယားသည် ဆုတောင်းပွဲသို့တက်ရောက်ရန် နတ်ဆရာ(tlangbawr) ဦးဆောင်လျက် အထက်ဖော်ပြပါ ဆုတောင်းသည့် ကျောက်တုံးကြီးသို့ သွားရောက်၍ ကြက်ဖနီကိုသတ်လျက် ပူဇော်ကြသည်။

ထိုပူဇော်ပွဲသို့ တက်ရောက်သည့်အခါတွင် ကျင်းပသူ၏ ဇနီးသည် မွေးချင်း အစ်ကို၊ မောင်တို့ကပေးသည့် စောင်၊ ထဘီနှင့် လုံချည်တို့ကို ဝတ်ဆင်ရသည်။

ထိုဝတ်ဆင်သော အဝတ်အစားများကို ဆုတောင်းပွဲမှ ပြန်လာသောအခါ ချွတ်၍ မိမိယောက်ျား၏ နှမများကို ပေးရသည်။

ထိုသို့ပေးရမည့်သူသည် သုံးဦးထက်များပါက၊ အခြား အဝတ်အထည်များကို ပေးရန်စီစဉ်ပေးရ၏။

မိခင်၏ ဆကြေး(Seiman )ရရှိမည့် ယောက္ခမ (သို့မဟုတ်) မောင်သည် ထိုဇာန်ချွန်နို့ ပြုလုပ်သောညဌ် ဆံပင်ကျစ်ကြေး ရရှိရန်အတွက် ဝက်သတ်၍ တောင်းဆိုရမည်။

ထိုညတွင် ဆံပင်ကျစ်ပေးသောကြောင့် တောင်းဆိုခြင်းဖြစ်၍ ရရှိရမည့်ကြေးသည် နွားနောက်အငယ် ဖြစ်သည်။

အဆိုပါပွဲ ပြုလုပ်သူသည် နာမည်ကောင်းရလိုပါက





ယူလာသောဝက်ကို မစားဘဲ ပြန်လည်၍ ပေးလေ့ရှိသည်။ (သို့မဟုတ်) ထိုဝက်နှင့်ညီသော ဝက်တစ်ကောင်ကို သတ်၍ ပေးနိုင်သည်။

ထိုဆကြေးရရှိသူသည် နွားနောက်ငယ်အပြင်၊ အာရ်ဆား ဓားခအတွက် ထိုခေတ်က ရှူးပီး (၅-၁၀)အထိ၊ ဝက်ခေါင်းချက်ခ ရှူးပီး(၂-၅)ကျပ်အထိ တောင်းဆိုရမည်။ သို့သော် ရှူးပီး (၁၀)ကျပ်ထက် မပိုရပါ။

ဘွေသဲကျင်းပသည့် တတိယညတွင် မွေးဖခင်၏ ဆေးကြေး ရရှိမည့်သူသည် ရန်ချင်းကြေးကို ကျင်းပသူက ရရှိရန်အတွက် ဝက်သတ်၍ ယူလာပြီး လာတောင်းရမည်။

ထိုကြေးသည် နွားနောက်ငယ်ဖြစ်၍ အာ(ရ)ဆား ဓားခအတွက် ရှူးပီး (၅-၁၀)ကျပ်၊ ဝက်ခေါင်းချက်ခအတွက် ရှူးပီး (၅-၁၀)ကျပ်အထိဖြစ်ပြီး စုစုပေါင်း (၁၅)ကျပ်ထက် မပိုရပါ။

ယောက္ခမနှင့် မောင်တို့က ဆံပင်ကျစ်ကြေးနှင့် ရန်ချင်းကြေးကို ရရှိရန်ဖြစ်သော်လည်း အခြားဆွေမျိုးတစ်ဦးဦးမှ ရစေလိုလျှင် ပေးနိုင်၏။

ကျင်းပသူသည် ပွဲပြီးသည့်နောက် ရက်ပေါင်း(၃၀)အတွင်း ပွဲကျင်းပသော သူများအိမ်၊ မသာအိမ်တွင် မသွားရောက်ရပါ။ ထို့ပြင် အလုပ်လည်း လုံးဝမလုပ်ရပါ။

ထိုပွဲကျင်းပပြီးစီးချိန်မှ သုံးနှစ်အတွင်း တစ်နေ့နေ့တွင် ဝက်ထီး (၅-၆)ဆုပ်တစ်ကောင်ကိုသတ်၍ ညစာတည်ခင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com

ၝင်းသည် သူ၏ခန္ဓာကိုယ် ကျန်းမာစေရန်အတွက်လည်းကောင်း၊ မကောင်းဆိုးဝါး ကျမလာစေရန်အတွက်လည်းကောင်း ဖြစ်၍ ဘွေကိ(လ်း) ( Bawi Kil )ဟု ခေါ်ဆိုသည်။

ထိုဘွေသဲပွဲ မကျင်းပမီ နတ်ကတော် ပူဇော်ပွဲကျင်းပခြင်းသည် အလွန်အရေးကြီးပါသည်။

ထိုပူဇော်ပွဲ ပြုလုပ်နေစဉ်တွင် တစ်ပါးသောရွာသားက မသိ၍ အိမ်ဝန်းအတွင်း ဝင်မိပါက ထိုပြုလုပ်ခဲ့သော အဆင့်ဆင့်ကို ဖျက်ရာရောက်စေ၏။

ဆိုခဲ့ပြီးသည့်ပွဲသည် ပျက်သွားပြီဖြစ်သောကြောင့် အစတလန်အရှ်သတ်ပွဲမှ ပြန်စရမည်ဖြစ်သည်။

ထို့ကြောင့် ထိုပွဲဖျက်သူ ရွာပြင်ပရှိညည့်သည်က နွားနောက်ကောင်ကြီးကြီးသတ်၍ အိမ်ကို ဆေးကြောပေးရမည်။

ဇန်ချွန်ပွဲ ကျင်းပသောညတွင် နွားနောက်ပေါက် ချိုနုပေါက်ကို မသတ်မီ သန့်သောဆတ်ဆန်ဖြင့် ခေါင်းတွင်ဖြူး၍ ဆုတောင်းခြင်း ပြုလုပ်ပေးရမည်။

ဆန်မှုန့်ပေါက်ဆုပ်ကို စားစေ၍ သန့်သောရေကို ပက်ဖျန်းပေးရမည်။

ထို့နောက် ၝင်းတို့မျိုးနွယ်နှင့် အဆင်ပြေသူဖြစ်သော ယောကျ်ားတစ်ဦးဦးသည် နွားနောက်နှင့်သတ်ပွဲ ပြုလုပ်တတ်ကြသည်။

ကိုယ့်ကိုယ်ကိုယ် ခွန်အားရှိ၍ သတ်နိုင်မည်ဟု ယုံကြည်စိတ်ချရသော သူရှိမှသာ ထိုပွဲပြုလုပ်ရသည်။





ပြိုင်ပွဲဝင်သူသည် နွားနောက်ကို နားရွက်မှကိုင်၍ ခွန်အားနှင့် လှဲရသည်။

နွားနောက်သည် တိရစ္ဆာန်ဖြစ်၍ စိတ်ဓာတ်ကျလွယ်ကာ ကြာလျှင် လူကလှဲနိုင်လေ့ရှိသည်။

ဘွေသဲကျင်းပပုံမှာ ဤသို့ဖြစ်သည်။

ဘွေသဲပွဲစတင်ကျင်းပလျှင် ခေါင်းရည်အကောင်းဆုံး၊ အချိုဆုံးနှင့် အဟောင်းဆုံးကို ဘုံဘိုင်ဖြင့် စုပ်ယူ၍ ကြေးအိုးတွင် ခံထားသည်။

အပျိုလူပျိုများကို တစ်နေရာတွင် စုထား၍ တစ်ခွက်စီ မော့သောက်စေ၏။

ၝင်းသည် ဖိတ်ကြားခြင်းဟု ခေါ်ဆိုသည်။

ထိုပွဲညတွင် လူပျိုအပျို ဖိတ်ကြားခံရသူအားလုံး ကျင်းပသူအိမ်သို့ ရောက်ရှိကြသောအခါ ပူဇော်ပွဲ စတင်ကျင်းပသည်။

ခေါ်ခြင်းဟုခေါ် ၍ ကြက်ဖကြီးကြီးတစ်ကောင်ကို သတ်ကြ၏။

လက်ဆုံနှင့်ကျည်ပွေ့တစ်ခု အိမ်ထဲရှိ ဗန်လုံ(အရှင်ပြုလုပ်ထားသော မီးဖိုငယ်)၏ မြောက်ဘက်သို့ထား၏။

ကျင်းပသူ၏ဇနီးမှ ဆန်မှုန့်ဆုပ်ကို ထောင်း၏။ နတ်ဆရာက ဗုံကိုတီး ၍ ထိုဖိတ်ကြားသူ အပျိုလူပျိုအဖွဲ့မှ သီချင်းကို ဆိုကြ၏။

ကျင်းပသူဇနီးသည်၏ ထောင်းသော ကျည်ပွေ့၏အကျသည် ဗုံကိုတီးသော စည်းဝါးအကိုက် ဖြစ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းအပိုဒ်(၉)ကြိမ် ကုန်ဆုံးသည်အထိ ထောင်းရမည် ဖြစ်သည်။

ဒေါက်မြင့်ဖြင့် ယက်ထားသော တောင်းငယ် (၅)ခုကို ချထားသည်။

ထိုအထဲတွင် ငှက်ပျောဖူး၏ ပွင့်ဖတ်(၅)ခုကိုလည်းထားရှိ၏။ ထိုပွင့်ဖတ် (၅)ခုအထဲတွင် ဆန်မှုန့်ဆုပ်ကို တစ်ခဲစီထားရှိ၏။

ထိုည၏ နောက်တစ်နေ့တွင် ရွာလုံးကျွတ် အသား ပေးဝေရန်အတွက် တိရစ္ဆာန်ကောင်များကို သတ်ဖြတ်၏။

ဘွေသဲကျင်းပဖူးသူများအတွက်သပ်သပ်၊ မကျင်းပနိုင်သူများအတွက်သပ်သပ်၊ အများစားသုံးရန်အတွက်ဟူ၍သပ်သပ်လျာထား၍ ကျွဲ(၁၀)ကောင်(သို့မဟုတ်) နွားနောက်ကောင်းနှင့် ဝက်(၁၀)ကောင်ကို သတ်ဖြတ်ကြ၏။

အများသောက်ရန်၊ ကျင်းပသူများသာ သောက်ရန်. . စသဖြင့် အမျိုးအစား(၂)မျိုး၊ (၃)မျိုးဖြင့် အိမ်၏မျက်နှာစာတွင် ခေါင်အိုးအလုံး (၅၀)ခန့်ကိုတည်၍ သောက်ကြသည်။

ထိုညတွင် ကျင်းပသူ၏ နှမ၊ အဒေါ်များသည် သတ်ပြီးသော ဝက်တစ်ကောင်စီကို ယူလာ၍ ဗုံ၊ မောင်းများကို တီးရင်း ထိုအိမ်သို့ ရောက်ရှိလာကြ၏။

ဆာဆိရ်အတွက် သတ်ရသော ဝက်သားများကို ထိုကျင်းပသူ၏ မျိုးရိုးစုတူများက လက်မှကိုင်၍ ရောက်ရှိလာသူအားလုံးက ကိုက်စားကြ၏။





ထိုပွဲတွင် အပျိုလူပျိုများ လူလတ်ပိုင်းများတစ်ဖွဲ့၊ အအိုများတစ်ဖွဲ့ စသည်ဖြင့် အဖွဲ့ခွဲ၍ သီချင်းဆိုကြ၊ ကကြသည်။

ဘွေသဲကျင်းပခြင်းသည် လူငယ်လူရွယ်၊ လူပျိုအပျိုများအတွက် လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်ရကြပြီး. . ပျော်စရာကောင်းသော ရိုးရာလေ့ပွဲတစ်ပွဲလည်း ဖြစ်ပေသည်။

နတ်ဆရာ ထန်ကျဲအိုးတိတ်သော ဘွေသဲပွဲသို့ အနီးပတ်ဝန်းကျင်ရွာများမှ လူပျိုလူရွယ် အတော်များများလည်း လာလေသည်။

ထိုအထဲတွင် လေပီရွာမှ ရမ်မန်းတို့လည်း ပါလာကြသည်။

ရမ်မန်းသည် ဆွယ်လီ၏မောင်ငယ်ဖြစ်သည်။

သူနှင့်အတူ အခြားလူပျိုအပျိုများလည်း ပါလာကြလေသည်။ အပျိုအဖွဲ့ကို ဇာလျှံက ဦးဆောင်လာလေသည်။

ဇာလျှံက ဆွယ်လီနှင့် သက်တူရွယ်တူဖြစ်ပြီး ငယ်ရွယ်စဉ်ကတည်းက အတူတူနေလာကြသူများ ဖြစ်ကြသည်။

ဘွေသဲပွဲတွင် ဆွယ်လီကို မြင်သောအခါ နှစ်ယောက်စလုံးက ဝမ်းသာစွာဖြင့် ရောက်လာကြသည်။

"အစ်မ ဆွယ်လီ"

"ဟင်"

ရမ်မန်းက အနားရောက်လာပြီး ဝမ်းသာအားရခေါ်သဖြင့် ဆွယ်လီမှာ လန့်သွားလေသည်။

"အစ်မ ဆွယ်လီ နင်ဘယ်ရောက်နေတာလဲ၊ ငါတို့က



www.burmeseclassic.com

www.burmeseclassic.com



နင့်ကို သေပြီလို့ ထင်နေကြတာ၊ သူကဘယ်သူလဲ၊ နင်ယူထားတဲ့ ယောကျာ်းလား ”

ရမ်မန်းက မေးသဖြင့် အနားမှာရှိနေသော နီမောင်မှာ မျက်နှာပူသွားလေသည်။

ဆွယ်လီကလည်း ရမ်မန်းကို မမှတ်မိသဖြင့် ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်တောင်တောင် ဖြစ်နေလေသည်။

“အစ်မဆွယ်လီ နင်ဘယ်လိုဖြစ်နေတာလဲ၊ ငါက နင့်ရဲ့မောင် ရမ်မန်းလေ”

“ငါမသိဘူး”

ဆွယ်လီက တစ်ခွန်းသာပြန်ပြောသဖြင့် ရမ်မန်းမှာ များစွာအံ့ဩသွားလေသည်။

ထိုအခါ အတူပါလာသော ဇာလျှံကပါ ရှေ့သို့တိုးလာပြီး မေးပြန်လေသည်။

“ဆွယ်လီ နင် ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကိုရော မှတ်မိရဲ့လား၊ ငါက နင့်သူငယ်ချင်း ဇာလျှံလေ”

ထိုသို့မေးသောအခါမှာလည်း ဇဝေဇဝါဖြင့်ကြည့်ပြီး ခေါင်းကိုသာ တွင်တွင်ခါပြလေသည်။

အမျိုးမျိုးအဖုံဖုံ မေးသော်လည်း ဘယ်လိုမှမထူးသောအခါ ဇာလျှံက နီမောင်ကို အပြင်သို့ခေါ်သွားပြီး မေးလေသည်။

“နင့်နာမည်ဘယ်သူလဲ”

“ငါ့နာမည် နီမောင်ပါ”

“ငါ့နာမည်က ဇာလျှံလို့ ခေါ်တယ်၊ ငါက ငယ်ငယ်က





လေးကတည်းက ဆွယ်လီနဲ့အတူတူ နေလာကြတာ၊ ညီမအရင်းလိုပဲ ချစ်ကြတယ်၊ နင် သူ့ကို ဘယ်လိုရလာတာလဲ ငါ့ကိုပြောပြပါ”

နီမောင်ကလည်း အဖြစ်မှန်များကို ဖုံးကွယ်မနေတော့ပဲ ပြန်ပြောလိုက်သည်။

ဆွယ်လီက သူ့ကိုယ်သူ ချယ်ရီဟု နာမည်ပေးထားကြောင်း၊ မြစ်ကမ်းတွင် သတိမေ့နေသည်ကိုတွေ့သဖြင့် အိမ်ကိုခေါ်လာပြီး စောင့်ရှောက်ပေးထားကြောင်း။ ထို့ပြင် ဆွယ်လီမှာ ဦးခေါင်းမှာ ထိခိုက်ဒဏ်ရာ တစ်ခုရထားသောကြောင့် အတိတ်ဘဝမှအကြောင်းများကို သတိမရတော့ကြောင်း ပြောပြလိုက်သည်။

“ချယ်ရီဆိုတာ သူ့ရဲ့နာမည်တစ်ခုပါပဲ၊ တကယ်တော့ သူ့ရဲ့ချင်းနာမည်က ဆွယ်လီလို့ခေါ်တယ်၊ သူက လေပီရွာကပါ၊ လေပီရွာမှာ သူ့ရဲ့မိဘတွေ ရှိကြတယ်၊ စောစောက ရမ်မန်းဆိုတာ သူ့ရဲ့ မောင်အငယ်ပါပဲ”

ဟု ဇာလျှံက စိတ်မကောင်းစွာ ပြောပြလေသည်။

“ဒါထက် သူ ဘယ်လိုဖြစ်လာခဲ့တယ် ဆိုတာလည်း ငါ့ကို ပြောပြပါဦး”

“သူက မြစ်တစ်ဘက်ကမ်းမှာရှိတဲ့ ဒမ်ဗာရွာက လူတစ်ယောက်နဲ့ ချစ်သူဖြစ်ခဲ့ကြတယ်၊ မိဘတွေက သဘောမတူလို့ ချစ်သူနဲ့အတူ ထွက်ပြေးကြရင်းနဲ့ မြစ်ထဲမှာ ပျောက်သွားတယ်လို့တော့ သတင်းကြားလိုက်မိတယ်၊ အဲဒီကတည်းက ရေ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပြီး နင်တို့ဆီရောက်လာတာ ဖြစ်မှာပေါ့။

သူ့ရဲ့မိဘတွေကတော့ ဘယ်မှာမှ သတင်းစုံစမ်းလို့ မရကြတာနဲ့ သေစာရင်း သွင်းထားခဲ့ကြတယ်၊ အခုလို ပြန်တွေ့ရင်တော့ သူတို့သိပ်ပြီးဝမ်းသာကြမှာပဲ”

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“ငါ နင့်ကိုမေးပါရစေ၊ အမှန်အတိုင်းသာပြောပါ”

နီမောင်က ဇာလျှံမျက်နှာကို ကြည့်လိုက်သည်။

“နင်တို့ချင်း ချစ်သူဖြစ်နေကြသလား၊ ဒါမှမဟုတ် နင်တို့နှစ်ယောက် လက်ထပ်ထားပြီးကြပြီလားဟင်”

ထိုစကားကြားတော့ ခေါင်းခါပြလိုက်သည်။

“နင်ထင်သလို ငါတို့ဘာမှမဖြစ်ကြသေးပါဘူး။ ငါတို့မိသားစုက သူ့ကို မိသားစုဝင်တစ်ယောက်လို သဘောထားကြပါတယ်၊ ငါကလည်း သူ့ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးထားခဲ့တာပါ”

ထိုစကားကြားသောအခါ ဇာလျှံက များစွာအံ့သြသွားသော အမူအယာ ဖြစ်သွားလေသည်။

“ဒီစကားကြားရတာ နင်တို့မိသားစုရဲ့ စေတနာကို လေးစားမိပါတယ်၊ သူ့မိဘတွေ သိရင်လည်း ကျေးဇူးတင်ကြမှာပါ”

“ငါတို့က သူ့ဆီက ဘာမှမျှော်လင့်မထားပါဘူး”

“ဒါဖြင့် သူ့မိဘတွေလာခေါ်ရင်ကော နင်ဘယ်လို လုပ်မှာလဲဟင်”



“ကိုယ်ပိုင်တာမဟုတ်တဲ့ ပစ္စည်းတစ်ခုလိုပေါ့၊ ပိုင်ရှင်ပေါ်လာရင် ပြန်ပေးရမှာပေါ့” ဟု ပြန်ပြောလိုက်လေသည်။

“နင်တို့က ဘယ်ရွာမှာနေတာလဲ”

“ဒီကနေ မဝေးပါဘူး၊ သစ်ခွဲမြိုင်ရွာမှာ နေကြတယ်”

“ဒါဖြင့် ငါ သူ့မိဘတွေဆီ အကြောင်းကြားပြီး လာခဲ့မယ်နော်”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

သူ့ရင်ထဲမှာတော့ မကောင်းလှပေ။

ဘွဲ့သဲပွဲမှာ တစ်ခါတစ်ရံမှသာ ကြုံကြရပြီး လူငယ်လူရွယ်များအတွက် ပျော်စရာကောင်းကြသည်။

ယခုအခါမှာတော့ သူတို့ရောက်နေသည့် ဘွဲ့သဲပွဲမှာ ပျော်ရွှင်စရာ မကောင်းတော့ဘဲ ဝမ်းနည်းကြေကွဲဖွယ်ရာများနှင့် အစပြုလာခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

# ချင်းသချိုင်းမှ သချိုင်းစောင့်သရဲ

မမျှော်လင့်ဘဲ ရမ်မန်း၊ ဇာလျှံတို့နှင့် တွေ့ခဲ့ရပြီးနောက်မှာတော့ ပွဲပြီးသည်အထိပင် မနေကြတော့ဘဲ နောက်တစ်နေ့စောစောမှာပင် ရွာသို့ပြန်လာကြလေသည်။

သူတို့ငါးယောက်စလုံး အလာတုန်းကနှင့် မတူကြတော့ပေ။ လာစဉ်က ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောဖြင့် စကားပြောဆိုလာကြသော်လည်း အပြန်ခရီးမှာတော့ ငြိမ်သက်တိတ်ဆိတ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လမ်းတစ်နေရာရောက်တော့ ဆွယ်လီက နီမောင်ကို မေးလေသည်။

"နီမောင် သူတို့က ဘယ်သူတွေလဲ၊ ငါနဲ့လည်း မသိဘဲနဲ့ သူတို့ရွာကို ငါကို အတင်းပြန်ခေါ်နေတယ်"

နီမောင်ကတော့ ဘာမှထွေထွေထူးထူးပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

သူ့အပြုံးက မချိပြုံးမျိုး ဖြစ်သည်။

"ဒါပဲနော်. . ၊ သူတို့အတင်းလာခေါ်လည်း ငါကတော့ လိုက်သွားမှာ မဟုတ်ဘူး၊ ငါက နင်တို့မိသားစုနဲ့ပဲ တစ်သက်လုံး နေသွားမှာ"

"အေးပါ ချယ်ရီရယ်၊ ငါတို့ကလည်း နင့်ကို မသိတဲ့လူတွေလက်ထဲကို မထည့်လိုက်ပါဘူး"

ဟုပြောတော့မှ ကျေနပ်သွားဟန် ရှိလေသည်။

ရွာသို့ပြန်ရောက်တော့ ထိုအကြောင်းများကို နှင်းမေက မိဘများကို ပြန်ပြောပြလိုက်တော့ နှစ်ယောက်စလုံး စိတ်မကောင်း ဖြစ်ကြရပြန်သည်။

"အေးလေ. . သူ့ကို ငါတို့က ပိုင်တာမှမဟုတ်တာ၊ တကယ်ပိုင်ဆိုင်တဲ့လူတွေ ပေါ်လာပြီဆိုတော့လည်း ပြန်ပေးရမှာပေါ့လေ"

ဟု ဒေါ်ကျင်မေက ညည်းညူသောအသံမျိုးဖြင့် ပြောလိုက်လေသည်။

ထိုရက်အတွင်းမှာတော့ နီမောင်တို့မိသားစုမှာ စိုးရိမ်စိတ်ဖြင့် တထိတ်ထိတ်နေကြရပေသည်။

သူတို့အဖြစ်က ပစ္စည်းတစ်ခုကို ကောက်ရထားပြီးမှ ဘယ်အချိန်တွင် ပိုင်ရှင်က ပြန်လာတောင်းမလဲဟု စောင့်နေရသော အဖြစ်မျိုးနှင့် တူနေပေတော့သည်။

သို့သော်လည်း တစ်နေ့မှာတော့ မစောင့်ချင်ဘဲ စောင့်နေရသော အဖြစ်အပျက်က ရောက်လာလေတော့သည်။

နီမောင်တို့အိမ်သို့ လူအတော်များများ ရောက်လာကြလေသည်။

သစ်ခွမြိုင်ရွာမှ ရွာလူကြီး ဦးထန်ဖုန်းရှိန် အပါအဝင် အခြား ရွာလူကြီးများလည်း ပါလာသည်။

လေပီရွာမှ ဆွယ်လီ၏ မိဘများဖြစ်ကြသော ဦးဇန်ဟေနှင့် ဒေါ်ချယ်လောတို့အပြင် လူအတော်များများ ပါလာကြလေသည်။

၎င်းတို့ရောက်လာတော့ ဆွယ်လီက ကြောက်လန့်တကြားနှင့် အိမ်ထဲမှာ ဝင်ပုန်းနေလေသည်။

ဦးဘရှိန်ကတော့ အားလုံးကို နေရာထိုင်ခင်းပေးပြီးနောက် ဆွယ်လီကို အပြင်သို့ခေါ်လာရန် ပြောလိုက်တော့ ဒေါ်ကျင်မေက ခေါ်လာပေးသည်။

လေပီရွာမှ လာကြသူအားလုံးက ဆွယ်လီကို မှတ်မိကြသော်လည်း ဆွယ်လီကတော့ တစ်ယောက်မှမမှတ်မိပေ။

အကျိုးအကြောင်း သိရသောအခါ ဦးဘရှိန်က. . .

"ကျုပ်တို့ သူ့ကို မြစ်ကမ်းစပ်မှာ သတိမေ့နေတာတွေ့


www.burmeseclassic.com

www.burmeseclassic.com



လို့ အိမ်ကိုခေါ်လာပြီး ဆေးကုပေးထားခဲ့ပါတယ်၊ ခေါင်းမှာ ထိခိုက်ဒဏ်ရာတစ်ခု ရထားတဲ့အတွက် တခြားတော့ ဘာမှမေး လို့ မရတော့ပါဘူး”

ဟုပြောသောအခါ အားလုံးက ခေါင်းညိတ်ပြကြလေ သည်။

“ဒါပေမယ့် ကိုယ့်သားသမီးအရင်းအချာတစ်ယောက် လိုပဲ ပြုစုစောင့်ရှောက် ပေးထားခဲ့ပါတယ်၊ ခင်ဗျားတို့ရဲ့ သမီး အရင်းမှန်ရင်တော့ ပြန်ခေါ်သွားကြပါ”

ဟု ခွင့်ပေးလေသည်။

“ကျုပ်သမီးလေးကို အခုလို စောင့်ရှောက်ပေးထားတဲ့ ကျေးဇူးကတော့ ဆပ်လို့မကုန်အောင်ပါပဲဗျာ၊ ဒီအတွက် ကျုပ် ဘက်က ဘာမဆိုပြန်ပေးဖို့ အသင့်ပါပဲ၊ ခင်ဗျားတို့လိုချင်တာ တွေ ပေးပါမယ်”

ဦးဗန်ဟေက သူပိုင်ဆိုင်သော ပစ္စည်းများကို အများရှေ့ မှာ ပြောပြရလေသည်။

“ဘာမှမလိုပါဘူးဗျာ၊ ဘာတစ်ခုမှလည်း မယူပါရစေ နဲ့၊ ဒီလိုယူလိုက်ရင် ကျုပ်တို့သူ့အပေါ်မှာထားတဲ့ စေတနာတွေ အလကားဖြစ်သွားမှာပေါ့၊ အခုလို ခင်ဗျားတို့ မိသားစုအချင်း ချင်း ပြန်တွေ့ခွင့်ရအောင် ကူညီပေးခွင့်ရတာကိုပဲ ဝမ်းသာလှ ပါပြီ”

ဟုပြောဆိုကာ ဝိုင်းတက်လာသော မျက်ရည်တို့ကို မသိမသာ တို့သုပ်ပစ်လိုက်လေသည်။





ထို့နောက်မှာတော့ ဆွယ်လီကို ၎င်းမိဘများလက်သို့ အပ်လိုက်လေသည်။

ပထမတော့ ဆွယ်လီက အကြောက်အကန်ငြင်းဆန် နေသေးသည်။

နောက်တော့မှ ဝိုင်းဝန်းချော့မော့ပြီး ခေါ်ကြတော့မှ တငိုငိုတရီရီနှင့် ပါသွားလေတော့သည်။

ဆွယ်လီပါသွားပြီးနောက်မှာတော့ နီမောင်တို့ မိသားစု များမှာ မျက်ရည်အဝိုင်းသားဖြင့် ကျန်ရစ်ခဲ့ကြလေတော့သည်။

ဆွယ်လီတစ်ယောက်မှာလည်း ငိုကြွေးရင်းနှင့် လေဗီ ရွာသို့ ပြန်ရောက်သွားလေတော့သည်။

သူမနေအိမ်သို့ ပြန်ရောက်လာသော်လည်း သူစိမ်းများ နှင့် နေရသကဲ့သို့ ဖြစ်နေလေသည်။

ထို့ကြောင့် ဇာလျှံကို အနားမှာနေပေးရန် အဖော်ခေါ် ထားပေးရလေသည်။

ဦးဗန်ဟေတို့ မိသားစုကတော့ ဆွယ်လီကို သတိပြန်ရ လာစေရန် နတ်ဆရာဇမုန်းထန်ကိုခေါ်ပြီး ကုသကြလေသည်။

ချင်းလူမျိုးတို့ နေထိုင်သောရွာများတွင် နတ်ဆရာသည် အရေးပါအရာရောက်သောသူများ ဖြစ်ကြသည်။

နတ်ဆရာကို “ဆုတောင်းပေးနိုင်သူ” ဟု ယုံကြည်မှုရှိကြ လေသည်။

အချို့ရွာများတွင် အလှည့်ကျဆုတောင်းပေးရပြီး အချို့ နေရာများမှာတော့ မျိုးရိုးတူချင်း ဆုတောင်းပေးရသည့်မျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။

အချို့ရွာများမှာတော့ နတ်ဆရာကို တစ်နှစ်လျှင် တစ်ယောက်ကျ တာဝန်ခွဲပေးသည်မျိုးလည်း ရှိ၏။

နတ်ဆရာသည် ရောဂါများကို ကုသပေးခြင်း၊ ရွာစောင့်နတ်ပူဇော်ခြင်း၊ စုန်းပြုစားခြင်းများကို ကာကွယ်ပေးရခြင်း၊ အိမ်စောင့်နတ်စသော နတ်များကို ပူဇော်ဆုတောင်းပေးခြင်းနှင့် ရိုးရာဓလေ့ထုံးစံပွဲများကို ဆောင်ရွက်ပေးကြရလေသည်။

လူတစ်ယောက် ဖျားနာနေလျှင်သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရပြီး သတိမေ့နေလျှင်သော်လည်းကောင်း၊ တောသို့သွားပြီး တစ်စုံတစ်ရာဖြစ်ပြီး သတိမေ့နေလျှင်သော်လည်းကောင်း ကုသပေးကြသည်။

ထိုသို့ဖြစ်ခြင်းကို တောထဲမှာရှိသော နတ်ဆိုးများက ဖမ်းစားထားသည်ဟုလည်း ယုံကြည်ကြသည်။

ထိုသို့ဖြစ်သည်ကို ဆေးကုပေးသောအခါ ကြက်ဖတစ်ကောင်၊ ကြက်မနီတစ်ကောင်၊ ဒိုင်းငယ်၊ လေမှုတ်ရန် ဝါးပုလွေချိုငယ်ကလေးများကို တစ်ပါတည်းယူဆောင်ပြီး ရောဂါခံစားနေသူ သွားခဲ့သောတောဘက်သို့ သွားကြလေသည်။

ထိုနေရာသို့ရောက်သောအခါ ယူသွားသောပစ္စည်းများကိုချ၍ ဝေဒနာဖြစ်နေသူ၏ အမည်ကိုခေါ်လျှက်. . .

"မောင်. . .။. အိမ်ပြန်တော့. . အိမ်ပြန်တော့၊ ရောက်ခဲ့တဲ့တောကို ကြက်မနဲ့ပူဇော်ပြီးဖြစ်တယ်၊ ခန္ဓာကိုယ်ရော ဝိညာဉ်ရော ကျန်ရစ်မနေနဲ့တော့၊ အိမ်နဲ့တောင်ယာ၊ မီးဖိုချောင်





နဲ့ ဖိုခနောက်ရှိရာအရပ်ကိုသာ ပြန်ပါတော့"

ဟု ဝေဒနာခံနေရသူ ဝိညာဉ်ကိုခေါ်ပြီး ပါလာသောကြက်ကိုသတ်သည်။

ထိုကဲ့သို့ပြုလုပ်ခြင်းမှာ သတိမေ့နေသူ၊ ဒါမှမဟုတ် ဝေဒနာခံစားနေရသူ၏ဝိညာဉ်ကို ခေါ်ယူခြင်း ဖြစ်သည်ဟု ယူဆကြသည်။

ဝိညာဉ်ခေါ်ခြင်း(Thala Kaw)ဆိုသည်မှာ လူတစ်ဦးတစ်ယောက် နာမကျန်းဖြစ်နေလျှင်သော်လည်းကောင်း၊ အတိတ်ဘဝကို မေ့လျော့နေသော်လည်းကောင်း၊ ထိုဝိညာဉ်ကို နတ်ဆိုးစသည့် တစ်စုံတစ်ရာတို့က ဖမ်းစားသဖြင့် ထိုနေရာတွင် ဝိညာဉ်ကျန်ခဲ့သည်ဟု ယုံကြည်ကြသည်။

ထို့ကြောင့် ထိုနေရာသို့သွားရောက်ပြီး ကျန်နေခဲ့သော ဝိညာဉ်ကို အိမ်သို့ပြန်ခေါ်လာရန် လိုအပ်သည်ဟု ယုံကြည်ကြသောကြောင့် ထိုကဲ့သို့ ပူဇော်သမှုပြုပြီး ဆုတောင်းပေးရခြင်း ဖြစ်ပေသည်။

ထိုသို့ဆောင်ရွက်ရာမှာ နတ်ဆရာ သို့မဟုတ် နတ်ကတော်တို့က ဆောင်ရွက်ပေးရလေသည်။

"သူ့ရဲ့ဝိညာဉ်ကို မနှောင့်ယှက်ကြပါနဲ့တော့၊ သင်တို့လိုချင်သော ကြက်ဖနီဖြင့် လာရောက်ပူဇော်ပြီး ဖြစ်ပါတယ်၊ ဝိညာဉ်ကို ဖမ်းဆီးချုပ်နှောင်မထားဘဲ ပြန်လွှတ်ပေးပါတော့၊ နောက်နောင်ကိုလည်း လာရောက်နှောင့်ယှက်ခြင်း မပြုလုပ်ပါနှင့်တော့"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောဆိုတိုင်တည်ပြီး . . ကြက်ကိုသတ်ကာ အတောင်ပံထိပ်၊ ခေါင်း၊ ခြေချောင်း၊ အမွေးအနည်းငယ်တို့ကို ဖြတ်တောက်၍ ထိုနေရာသို့ ထားရစ်ခဲ့ရသည်။ ကိစ္စပြီးသောအခါ ဝိညာဉ်ကိုခေါ်ပြီးမှ ပြန်ကြသည်။

"ကိစ္စပြီးပြီ . . ပြန်ကြမယ်ဟေ့၊ လိုက်ခဲ့ပေတော့ . . "

ဟုပြောဆိုကာ သတ်ထားသော ကြက်နှင့်လုံ့တို့ကို ယူကာ အိမ်သို့ပြန်ကြလေသည်။

အပြန်တွင် ဝါးကျည်တောက်ငယ်ဖြင့် ရေကိုခပ်ကာ အိမ်ရောက်သည်အထိ သယ်ယူသွားကြရသည်။

ထိုကဲ့သို့ပြုလုပ်ခြင်းများမှာ တစ်စုံတစ်ခုကြောင့် ကိုယ်ခန္ဓာတွင် ဝိညာဉ်မကပ်ရောက်နိုင်သဖြင့် မေ့မျောနေသူများကို ကုသပေးသောနည်းပင် ဖြစ်ပေသည်။ နတ်ဆရာ ဇမုန်းထန်က ရောက်လာသောအခါ ဆွယ်လီ အခြေအနေကို ကြည့်သည်။

သိလိုသောအကြောင်းအရာများကို မေးမြန်းကြည့်လေသည်။

"နင် ဘာဖြစ်ခဲ့တာလဲ"

ဆွယ်လီက ခေါင်းခါပြသည်။

"ငါ မသိဘူး"

"ဒီမှာရှိတဲ့ မိဘဆွေမျိုးတွေကိုရော မသိတော့ဘူးလား"

ခေါင်းခါပြသည်။ ဘာပဲမေးမေး ခေါင်းခါပြနေသောကြောင့် ဇမုန်းထန်က ဆက်မမေးတော့ပေ။

"သူ့ကိုယ်ထဲမှာ ဝိညာဉ်မရှိတော့ဘူး၊ သူဘာတွေဖြစ်ခဲ့





တယ်ဆိုတာ ငါ့ကိုပြောပြပါ" ဟုမေးတော့ ဦးဗန်ဟောက သူသိသမျှအကြောင်းများကို ပြောပြသည်။

"ဒါဖြင့် သူ့ဝိညာဉ်က မြစ်ကမ်းနားမှာ ကျန်ခဲ့တာဖြစ်မယ်၊ အဲဒီနေရာကို ပြန်သွားပြီး သူ့ဝိညာဉ်ကို ဖမ်းစားထားတဲ့ နတ်ဆိုးတွေ ကျေနပ်အောင် ပူဇော်ပေးရမယ်၊ နောက်ပြီး သူ့ကို ကြောက်လန့်အောင် ပြုလုပ်ပြီး အရင်ဘဝက အကြောင်းတွေကို မှတ်မိလာအောင် ပြုလုပ်ရမယ်"

"နတ်ဆရာ ကောင်းသလိုသာလုပ်ပါ၊ သူ့သတိပြန်ရလာရင် ပြီးတာပါပဲ၊ လိုတာတွေအားလုံး ငါလုပ်ပေးပါ့မယ် "

ဟု ဦးဗန်ဟောက ပြောသည်။

ထို့နောက် နတ်ဆရာဇမုန်းထန်ပြောသည့်အတိုင်း လှေတစ်စင်း၊ လူလေးယောက်တို့နှင့်အတူ နတ်ပူဇော်ရန်ပစ္စည်းများ ပါယူဆောင်ပြီး သစ်ခွမြိုင်ရွာနှင့် မဝေးလှသော မြစ်ဆိပ်ကမ်းသို့ ပို့ပေးလိုက်လေသည်။ တစ်နေရာနှင့်တစ်နေရာမှာ ဝေးလှသည်တော့ မဟုတ်ပေ။

တောလမ်းခရီးများမှသွားလျှင်သာ ကြာနေသော်လည်း ရေလမ်းခရီးမှ တစ်ဖြောင့်တည်း လှေဖြင့်သွားလျှင်တော့ နေ့တစ်ဝက်ခရီးဖြင့် ရောက်နိုင်ကြလေသည်။ နံနက်မိုးမလင်းခင်ကတည်းက သွားကြရာ မွန်းလွဲပိုင်းအချိန်လောက်တွင် သစ်ခွမြိုင်ရွာနှင့် မနီးမဝေးကမ်းခြေသို့ ရောက်သွားကြသည်။

"ဆွယ်လီကို ဒီနေရာမှာ တွေ့ကြတာလို့ ပြောသံကြားတယ်"


www.burmeseclassic.com

www.burmeseclassic.com



လှေလှော်သမားတစ်ယောက်က ပြောသဖြင့် တမ်းခြေတစ်ဝိုက်တွင်ရှိသော ကျောက်တုံးကျောက်ဆောင်များကြားမှာပင် ပူဇော်ပွဲပြုလုပ်ကြသည်။

"သင်တို့အား ကြက်ဖနိဖြင့် လာရောက်ပူဇော်ပေးပါ၏၊ သင်တို့ ကျေနပ်ပါတော့၊ သက်ဆိုင်သူ၏ ဝိညာဉ်ကိုလည်း ဖမ်းမထားပါနဲ့တော့၊ ပြန်လွှတ်ပေးပါတော့၊ ပြန်လွှတ်ပေးပါတော့"

ဟုပြောကာ ကြက်ကိုသတ်ပြီး အထောင်ထိပ်၊ ဦးခေါင်း၊ ခြေချောင်း၊ အမွေးအနည်းတို့ကို ထိုနေရာရှိ ကျောက်တုံးတစ်တုံးပေါ်တွင် တင်ထားခဲ့ကြသည်။

ထို့နောက်တွင် ထိုနေရာမှရေကို ဝါးကျည်တောက်ငယ်ဖြင့် ခပ်ယူကာ အိမ်သို့ပြန်သွားကြရာ မိုးချုပ်တော့မှ ရွာသို့ပြန်ရောက်သွားကြလေသည်။

အိမ်သို့ပြန်ရောက်သောအခါ တံခါးပေါက်ဝမှ ခေါင်းပြူ၍ ဇမုန်းထန်ကမေးသည်။

"အိမ်ပြန်ရောက်ပြီလား၊ တစ်ကယ်ပြန်ရောက်ပြီလား"

ဟုမေးသောအခါမှာပင် ဝါးကျည်တောက်ဖြင့် ခပ်ယူလာသောရေကို ထိုနေရာတစ်ဝိုက်မှာ ဖျန်းပက်ပေးလေသည်။

အိမ်သားများက. . .

"အိမ်သို့ရောက်တာ ကြာပါပြီ၊ ပြန်ရောက်နေတာ ကြာပါပြီ"

ဟု ပြန်လည်ဖြေကြားကြလေသည်။

ထို့နောက်မှာတော့ ဇမုန်းထန်က ဘယ်သူ့ကိုမှ ဘာမှ





ထပ်မပြောတော့ဘဲ ယူသွားသောလုံနှင့်ကြက်ကို အိမ်ပေါက်ဝတွင် ချထားခဲ့ပြီး ပြန်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်သောအခါ တစ်ခေါက်ထပ်ရောက်လာပြီး အခြေအနေကို အကဲခတ်ကြည့်လေသည်။ ဆွယ်လီကတော့ အရင်အတိုင်းပင် ရှိနေသေးသည်။

"သူ့အခြေအနေက အတော်ဆိုးဝါးနေတာပဲ၊ ဒီအတိုင်းနဲ့တော့ ရမှာမဟုတ်ဘူး၊ သတိပြန်ရလာဖို့ ဝိညာဉ်တွေ ခေါ်ပြီးလုပ်မှရတော့မယ်"

"ဘယ်က ဝိညာဉ်တွေခေါ်မှာလဲ"

"ချင်းသချိုင်းက ဝိညာဉ်တွေကို သွားခေါ်ရမယ်၊ သူတို့ လာလုပ်ပေးမှ သတိပြန်ရမယ်"

"ကောင်းသလိုသာလုပ်ပါ နတ်ဆရာရယ်၊ ငါ့သမီးလေးငါတို့ကို မှတ်မိရင်ပြီးတာပါပဲ၊ လိုတာမှန်သမျှ ငါတို့လုပ်ပေးပါ့မယ်"

ဟုပြောလေသည်။

ထို့ကြောင့် နေဝင်ရီတရော အချိန်ရောက်သောအခါ ချင်းသချိုင်းရှိရာသို့ သွားကြရန် ပြင်ဆင်ကြသည်။

ချင်းသချိုင်းမှာ ရွာအပြင်ဘက် တောင်ကုန်းတစ်ခုပေါ်တွင်ရှိသည်။ ထိုနေရာတွင် လူသူနေထိုင်ခြင်းမရှိဘဲ တောထူထပ်သောနေရာလည်း ဖြစ်သည်။

ဝင်ပေါက်တွင် ကျွန်းသားဖြင့် ပြုလုပ်ထားသော မှတ်တိုင်ကြီးနှစ်တိုင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးက သေဆုံးသွားခဲ့သော ချင်းလူမျိုး ခေါင်းဆောင်များ ရွာလူကြီးများအတွက် စိုက်ထူထားသော မှတ်တိုင်များ ဖြစ်ကြသည်။

ကျွန်းသားတိုင်ကြီးများ၏ မျက်နှာပြင်တွင် ကြောက်စရာကောင်းသော အရုပ်ကြီးများလည်း ထွင်းထုထားသည်။

အတွင်းဘက်မှာတော့ ချင်းသင်္ချိုင်းရှိသည်။

ထိုနေရာမှာလည်း သေဆုံးသူတို့အတွက် စိုက်ထူပေးသော မှတ်တိုင်များ ရှိကြသည်။

တစ်ခုနှင့်တစ်ခု ထုလုပ်ထားသော ပုံပန်းသဏ္ဌာန်ချင်းကတော့ မတူကြပေ။ အချွန်အတက်များ၊ တိရိစ္ဆာန်သဏ္ဌာန်၊ လူသဏ္ဌာန်တို့ကို ထွင်းထုထားသည်။

အောက်ခြေတွင် ပျဉ်ပြားချပ်ကြီးများ ထောင်ထားပြီး ပျဉ်ချပ်ပေါ်တွင် သေဆုံးသွားခဲ့သူ ပိုင်ဆိုင်သော ကျွဲ၊ နွား၊ ဝက်၊ ကြက် စသည်တို့ကို ထွင်းထုပေးထားသည်။

တစ်ကောင်လျှင် တစ်ရုပ်ကျ ထွင်းပေးထားသည်။ နွားဆယ်ကောင်ပိုင်ခဲ့လျှင် နွားရုပ်တစ်ရုပ် ထွင်းပေးထားသည်။

နွားကောင်လျှင် ပိုင်ခဲ့လျှင် နွားရုပ်တစ်ရုပ် ထွင်းပေးထားသည်။

သို့သော် ပန်းပုထုတတ်သူများကဲ့သို့ စနစ်တကျ ထုလုပ်ထားခြင်းမဟုတ်ဘဲ ထုတတ်သလို ထုထားသောကြောင့် အရုပ်ပေါ်ရုံ သဘောလောက်သာ ရှိသည်။

အချို့မှာလည်း သေသူ၏ ဂုဏ်အင်ကို သရုပ်ဖော်သော





အနေဖြင့် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်များဖြင့် ရေးထွင်းထားသည်။

ရွာအုပ်ကြီး၏ ဇနီး၊ သမီးများသေဆုံးသော အခါမှာတော့ သင်္ချိုင်းနေရာတွင် မိန်းမရုပ်ပုံများ ထုလုပ်ကာ ချထားလေသည်။

ထိုနေရာသို့ရောက်သောအခါ ဇမုန်းထန်က ယူလာသော ဝက်နှင့်ကြက်တို့ကို သတ်ဖြတ်ကာ သွေးတို့ကိုယူစေသည်။

ပြီးသောအခါ ချင်းဘာသာစကားဖြင့် သင်္ချိုင်းထဲမှာ ရှိနေသော တစ္ဆေများကို ဖိတ်ခေါ်လေသည်။

ထိုသို့ဖိတ်ခေါ်ပြီးနောက် သွေးများဖြင့် သင်္ချိုင်းထဲသို့ ပြန်ပက်ပေးလေသည်။

"လာကြလော့၊ ငါတို့ကျွေးသော အစားအသောက်များကို စားသောက်ကြလော့. . ၊ ဒီညမှာ ငါကျွေးသော အစားအသောက်များကို စားသောက်ပြီး ငါခိုင်းတာကို လုပ်ပေးကြလော့"

ဟုပြောဆိုကာ သတ်ဖြတ်ထားသော ဝက်နှင့်ကြက်တို့ကို ပိုင်းထစ်ပြီး အသားများကို နေရာအနှံ့သို့ ပစ်ချပေးလေသည်။

ထိုအခါ အမှောင်ရိပ်ထဲမှ သရဲသဘက်များ နေရာအနှံ့မှ ထွက်လာပြီး အလုအယက်၊ ကောက်ယူစားသောက်ကြလေတော့သည်။

သရဲသဘက်များမှာ ပုံပန်းသဏ္ဌာန်အမျိုးမျိုး ရှိကြသော်လည်း အများအားဖြင့်တော့ ရုပ်ဆင်းအင်္ဂါ မတင့်တယ်လှသော



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်များသာ ဖြစ်ကြလေသည်။

"စားကြ ၊ သောက်ကြ၊ ငါကျွေးတာ စားသောက်ပြီး ငါစေခိုင်းတာကိုလည်း လုပ်ပေးကြလော့..၊ ပျောက်နေသော ဝိညာဉ်ကို ပြန်ရှာကြလော့၊ ပျောက်နေသော ဝိညာဉ်အား လမ်းပြပြီး ငါရှိရာသို့ ခေါ်ဆောင်လာခဲ့ကြပေတော့"

ဇမုန်းထန်က ချင်းဘာသာစကားဖြင့် ထိုကဲ့သို့ ရေရွတ်ပြောဆိုနေသော်လည်း သင်္ချိုင်းထဲမှထွက်လာကြသော သရဲသဘက်များက ဂရုမထားကြပေ။

သူတို့ ဂရုစိုက်နေသည်က ပစ်ချထားသော အသားတုံးများကို အလုအယက် ကောက်ယူရေးသာ ဖြစ်လေသည်။

ဇမုန်းထန်ကလည်း သူပြောချင်ရာပြော၊ သူတို့ကလည်း သူတို့လုပ်ချင်ရာလုပ်နေကြခြင်း ဖြစ်လေသည်။

နောက်မှာတော့ ပစ်ချပေးစရာ အသားတုံးများက ကုန်သွားလေသည်။

ထိုအခါ အခြားသရဲသဘက်များက အသီးသီး ပြန်သွားသော်လည်း အကောင်အရွယ်အစားကြီးလှသော သရဲတစ်ကောင်ကတော့ မပြန်သေးဘဲ ရပ်နေလေသည်။

သစ်ပင်ရိပ်များ၊ အမှောင်ရိပ်များကြောင့် ၎င်း၏မျက်နှာ ပုံပန်းသဏ္ဍာန်ကို သဲကွဲစွာ မမြင်ရသော်လည်း တစ်ကိုယ်လုံး အမွှေးရှည်များ ရှိသည်။

ခြေတံလက်တံက ရှည်သည်။ လက်တံရှည်နှစ်ဘက်က





လူစံတစ်ကောင်ကဲ့သို့ နံဘေးသို့တွဲလောင်းကျကာ မြေကြီးသို့ ထိနေသည်။

ဆန်ကောတမျှကြီးမားသော နားရွက်နှစ်ဖက်က ဆင်နားရွက်ကဲ့သို့ တဖတ်ဖတ်နှင့် လှုပ်နေသည်။

ရှေ့မှာကျန် နေသည်မှာ သရဲမဟုတ်တော့ဘဲ သဘက်ကြီးတစ်ကောင် ဖြစ်မှန်းတော့ သိကြသည်။

ထိုအခါ ဇမုန်းထန်က လှမ်းမေးလိုက်သည်။

"ဘာကြောင့် မပြန်သေးတာလဲ"

"........"

"အစားအစာချင်သေးရင်တော့ ငါနောက်ကလိုက်ခဲ့ပြီး ငါခိုင်းတာလုပ်ပေးမှရမယ်..နင်ဘယ်သူလဲ"

"........"

"သင်္ချိုင်းစောင့် သရဲကြီးကိုး၊ ကောင်းပြီ..ငါ့နောက်ကသာ လိုက်ခဲ့ပေတော့၊ ငါခိုင်းတာကို အောင်မြင်အောင် လုပ်ပေးရင် ဝအောင်ကျွေးမယ်"

ထိုသို့ပြောပြီးနောက် သင်္ချိုင်းစောင့်သရဲကြီးကို တစ်ပါတည်းခေါ်ကာ ချင်းသင်္ချိုင်းထဲမှ ပြန်ထွက်လာသောအခါမှာတော့ သူတို့နောက်ဘက် မနီးမဝေးမှလိုက်လာသည်ကို ဝိုးတဝါး မြင်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

## ဘဝသစ်မှာ ပျော်နေသောချစ်သူ

ဆွယ်လီတစ်ယောက်ကတော့ လေပီရွာမှ သူမနေအိမ်သို့ ပြန်ရောက်သွားကြသော်လည်း တစ်ချက်ကလေးမှ ပျော်ရွှင်မှုမရှိဘဲ တမှိုင်မှိုင်တတွေတွေနှင့်သာ ရှိနေလေသည်။

သူမအနေဖြင့် သူမသိသော တစိမ်းတရံစာများကြားမှာ ရောက်နေသကဲ့သို့ ရှိနေလေသည်။

အချိန်နှင့်အမျှ သစ်ခွမြိုင်ရွာမှာကျန်ခဲ့သော နီမောင်



www.burmeseclassic.com

www.burmeseclassic.com



တို့မိသားစုများကိုသာ သတိရနေသည်။

ဖြစ်နိုင်လျှင် ထိုရွာသို့သာ ပြန်သွားချင်သည်။

အထူးသဖြင့် သူမစိတ်ထဲမှာ နီမောင်ကိုသာ သတိရနေသည်။

"ဒီနှစ်ကုန်ရင် ငါ့ကိုလက်ထပ်မယ်လို့ ပြောထားတယ်၊ အခု ငါက ဒီနေရာရောက်နေပြီဆိုတော့ သူဘယ်လို လုပ်မလဲ မသိဘူး၊ သူတို့က ငါကိုဘာကြောင့် ဒီရွာကိုထည့်လိုက်ကြတာလဲ၊ ဒီလူတွေလက်ထဲကို ဘာကြောင့်ထည့်လိုက်ကြတာပါလိမ့်"

ဟု တွေးနေမိသည်။ သူ့အနားမှာ ဇာလျှံက အဖော်အဖြစ် နေပေးသော်လည်း ဇာလျှံကို သူမသိပေ။ သို့သော်လည်း အမြဲလိုလို သူ့အနားမှာနေသောကြောင့် ခင်မင်လာသည်။

တစ်နေ့တော့ ဆွယ်လီက မေးသည်။

"ဇာလျှန် သူတို့က ငါ့ကိုဘာကြောင့် ဒီနေရာခေါ်ထားကြတာလဲဟင်"

"ဒီနေရာက နင့်နေရာပဲလေ၊ ဒီအိမ်ကလည်း နင့်ရဲ့အိမ်ပဲ၊ နောက်ပြီး နင့်ကိုခေါ်ထားကြတဲ့ လူတွေကလည်း တခြားလူတွေမှမဟုတ်တာ၊ သူတို့က နင်အဖေနဲ့အမေပဲလေ၊ ရမ်မန်းက နင့်ရဲ့မောင်လေ"

"သူတို့ကို ငါမသိဘူး၊ သူတို့က ငါ့ကိုသိပြီး သူတို့ကျတော့ ငါက ဘာကြောင့်မသိတာလဲဟင်"

"တစ်နေ့တော့ နင်မှတ်မိလာမှာပါ"

"ဘာကြောင့် ဒီလိုဖြစ်နေတယ်ဆိုတာ ငါကို ပြောပြပေး





စမ်းပါ"

ဟု မေးသောအခါ ဇာလျှံက သူသိသမျှအကြောင်းအရာများကို ပြန်ပြောပြလိုက်သည်။

"ဒါဖြင့် နီမောင်တို့မိသားစုက ငါနဲ့ဘာမှမတော်ကြဘူးပေါ့၊ ဘာမှမတော်ပဲနဲ့ ငါကိုအကြာကြီး စောင့်ရှောက်ပေးထားကြတယ်နော်"

"ဟုတ်တယ်၊ ပြောရရင်တော့ နင့်ဘဝမှာ သူတို့ပေးခဲ့တဲ့အသက်ပဲရှိတော့တယ်၊ တစ်နေ့တော့ သူတို့မိသားစုတွေရဲ့ကျေးဇူးကို ပြန်ဆပ်နိုင်အောင် ကြိုးစားပေါ့ ဆွယ်လီရယ်"

ဟု ဖြောင်းဖျပြောဆိုလေသည်။

တစ်ညမှာတော့ သူတို့အိမ်သို့ နတ်ဆရာဇမုန်းထန်ရောက်လာပြီး ဆေးတစ်ခွက်တိုက်ပေးသဖြင့် သောက်ရာ မကြာခင် အိပ်ပျော်သွားလေတော့သည်။

သူမ အိပ်ပျော်သွားသော အချိန်မှာ ပွေ့ခေါ်ယူသွားပြီး အိမ်အနောက်ဘက်မှာရှိသော စပါးကျီအတွင်းသို့ထည့်ကာ တံခါးပိတ်ထားလိုက်သည်။

ပြီးမှ အားလုံး အိမ်ဘက်သို့ပြန်လာကြသည်။

"ဒီည စပါးကျီရှိတဲ့ဘက်ကို ဘယ်လိုအကြောင်းရှိလို့မှ မသွားကြနဲ့၊ ညဘက်ရောက်ရင် အပြင်လည်း မထွက်ကြနဲ့"

ဟု မှာထားလေသည်။

ဦးဗန်ဟေတို့ လင်မယားကတော့ သမီးအတွက်များစွာ စိုးရိမ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ယခုလို သူငါမသိ၊ ငါ့ကို သူမသိ ဘဝမျိုးနှင့် နေရတာနဲ့စာလျှင် ပိုကောင်းလာလေမလား ဟူသော မျှော်လင့်ချက်ဖြင့် နတ်ဆရာစီစဉ်သမျှ လုပ်ပေးနေကြခြင်း ဖြစ်ပေသည်။

ညဉ့်နက်ပိုင်း အချိန်ရောက်တော့ ဆွယ်လီတစ်ယောက် အိပ်ပျော်နေရာမှ ပြန်နိုးလာလေတော့သည်။

ထကြည့်လိုက်တော့ သူမ ဘယ်နေရာရောက်နေမှန်း မသိပေ။

ထိုအချိန်တွင် စပါးကျီထဲတွင် စပါးမထည့်သေးသောကြောင့် ဘာမှမရှိသေးပေ။

"ငါ ဘယ်နေရာ ရောက်နေတာလဲ၊ ငါ့ကို ဘယ်နေရာ ပို့ပေးထားကြတာလဲ"

ဟုတွေးကာ နေရာမှထသည်။

စပါးကျီတစ်ခုလုံး မှောင်နေသောကြောင့် ဘာမှမမြင်ရပေ။

ထို့ကြောင့် အနီးပတ်ဝန်းကျင်တွင် အခြားသူများရှိလျှင် ကြားရလေမလားဟူသော အတွေးဖြင့် အော်ဟစ်ကြည့်လိုက်လေသည်။

"ဟေး. . ဟေး. ."

"ဒီနားမှာ ဘယ်သူမှ မရှိကြဘူးလား၊ ငါ့ကို တံခါးလာ ဖွင့်ပေးကြပါဦး"

ဟု အော်လိုက်သော်လည်း တုံ့ပြန်သော အသံတော့





မကြားရပေ။

ထိုအခိုက်မှာပင် အခန်းထောင့်တစ်နေရာတွင် ထိုင်နေသော မည်းမည်းသဏ္ဌာန်ကြီး ရှိနေသည်ကို မြင်တွေ့သွားလေသည်။

"ဟင်"

ထို့ကြောင့် ကြောက်ကြောက်လန့်လန့်နှင့် နောက်သို့ ဆုတ်သွားလေတော့သည်။

"နင် ဘယ်သူလဲ"

သူမက မေးလိုက်တော့မှ သူမကို မော့ကြည့်လေသည်။

အမှောင်ထဲမှာ နီရဲနေသော မျက်လုံးကြီးနှစ်လုံးကို မြင်ရတော့မှ လူမဟုတ်မှန်း သိရလေတော့သည်။

"အမယ်လေး. . ကယ်ကြပါဦး"

"ကယ်ကြပါဦး၊ ငါ့ကို လာကယ်ကြပါဦး၊ ဒီမှာ သရဲသတ်လို့ သေရတော့မယ်. . လာကြပါဦး"

ဟု အသံကုန်အော်ဟစ် အကူအညီတောင်းလေသည်။

တိတ်ဆိတ်ငြိမ်သက်နေသောအချိန်တွင် စပါးကျီဘက်မှ စူးစူးဝါးဝါး အော်ဟစ်သံကို အိမ်မှာရှိနေသော ဦးဗန်ဟေတို့အားလုံး ကြားကြရသည်။

စိုးရိမ်စိတ်ကြောင့် မျက်စိမျက်နှာ ပျက်နေကြသည်။

"ကြာကြာထားလို့ ဖြစ်ပါ့မလား၊ သူသေသွားလိမ့်မယ်။ မသေပါဘူး၊ သေအောင် မခြောက်ပါဘူး"

"ကြောက်လန့်ပြီး သတိပြန်ရရုံလောက်ပဲ လုပ်မှာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မစိုးရိမ်ကြနဲ့"

နတ်ဆရာကပြောသဖြင့် အားလုံးဘာမှ ပြန်မပြောကြတော့ပေ။

စပါးကျီထဲမှာတော့ ဆွယ်လီ၏ စူးစူးဝါးဝါး အော်သံကြောင့်၊ ဆောင့်ကြောင်ထိုင်နေသောသရဲက တဖြည်းဖြည်း ထလာလေသည်။

ထိုသို့ထရပ်လိုက်တော့မှ အရပ်က စပါးကျီအမိုးနှင့် ထိလုမတတ် ဖြစ်နေလေသည်။

"အမယ်လေး ကယ်ကြပါဦး၊ လာကြပါဦး. . သေရပါတော့မယ်"

ထိုသို့ အော်ဟစ်ရင်းနှင့် အမှောင်ထဲမှာ ပြေးမိပြေးရာ ပြေးရင်းမှ စပါးကျီတိုင်ဖြင့် ဦးခေါင်းနှင့်ဆောင့်မိပြီး ပုံလျက်သား လဲကျသွားလေတော့သည်။

လူလဲကျသွားသည်နှင့် အော်သံလည်းပျောက်သွားလေတော့သည်။

အတန်ကြာတော့မှ ဖမုန်းထန်ကခေါင်းဆောင်ပြီး စပါးကျီရှိရာဘက်သို့ လာကြလေသည်။

စပါးကျီနားရောက်တော့ အမှောင်ထဲမှာ ရပ်နေသည့် သချိုင်းစောင့် သရဲအားတွေ့သဖြင့် သတ်ထားပြီးသော ဝက်သေတစ်ကောင်ကို ပစ်ပေးလိုက်သည်။

"ပြီးပြီ. . ကိုယ့်နေရာကိုယ် ပြန်ပေတော့"

ဟုပြောလိုက်သည်နှင့်. . ဝက်သေကိုဒရွတ်ဆွဲပြီး အ



မှောင်ထဲသို့ ဝင်သွားလေတော့သည်။

ထိုအချိန်ရောက်မှ မီးတိုင်များကိုထွန်းကာ စပါးကျီတံခါးကိုဖွင့်ပြီး အထဲဝင်ကြည့်ကြသည်။

စပါးကျီတစ်နေရာမှာ တော့ ခွေခွေကလေး လဲကျနေသော ဆွယ်လီကို တွေ့သဖြင့် ဦးဗန်ဟောက ပွေ့ယူပြီး စမ်းကြည့်လိုက်သည်။

ထိခိုက်ဒဏ်ရာကြောင့် ဦးခေါင်းမှ သွေးများစီးကျနေသော်လည်း အသက်ကတော့ မှန်မှန်ရှူနေသေးသည်။

ထို့ကြောင့် အိမ်သို့သယ်ယူသွားကြလေသည်။

တစ်ညလုံး ပြုစုပေးသော်လည်း သတိပြန်မရဘဲရှိနေရာမှ နောက်တစ်နေ့ မနက်ပိုင်းအချိန်တွင် သတိပြန်ရလာလေသည်။

"ရေ. . ရေပေးပါ"

ဟု တောင်းသဖြင့် ရေတိုက်ပေးသောအခါ မျက်စိမဖွင့်သေးသော်လည်း ညည်းညူသံများ ကြားလာရသည်။

"နော်ကိုဗန်. . နော်ကိုဗန်. ."

နော်ကိုဗန်မှာ သူမချစ်သူပင် ဖြစ်သည်။

နော်ကိုဗန်ဟူသောအမည်ကို ခေါ်သံကြားသည်နှင့် အနားမှာရှိနေသော ဇာလျှံက ဝမ်းသာသောအသံဖြင့် ပြောလိုက်သည်။

"သူ သတိပြန်ရလာပြီ"

ထိုသို့ပြောပြီး မကြာခင်မှာ မျက်စိပြန်ဖွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အနားမှာရှိနေကြသော မိဘများကို မြင်သောအခါ ဝမ်းသာသောအသံဖြင့် ခေါ်လိုက်လေသည်။

"အဖေ. . အမေ"

"ဟင်. . ငါ့သမီးလေး ငါတို့ကို မှတ်မိသွားပြီ၊ သူသတိရလာပြီ"

ဟု ဝမ်းသာအားရ ပြောကြလေသည်။

တစ်အိမ်လုံးကလည်း. . ထိုကဲ့သို့ သတိရလာသောကြောင့် ဝမ်းသာနေကြလေသည်။

နတ်ဆ...ဗမုန်းထန်ကိုလည်း များစွာကျေးဇူးတင်သဖြင့် အစားအသောက်နှင့် ငွေကြေးများ လက်ဆောင်ပေးကြလေသည်။

ဆွယ်လီမှာ တခြားရောဂါမရှိဘဲ ဦးခေါင်းမှ ဒဏ်ရာတစ်ခုသာ ရှိသောကြောင့် ဆေးဝါးဖြင့် ကုသပေးရာ ရက်ပိုင်းအတွင်းမှာပင် သက်သာပျောက်ကင်း သွားလေသည်။

တစ်နေ့တော့ ဆွယ်လီက မေးသည်။

"ဇာလျှံ ငါဘာတွေဖြစ်ခဲ့တယ်ဆိုတာ ပြန်ပြောပြပေးပါ"

ထိုအခါ ဇာလျှံက နော်ကိုဗန် နောက်သို့ လိုက်သွားရာမှ လှေမှောက်ခဲ့ပုံများကို ပြန်ပြောပြလေသည်။

"နော်ကိုဗန်ရော ဘာဖြစ်သွားသေးလဲဟင်"

"သူကတော့ ဘာမှမဖြစ်ပါဘူး၊ ရွာကို ပြန်ရောက်သွားတယ်လို့ ပြောသံကြားတယ်. . နင်သာ"





"ငါ ဘယ်လိုဖြစ်သလဲဟင်"

"လှေမှောက်ပြီး ရေစီးနဲ့ မျောပါသွားရင်းက သတိမေ့ပြီး ကမ်းပေါ်မှာ တင်နေတာကိုတွေ့လို့ နီမောင်တို့က ကယ်ပေးခဲ့ကြတယ်"

"နီမောင်ဆိုတာ ဘယ်သူလဲဟင်"

"နင် သူ့ကို မမှတ်မိတော့ဘူးလား"

ဆွယ်လီက ခေါင်းခါပြလိုက်သည်။

"နီမောင်တို့ မိသားစုဆီမှာ ခြောက်လကျော်လောက်ကြာအောင် နင်နေခဲ့ရတယ်၊ သူတို့က နင့်ကို မိသားစုတစ်ယောက်လိုပဲ စောင့်ရှောက်ပေးခဲ့ကြတယ်"

ထိုသို့ပြောသဖြင့် ပြန်စဉ်းစားကြည့်သောအခါမှာ ခေါင်းထဲမှာ ချာချာလည်နေပြီး အခြားဘာမှ သတိမရတော့ပေ။

"ငါ သတိမရတော့ဘူး၊ အခု ငါသတိရလာပြီဆိုတော့ နော်ကိုဗန်နဲ့ တွေ့ချင်လိုက်တာ၊ နင် ငါ့ကို အကူအညီပေးပါ ဇာလျှံရယ်"

ဟုပြောသောအခါ ဇာလျှံက စိတ်မကောင်းစွာဖြင့် ကြည့်နေလေသည်။

"အေးပါ. . နောက်တော့ ငါအကူအညီပေးပါ့မယ်၊ အခုတော့ နင်နေကောင်းအောင် နေဦးနော်"

ဟု ဖြောင်းဖျပြော ဆိုလေသည်။

ဆွယ်လီစိတ်ထဲမှာတော့ သူပြန်ရောက်နေသည်ဟု သတင်းကြားလျှင် နော်ကိုဗန်တစ်ယောက် ရောက်လာလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု မျှော်လင့်နေမိလေသည်။

သို့သော် ရက်အတော်ကြာသောအချိန်ထိ လာရောက်တွေ့ဆုံခြင်းတော့ မရှိပေ။

ဒီနေရာမှာတော့ နော်ကိုဗန်ဟု သူ့ဖာသာအမည်ပေးထားသော ချန်ထန်အကြောင်းကိုလည်း ရေးရပေဦးမည်။

နော်ကိုဗန်နှင့် ဆွယ်လီတို့ နှစ်ယောက်မှာ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရာမှ ချစ်သူဘဝ ရောက်ခဲ့ကြလေသည်။

ထို့ကြောင့် နော်ကိုဗန်က သူ့မိဘများကို လာရောက်တောင်းရမ်းခိုင်းလေသည်။

သို့သော်လည်း မင်္ဂလာကြေးကိစ္စ ညှိနှိုင်းရာမှ အဆင်မပြေဖြစ်ခဲ့ကြပြီးနောက် စေ့စပ်ပွဲပျက်ခဲ့ကြသည်။

ထို့ကြောင့် နော်ကိုဗန်က ဆွယ်လီကို ခိုးပြေးရန် ကြံစည်လေသည်။

ဆွယ်လီကလည်း ချစ်သူနှင့်မခွဲနိုင်သဖြင့် လိုက်ခဲ့ရန်သဘောတူပြီး လိုက်သွားခဲ့လေသည်။

သို့သော်. . သူတို့နှစ်ဦး၏ ဖူးစာကံအကြောင်းက မကောင်းခဲ့ပါချေ။

နော်ကိုဗန်မြစ်ကို လှေဖြင့်ဖြတ်ကူးကြရင်းမှ လှေမှောက်ပြီး တကွဲတပြားစီ ဖြစ်သွားကြရသည်။

လှေပေါ်မှာ နော်ကိုဗန်နှင့် ဆွယ်လီတို့ လှေလှော်သမားလေးယောက်ပါလာကြရာ လှေမှောက်သောအခါ ကျန်သုံးယောက်က ပြန်စုမိကြသော်လည်း ဆွယ်လီကိုတော့ ရှာမတွေ့





ကြရတော့ပေ။

နောက်ပိုင်းရက်များတွင် နော်ကိုဗန် တစ်ယောက် လှေသမားများခေါ်ပြီး လိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရတော့ပေ။

သူ့စိတ်ထဲမှာတော့ ဆွယ်လီတစ်ယောက် မြစ်ထဲမှာ သေဆုံးသွားပြီဟု ထင်မှတ်ထားလေသည်။

ချစ်သူအတွက် စိတ်မကောင်း ဖြစ်မိသော်လည်း ဘာမှမတတ်နိုင်တော့ပေ။

ပျောက်သောသူ ရှာလျှင်တွေ့ဆိုသော်လည်း ဘယ်လိုမှရှာမတွေ့တော့သောအခါ သေသောသူ ကြာလျှင်မေ့ဆိုသောစကားကဲ့သို့ လအတန်ကြာသောအခါ မေ့သွားလေတော့သည်။

နောက်ထပ် လအနည်းငယ်ကြာသောအခါ နော်ကိုဗန်မိဘများက ယခင်တစ်ခါကဲ့သို့ ဖြစ်မည်စိုးသောကြောင့် သူတို့နေသောရွာနှင့် မဝေးလှသောရွာတစ်ရွာမှ မိန်းကလေးတစ်ယောက်နှင့် မိဘချင်းစေ့စပ်ကာ ပေးစားလိုက်လေသည်။

နော်ကိုဗန်အနေနှင့် ပထမတော့ အတန်တန်ငြင်းသော်လည်း မရတော့မှ မိဘတို့၏ သဘောဆန္ဒကို လက်ခံပေးလိုက်ရပေသည်။

ထိုမိန်းကလေးနှင့်လက်ထပ်ပြီး လအနည်းငယ် ကြာသောအခါမှာတော့ ယခင်ကဖြစ်ပျက်ခဲ့သော အကြောင်းများတဖြည်းဖြည်း မေ့ပျောက်သွားပြီး ဇနီးဖြစ်သူ မိန်းကလေးအပေါ်မှာ ချစ်ခင်နှစ်သက်မှုများ ဖြစ်လာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူ့အတွက် ဘဝသစ်မှာ ပျော်ရွှင်နေပြီ ဖြစ်သည်။ ထိုအကြောင်းများကိုတော့ လေပီရွာသို့ ပြန်ရောက်လာသော ဆွယ်လီတစ်ယောက် မသိရှာသေးပေ။





# အခန်း (၁၄)

## ဒုတိယနေ့ရာနှင့် ချစ်ခြင်းမေတ္တာ

ဆွယ်လီက သတိပြန်ရလာပြီးသည့်နောက်ပိုင်းတွင် တခြားဘာကိုမှ သတိမရတော့ဘဲ သူ့ချစ်သူ နော်ကိုဗန်ကိုသာ နေ့စဉ်. နေ့အမျှ သတိရနေသည်။

သူပြန်ရောက်နေသည်ဟု သတင်းကြားသည်နှင့် တစ်နေ့မဟုတ်တစ်နေ့၊ တစ်ချိန်မဟုတ်တစ်ချိန် သူရှိရာသို့ရောက်လာလိမ့်မည်ဟု မျှော်လင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမမျှော်လင့်သလိုတော့ ဖြစ်မလာပေ။

တစ်နေ့တော့. . . သူမတို့နေအိမ်သို့ လူသုံးယောက် ရောက်လာကြလေသည်။

နီမောင်၊ စောထီး၊ ဝမဲအောင်တို့ သုံးယောက်ဖြစ်သည်။

ထိုအချိန်တွင် အိမ်တွင် မိခင်ဖြစ်သူ ဒေါ်ချယ်လောနှင့် ဆွယ်လီတို့သာ ရှိနေကြပြီး ကျန်လူများက နွားခြံသို့ သွားနေကြသဖြင့် မရှိကြပေ။

ဇာလျှံလည်း ပါသွားလေသည်။

နီမောင်တို့ရောက်လာတော့ ဒေါ်ချယ်လောကတော့ မှတ်မိသဖြင့် ကောင်းမွန်စွာ ဧည့်ခံလေသည်။ ဆွယ်လီနှင့်လည်း တွေ့ခွင့်ပေးသည်။

နီမောင်တို့ကိုမြင်တော့ ဆွယ်လီက ဝမ်းသာအားရမဖြစ်ဘဲ တစ်ခါမှမမြင်ဖူးသော လူစိမ်းများကို တွေ့ရသကဲ့သို့ ကြည့်နေလေသည်။

"ချယ်ရီ. . နင် နေကောင်းသွားပြီလား"

နီမောင်က မေးလိုက်သည်။

"နင် ဘယ်သူလဲ"

ထိုသို့မေးသဖြင့် နီမောင်စိတ်ထဲမှာ အံ့ဩသွားလေသည်။

ဆွယ်လီ အမူအယာကြည့်ပြီး တစ်စုံတစ်ခုကို သတိရလိုက်မိသည်။

"သူ့ကြည့်ရတာ တစ်မျိုးပဲ၊ ဘဝဟောင်းကို ပြန်သတိရ





သွားလို့ ငါတို့ကို မေ့သွားပြီထင်တယ်"

ဟု တွေးလိုက်မိသဖြင့် နာမည်ကိုပင် မပြောတော့ပေ။

"ငါတို့က ဟိုးဘက်ရွာက လာကြတာပါ၊ နင်ပြန်ရောက်နေတယ် သတင်းကြားလို့ လာမေးကြတာပါ"

"နင်တို့ကိုလည်း တစ်ခါမှမမြင်ဖူး၊ မတွေ့ဖူးပါလား"

"ဟုတ်ပါတယ်၊ နင်ကတော့ ငါတို့ကို သိမှာမဟုတ်ပါဘူး"

ထိုသို့ပြောသဖြင့် ဆွယ်လီစိတ်ထဲမှာ တစ်မျိုးတွေးလိုက်မိသည်။

သူမသိသော ယောကျ်ားလေးများက သူ့ကို လူဖျိုလာလှည့်နေသည်ဟုလည်း ထင်လေသည်။

"ငါ့ဆီကို အခုလိုလာပြီး သတင်းမေးကြတာ ဝမ်းသာပါတယ်ဟာ၊ ငါက မကြာခင် ငါချစ်သူနဲ့ လက်ထပ်တော့မှာ. . မင်္ဂလာပွဲကျရင်လည်း လာခဲ့ကြဦးပေါ့"

"နင့်အတွက် ဝမ်းသာပါတယ် ချယ်ရီရယ်၊ ဒီမှာ နင်စားဖို့ နင်ကြိုက်တတ်တဲ့ ငါးကင်တွေယူလာခဲ့တယ်"

နီမောင်က သူ့ကိုယ်တိုင်ယူလာသော ငါးကင်များကို ထုတ်ပြီး ချပေးလိုက်သည်။

ဆွယ်လီက ရှေ့မှာချပေးထားသော ငါးကင်များကို မျက်လုံးအပြူးသားဖြင့် တအံ့တဩ ကြည့်နေလေသည်။

"ငါ. . ငါးကင်ကြိုက်တာ နင်ဘယ်လို သိနေတာလဲ"

"သိတာပေါ့ဟာ၊ ဒီနေရာမှာက ငါးရဖို့ မလွယ်ဘူး မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ဒါကြောင့် ငါတို့ရွာဘက်ကရှာပြီး နင့်အတွက် တမင်ယူလာခဲ့တာ”

“နင်တို့က ဘယ်ရွာမှာနေတာလဲ”

အမှန်အတိုင်းပြောလိုက်ပါက သူမအတွက် စိတ်အနှောင့်အယှက် ဖြစ်မည်စိုးသောကြောင့် နီမောင်က ပါးစပ်ထဲမှာရှိသော နာမည်တစ်ခုကို ပြောလိုက်သည်။

ပြီးမှ သူ့အိတ်ထဲမှာ ထည့်ယူလာသော ပစ္စည်းထုပ်တစ်ခုကို ထုတ်လိုက်သည်။

“ချယ်ရီ နင်ချစ်သူနဲ့ ဖူးစာဆုံခွင့်ရတာ ငါတို့ဝမ်းသာပါတယ်၊ ငါတို့နေတဲ့ရွာက ဝေးတော့ နင့်ရဲ့မင်္ဂလာပွဲကိုတော့ လာနိုင်တော့မယ် မထင်ဘူး၊ ဒါကြောင့် အခုတွေ့တုန်း တစ်ခါတည်း မင်္ဂလာလက်ဆောင် ပေးခဲ့ပါရစေ”

ဟုပြောပြီး အထုပ်ကိုဖြေပြီး အတွင်းမှပစ္စည်းကိုထုတ်ပြီး ဆွယ်လီကို ပေးလေသည်။

လှပသော ပုတီးလည်ဆွဲ တစ်ကုံးပင်ဖြစ်၏။

ထိုပုတီးကုံးကိုမြင်တော့ ချက်ချင်းမှတ်မိသွားသဖြင့် လှမ်းယူလိုက်သည်။

“ဟင် . . ဒါ ငါအမြဲဆွဲတဲ့ ငါ့ရဲ့ ပုတီးကုံးလေးပဲ၊ နင် ဘယ်ကရလာတာလဲ”

“တစ်နေရာမှာတွေ့လို့ ယူလာတာပါ . . ၊ နင်မြတ်နိုးတဲ့ ပစ္စည်းလေးကို တကူးတက လာပေးခွင့်ရတာ ငါကျေနပ်ပါတယ်၊ ငါတို့ပြန်တော့မယ် ချယ်ရီ”





ထိုသို့ပြောပြီး နီမောင်က နေရာမှထသည်။

ဒီတော့လည်း လက်ထဲမှာရောက်နေသော ပုတီးကုံးကိုတစ်လှည့် နီမောင်ကိုတစ်လှည့် ကြည့်နေသည်။ ဇော်စောက နီမောင်တို့နှင့်ပတ်သက်ပြီး သူမထင်နေခြင်းများမှာ လွဲမှားနေပြီဆိုတာတော့ သိလိုက်သည်။

ထို့ထက်ပိုပြီး ဘာမှတော့ သတိမရပေ။

ထို့နောက် နီမောင်တို့သုံးယောက်က ဒေါ်ချယ်လောတို့ကို နှုတ်ဆက်ပြီး ပြန်ထွက်လာကြလေသည်။

ဒေါ်ချယ်လောကလည်း စိတ်မကောင်းသော အမူအယာဖြင့် ကျန်ခဲ့လေသည်။

လမ်းရောက်တော့ စောထီးကပြောသည်။

“မလာဘဲနေရင် အကောင်းသားကွာ၊ လာမိတော့မှ ကိုယ့်အပူ ကိုယ်ရှာယူသလို ဖြစ်တော့တယ်”

“ဒီလိုလည်း သဘောမထားပါနဲ့ကွာ၊ အခုလို သူ့ရဲ့ဘဝမှန်ကို ပြန်ရောက်သွားတာကိုပဲ ဝမ်းသာပေးကြပါ”

နီမောင်ကတော့ နှစ်သိမ့်စကားမျိုး ပြောလိုက်သည်။

နီမောင်လည်း ငမဲအောင်က မကျေမနပ်ဖြင့် ထပ်ပြောပြန်သည်။

“အဲဒါပေါ့ကွ၊ ကိုယ်ပိုင်ဆိုင်ခွင့်ရတဲ့ပန်းကို ရတုန်းရခိုက် မယူလိုက်တော့ အခုလို လက်လွှတ်ဆုံးရှုံးရတာပေါ့”

“ဒီလိုအဖြစ်မျိုးနဲ့တော့ မပိုင်ဆိုင်ချင်ပါဘူးကွာ၊ ဖူးစာ မဆုံလို့ပဲ သဘောထားပြီး ခွင့်လွှတ်ပေးလိုက်ကြပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟု သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ရွာအထွက်တွင် ဇာလျှံနှင့်တွေ့ကြလေသည်။

"ဟင်. . နင်. . နင်တို့"

နီမောင်တို့ကလည်း ဇာလျှံကိုသိသော်လည်း နာမည်ကိုတော့ မသိကြပေ။

"ငါ့နာမည် ဇာလျှံလို့ခေါ်တယ်၊ ဆွယ်လီကိုလာခေါ်တုန်းက နင်တို့အိမ်ကို တစ်ခေါက်ရောက်ဖူးတယ်"

နီမောင်က မှတ်မိဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"နင်တို့ ဆွယ်လီဆီလာကြတာလား"

"ဟုတ်ပါတယ်"

"သူက နင်တို့ကို မှတ်မိသေးရဲ့လား"

သုံးယောက်စလုံး ခေါင်းခါပြလိုက်သည်။

"သူက အတိတ်ဘဝကိုပြန်ပြီး သတိရသွားပြီ၊ ငါပြောပြမယ်"

ဟု သစ်ပင်ရိပ်မှာထိုင်ရင်း အကြောင်းစုံပြောပြလေသည်။ စကားဆုံးတော့မှ. . .

"သူ အခုလိုဘဝမှန်ကို သတိပြန်ရသွားတာ ငါတို့ ဝမ်းသာပါတယ်"

ဟု ပြောလိုက်လေသည်။

"နင်တို့နဲ့ တွေ့ရတာ အတော်ပဲ၊ ငါသိချင်တာလေးတွေ မေးချင်လို့ပါ၊ တခြားတော့မဟုတ်ပါဘူး၊ နီမောင်နဲ့ဆွယ်လီတို့ နှစ်ယောက်ရဲ့အကြောင်းကို ငါ့ကို အမှန်အတိုင်း ပြောပြပေးခဲ့





ပါ"

ထိုသို့မေးသောအခါ နီမောင်က ပြန်မပြောချင်သောကြောင့် ထိုနေရာမှ ထွက်သွားလေတော့သည်။

စောထီးနှင့် ငမဲအောင်တို့ကတော့ ဖြစ်ပျက်ခဲ့ပြီးသောအကြောင်းများကို ပြန်ပြောကြလေသည်။

"ချယ်ရီဆိုတဲ့ မိန်းကလေးက အတိတ်မေ့နေတဲ့အချိန်မှာ နီမောင့်အပေါ်မှာ အတော်ကလေး သံယောဇဉ် ရှိခဲ့တယ်၊ နီမောင်ကလည်း သူ့ကိုချစ်ခဲ့ပါတယ်၊ ဒါပေမယ့် အခွင့်အရေးမယူခဲ့ပဲနဲ့ လက်ထပ်ဖို့ကိစ္စကို အချိန်ဆွဲထားခဲ့တယ်"

"ဒီလိုကြားရတာ ငါစိတ်မကောင်းပါဘူး"

ဇာလျှံက ရစ်ဝဲလာသော မျက်ရည်စတို့ကို တို့သုပ်ပစ်လိုက်ရင်းပြောသည်။

"တကယ်တော့ နီမောင်ကလည်း ချယ်ရီဆိုတဲ့မိန်းကလေးအပေါ်မှာ ချစ်ပါတယ်၊ ဒါပေမယ့် ဘဝမေ့နေတဲ့ အချိန်မှာ ပြောလိုက်ရင် မသင့်မှာစိုးလို့ ဖွင့်မပြောခဲ့တာပါ၊ အခုတော့ ဝေးကြရပြီပေါ့"

ငမဲအောင်က စိတ်မကောင်းသော အသံမျိုးဖြင့် ပြောလိုက်လေသည်။

"မဖြစ်သင့်ဘူး. . ၊ ဒါဟာ ဖြစ်သင့်တဲ့ကိစ္စ မဟုတ်ဘူး၊ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတဲ့လူတွေအတွက်ကတော့ နာမှုတစ်ခုပဲ"

"ဒါပေမယ့် သူတို့နှစ်ယောက်ကတော့ ဘယ်လိုမှ မနီး



www.burmeseclassic.com

www.burmeseclassic.com



စပ်နိုင်တော့ဘူး၊ ချယ်ရီကလည်း နီမောင်ကို လုံးလုံးမမှတ်မိတော့ဘူး၊ နောက်ပြီး သူက သူချစ်သူနဲ့ လက်ထပ်တော့မယ်လို့ ပြောလိုက်တယ်"

"ဒါကလည်း သူဖြစ်ချင်တာတွေ ပြောနေတာပါ၊ လောကမှာ ကိုယ်ဖြစ်ချင်တိုင်း မဖြစ်တာတွေ အများကြီးရှိပါတယ်"

"ဒီအကြောင်းတွေကိုတော့ ချယ်ရီကို ပြန်မပြောမနေပါနဲ့တော့ဟာ သူစိတ်မချမ်းသာ ဖြစ်နေရာကနေ စိတ်အနှောင့်အယှက် ဖြစ်နေပါဦးမယ်၊ ငါတို့ သွားတော့မယ် ဇာလျှံ"

ဟု ပြောဆိုနှုတ်ဆက်ပြီး စောထီးနှင့်ငမဲအောင်တို့က နီမောင်ရုပ်စောင့်နေသောနေရာသို့ လျှောက်သွားကြလေသည်။

ဇာလျှံကတော့ ထိုနေရာမှာပင်ရပ်လျက် နီမောင်တို့ရှိရာသို့ လှမ်းကြည့်နေလေသည်။

သူတို့သုံးယောက်ကို မမြင်ရတော့မှ ပြန်သွားလေတော့သည်။ အိမ်ပြန်ရောက်တော့ ဆွယ်လီက သူ့ကိုမေးသည်။

"ဇာလျှံ. . နင် ဘယ်သွားနေတာလဲ"

"နွားခြံသွားနေတာ"

"စောစောက လူသုံးယောက် ငါ့ဆီလာသွားတယ်၊ ငါးကင်တွေလည်း ပေးသွားတယ်၊ ရေနစ်တုန်းက ပျောက်သွားတဲ့ ငါ့ရဲ့ ပုတီးကုံးလေးလည်း ပြန်ပေးသွားတယ်"

ဇာလျှံက အူနားဝင်ထိုင်ရင်း မေးလိုက်သည်။

"နင် သူတို့ကို သိသလား"

"ဟင့်အင်း မသိဘူး၊ နင် သိလို့လား"





"သိတာပေါ့"

"ဘယ်သူတွေလဲဟင်၊ ဘယ်ကလာကြတာလဲ"

"နင့်ကို ပုတီးကုံးနဲ့ငါးကင် ပေးသွားတာ တခြားမဟုတ်ဘူး၊ နင်အတိတ်ဘဝကို မေ့နေတုန်းက နင့်ကိုစောင့်ရှောက်ပေးထားခဲ့တဲ့သူပဲ၊ သူ့နာမည်က နီမောင်လို့ခေါ်တယ် "

"နီမောင်"

ဆွယ်လီစိတ်ထဲမှာ နီမောင်ကို မမှတ်မိသော်လည်း ထိုနာမည်ကိုတော့ သိနေသလို ရင်းနှီးနေသလိုရှိသည်။

"သူ ဘာကြောင့် ငါ့ကိုပြောမသွားတာလဲ"

"နင် စိတ်မကောင်းမှာစိုးလို့ ဘာမှမပြောဘဲ ပြန်သွားကြတာ ဖြစ်မှာပေါ့"

"နင့်ကိုရော ဘာတွေပြောသွားသေးလဲဟင်၊ ငါ့ကို ပြန်ပြောပြစမ်းပါ"

"နီမောင်က တခြားမဟုတ်ဘူး၊ နင် အတိတ်မေ့နေတုန်းက ချစ်သူတွေဘဝ ရောက်ခဲ့ကြတဲ့သူပဲ"

ဇာလျှံက စောထီးနှင့်ငမဲအောင်တို့ထံမှ သိရသောအကြောင်းများကို ဆွယ်လီအား ပြန်ပြောပြလိုက်လေသည်။

ထိုစကားကြားသောအခါ ဆွယ်လီရင်ထဲမှာ တစ်ခုခုများယွင်းခဲ့ပြီဖြစ်ကြောင်း သိလိုက်လေသည်။

"နင် သူ့ကို သတိမရတော့ဘူး မဟုတ်လား၊ အခုအချိန်မှာတော့ နင့်စိတ်ထဲမှာ နော်ကိုဗန်က ပြန်ရောက်နေတယ် မဟုတ်လား၊ နင်မရှိတဲ့ (၆)လကျော်လောက် အချိန်အတောအ



www.burmeseclassic.com

www.burmeseclassic.com



တွင်းမှာ နော်ကိုဇန်တစ်ယောက် ဘယ်လိုအခြေအနေမျိုးရောက်နေတယ်ဆိုတာ သိရအောင် ငါ သူ့ကိုမှာပေးပါ့မယ်"

ဟု ဇာလျှံကပြောလိုက်ရာ ဆွယ်လီက ဘာမှပြန်မပြောဘဲ ကြည့်နေလေသည်။

နောက်သုံးရက်ခန့်ကြာသောအခါ ဆွယ်လီရှိရာသို့ နော်ကိုဇန် ရောက်လာလေသည်။

သူ့ကိုမြင်တော့ ဆွယ်လီမှာ ဝမ်းသာသွားလေသည်။

"ဆွယ်လီ နင့်ကို သေသွားပြီထင်လို့ စိတ်မကောင်းဖြစ်နေတာ၊ အခုလို ပြန်တွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲ "

ဟု ပြောလေသည်။

"ငါကလည်း နင်နဲ့ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါထက် နင့်အခြေအနေကရော ဘယ်လိုရှိသလဲ"

ဆွယ်လီက မေးလိုက်သည်။

ထိုအခါ နော်ကိုဇန်က တော်တော်နှင့်ပြန်မပြောဘဲ စဉ်းစားနေလေသည်။

"နင် အမှန်အတိုင်းသာ ပြောပါ"

"ငါ နင့်အပေါ်မှာ သစ္စာဖောက်ခဲ့တာ မဟုတ်ပါဘူး၊ သေသွားပြီ သတင်းကြားတော့ ငါ့အိမ်ကမိဘတွေက ငါ့ကို မိန်းမပေးစားကြတယ်၊ ဒါကြောင့် ငါယူလိုက်ရတယ်"

"ငါ နင့်ကို အပြစ်မတင်ပါဘူး၊ ငါတို့နှစ်ယောက်ရဲ့ ဖူးစာရေစက်က ဒီလောက်ပဲပါလာကြတယ်လို့ပဲ၊ သဘောထားရတော့မှာပေါ့"





"ဒီလိုမဟုတ်သေးဘူးလေ၊ နင်က လက်ခံပေးရင် ငါ နင့်ကို လက်ထပ်ယူမှာပါ။ ငါတို့ လူမျိုးတွေမှာ ဒီလိုယူခွင့်လည်း ရှိကြတာပဲ၊ တကယ်တော့ ငါ့မိဘတွေ စီစဉ်ပေးလို့သာ ငါ လက်ထပ်ခဲ့ရပေမယ့် အခုအချိန်ထိ ငါတကယ်ချစ်တာက နင် တစ်ယောက်ပဲရှိပါတယ် ဆွယ်လီရယ်"

ဟုပြောတော့ ဆွယ်လီ က မချိပြုံးလေး ပြုံးလိုက်လေသည်။

"ငါ့အပေါ်မှာ ဒီလိုသဘောထားပေးတာကိုတော့ ကျေးဇူးတင်ရမှာပါပဲ၊ ဒါပေမယ့် ဒီလိုဓလေ့ထုံးစံတွေကိုတော့ ငါ လက်မခံပါဘူး၊ ငါ့ဘဝမှာ ဒုတိယနေရာနဲ့ ဘယ်တော့မှ မနေပါဘူး"

ဟု ပြောလိုက်လေသည်။

ချင်းလူမျိုးတို့၏ ဓလေ့ထုံးစံများထဲတွင် မယားလေးမျိုးအထိ ယူနိုင်ခွင့်ရှိကြောင်းပါလေသည်။

နော်ကိုဇန်က ထိုဓလေ့ထုံးစံဖြင့် ပြောနေခြင်းဖြစ်၏။

ချင်းလူမျိုးတို့၏ မယားယူသော ဓလေ့အရ ဇနီးမယားလေးမျိုးအကြောင်း ဖော်ပြပါမည်။

အဦးဆုံးမယား(Nuhrim)ဆိုသည်မှာ ပထမဦးဆုံးယူသော မိန်းမဖြစ်သည်။

မယားလည်း ဖြစ်နိုင်သကဲ့သို့ မယားငယ်လည်း ဖြစ်နိုင်သည်။ မယားကြီး မရှိသောအချိန်၌ မယားငယ်သည် မယားကြီး၏တာဝန်ကို ယူရ၏။



www.burmeseclassic.com

www.burmeseclassic.com



မယားကြီး(Nutak)ဆိုသည်မှာ မယားကြီးအဖြစ် မင်္ဂလာကြေးအပြည့်ဖြင့် ထိမ်းမြားး၍ ကြက်ဖနက်သတ်ကာ မယားကြီးအဖြစ် သတ်မှတ်သော ဆုတောင်းပွဲ ပြုလုပ်ပေးခြင်း ခံရသူဖြစ်သည်။

ဆုတောင်းပွဲ ပြုလုပ်စဉ် အသုံးပြုသော ကရိယာများကို ကိုင်တွယ်ခွင့် ရရှိသူဖြစ်သည်။

ထိုမယားကြီးနှင့်ရရှိသော ယောကျ်ားကလေးသည် အမွေဆက်ခံပိုင်ခွင့် ရှိသည်။

သာမန်မယားငယ်(Nuchun)ဆိုသည်မှာ မယားကြီးအဖြစ်ဖြင့် လက်ထပ်သောသူမဟုတ်ပါ။

သာမန်မယား(သို့မဟုတ်)အမြှောင်မယားအဖြစ် လက်ထပ်ခြင်း ခံရသူဖြစ်၍ မင်္ဂလာကြေးအပြည့်နှင့် အာ(ရ်)ဆားဖြင့် လက်ထပ်သောသူလည်း ဖြစ်နိုင်သည်။

မိမိအိမ်သို့လည်း ခေါ်ယူနေထိုင်ခွင့် ရှိသည်။ သို့သော် အိမ်၏ အဓိကတာဝန်ကိုမူ မပေးအပ်ရပါ။

ထိုအမျိုးသမီးမှာ အိမ်ထောင်ရှင်နှင့် တန်းတူအနွယ်(သို့မဟုတ်)အနွယ်အနိမ့်(သို့မဟုတ်)အမျိုးနိမ့်သူလည်း ဖြစ်နိုင်သည်။

ထိုအမျိုးသားသည် မယားကြီးမှ ကလေးမထွန်းကားဘဲ သာမန်မယားနှင့် ယောကျ်ားကလေး ထွန်းကားပါက အာ(ရ်)ဆားသတ်၍ယူသော မိန်းမဖြစ်သောကြောင့် ထိုကလေးမှ အမွေဆက်ခံပိုင်ခွင့် ရှိသည်။





မယားကြီး အသက်ဆုံးပါး၍ ယောကျ်ားက ကြိုက်နှစ်သက်သူဖြစ်ပါက မယားကြီးအဖြစ်လည်း ဆက်ခံနိုင်သည်။

မယားအဖြစ် ယူထားသည်မှာ မှန်ကန်သော်လည်း . . မယားကြီးအဖြစ် အခြားသူကို မယူနိုင်ပါကလည်း မယားကြီးအဖြစ် အသိအမှတ်ပြုနိုင်သည်။

နှောင်းမှယူသော မယားကြီး(Nutlai)ဆိုသည်မှာ မယားကြီး သေဆုံး၍လည်းကောင်း၊ ရှင်ကွဲကွဲ၍သော်လည်းကောင်း၊ နောက်ထပ်ယူသော မယားကြီးကို ခေါ်ဆိုပါသည်။

ထိုပထမယူသော မယားကြီး၏ ညီအစ်မကိုသော်လည်းကောင်း၊ ဆွေမျိုးထဲမှသော်လည်းကောင်း၊ လက်ထပ်လျှင်မူလထုံးစံအတိုင်း မင်္ဂလာကြေးကို ပြည့်စုံစွာပေးရသည်။

အထက်၌ဖော်ပြခဲ့သော အကြောင်းအရာတို့မှာ ချင်းလူမျိုးတို့ လင်မယားလေးမျိုးယူပုံ ဓလေ့များပင် ဖြစ်ကြလေသည်။

နော်ကိုဇန်က ထိုဓလေ့ထုံးစံများကြောင့် ဆွယ်လီတို့ ထပ်မံလက်ထပ်မည်ဟု ပြောနေခြင်းဖြစ်ပေသည်။

ဆွယ်လီကတော့ လုံးဝလက်မခံပေ။

"မသင့်လျော်တဲ့ ထုံးတမ်းဓလေ့တွေကြောင့် လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေ အပျက်စီးမခံနိုင်ဘူး. . ၊ ချစ်ခြင်းမေတ္တာဆိုတာ ဒုတိယနေရာနဲ့ ဘယ်တော့မှ နေလေ့မရှိဘူး၊ ဒါကြောင့် နင်ပြောတာတွေကိုလည်း ငါလုံးဝလက်မခံနိုင်ပါဘူး၊ ဒါအပြင် နင်နဲ့ငါနဲ့ ဖြစ်ခဲ့တဲ့ကိစ္စတွေကိုလည်း ဒီအချိန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါမေ့ပစ်လိုက်ပါပြီ"

ဟုပြောလိုက်ရာ နော်ကိုဗန်လည်း ဘာမှဆက်မပြောသာတော့သဖြင့် လက်လျှော့ပြီး ပြန်သွားရလေတော့သည်။





# အခန်း (၁၅)

## ကျေးဇူးကြေးကို ဘာဖြင့်ဆပ်မည်နည်း

နေရာက သူသိသောနေရာပင်ဖြစ်သည်။ လမ်းကလည်း ရောက်ခဲ့ဖူးသော လမ်းပင်ဖြစ်သည်။

ထိုနေရာတွင် ရေတွင်းငယ်တစ်ခုရှိသည်။ မှိုင်းညို့နေသော တောအုပ်ကြီးများရှိသည်။

အပေါ်မှ မိုးထားသကဲ့သို့၊ ဒါမှမဟုတ် တံတိုင်းကြီးများကာရံထားသကဲ့သို့၊ မြင့်မားလှသော တောင်မြင့်ကြီးများ ရှိကြ

www.burmeseclassic.com



လေသည်။

လမ်းသွယ်၊ လမ်းခွဲမြောက်များစွာတို့ ဆုံတွေ့သော နေရာလည်း ဖြစ်သည်။

ထို့ပြင် ထိုနေရာတစ်ဝိုက်ရှိ တောအုပ်များ၊ တောင်မြင့်ကြီးများပေါ်တွင် တောင်ဇလပ်ပန်းမျိုးစုံတို့ ရှိကြသည်။

ရောင်စုံတောဇလပ်ပန်းများ ဖူးပွင့်နေသည်ကို မြင်ရသည်နှင့်ပင် ဘဝဟောင်းကို ပြန်ပြောင်းသတိရစေသောနေရာပင်ဖြစ်သည်။

ထိုနေရာသည် အခြားတော့မဟုတ်ပေ။ လူသေရွာသို့ သွားရာလမ်းတွင် တွေ့ရသောမြင်ကွင်းများပင် ဖြစ်သည်။

ချင်းလူမျိုးတို့ယုံကြည်မှုမှာ သေဆုံးသွားသူသည် အခြားဘဝ၊ အခြားတစ်နေရာသို့ လူသေရွာမှ တစ်ဆင့်သွားကြရသည်။

မိန်းမကြီးဆာနူ ညွှန်ပြပေးသောလမ်းမှ သွားကြရသည်ဟု ယုံကြည်မှုရှိကြသည်။

လူသေနှင့်လူရှင်တို့ နယ်နိမိတ်ကို ခြားနားထားသောနေရာမှ ကျော်လွန်သောအခါ လမ်းခွဲတစ်ခုသို့ ရောက်သွားလေသည်။

ထိုလမ်းခွဲမှ ဆက်သွားသောအခါ မိန်းမကြီးဆာနူရှိရာသို့ ရောက်သွားလေ့ရှိတော့သည်။

မိန်းမကြီးဆာနူ ရှေ့မှောက်သို့ ရောက်သောအခါ လူဘဝက သတ်ဖြတ်ခဲ့သော တိရစ္ဆာန်ဦးခေါင်းများကို ပြသကြရမည်။

ကျွဲ၊ နွားနောက်စသော တိရစ္ဆာန် အကောင်ကြီးများ၏ ဦးခေါင်းများများပြနိုင်လျှင် ဆာနူက သဘောကျသည်။

ထိုသူကို ဘဝလမ်းဖြောင့်စေရန် အခက်အခဲမရှိသော လမ်းမှ သွားစေရန် လမ်းညွှန်ပြပေးသည်။

အကယ်၍ တိရစ္ဆာန်ငယ်ကလေးများ ဖြစ်သော ကြက်၊ ဝက်စသော ဦးခေါင်းများပြပါက ဆာနူက သဘောမကျပေ။

ထိုသူကို ဘဝလမ်းကူးမဖြောင့်စေရန် ခက်ခဲသောလမ်းမှ ညွှန်ပြပေးလေ့ရှိသည်။

ယခု ဆွယ်လီတစ်ယောက် လူသေရွာသို့ ရောက်နေသည်။

ဘာကြောင့် ရောက်နေသည်ကိုတော့ သူမသိပေ။

မိန်းမကြီး ဆာနူနှင့်တွေ့သောအခါ တိရစ္ဆာန်ငယ်ကလေးများ ဦးခေါင်းကိုပင် မပြနိုင်သဖြင့် သူ့ကို ရှုတ်ထွေးခက်ခဲသောလမ်းမှ လမ်းညွှန်ပေးသဖြင့် ထိုလမ်းမှလာရလေသည်။

လမ်းတစ်နေရာရောက်တော့ သူ့လိုပင် ယောင်လည်လည်ဖြစ်နေသော လူတစ်ယောက်နှင့် တွေ့ရလေသည်။

အနားရောက်တော့မှ သူ့ချစ်သူနီမောင်ဖြစ်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာအားရ အနားသို့သွားလေသည်။

"နီမောင်"

ဆွယ်လီက ခေါ်တော့ လှည့်ကြည့်လေသည်။ သို့သော် သူ့ကို မှတ်မိဟန်မတူပဲ စိုက်ကြည့်နေသည်။





www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်သူလဲ"

"ငါ ဆွယ်လီလေ မမှတ်မိတော့ဘူးလား"

ခေါင်းခါပြလေသည်။

"ငါ နင့်ကိုမသိဘူး"

"ဟင်"

ထိုစကားကြောင့် ဆွယ်လီမှာ များစွာအံ့ဩသွားလေသည်။

"ငါ့ကို မသိတော့ဘူး ဟုတ်လား"

"မမှတ်မိတော့ဘူး၊ ငါသွားတော့မယ်"

ဟုပြောကာ သူမအနားမှ ထွက်သွားလေတော့သည်။

"နီမောင်. . နီမောင်. ."

ဟု လှမ်းခေါ်လိုက်သည်။

ထိုကဲ့သို့ခေါ်ရင်းနှင့် အသံထွက်သွားရာ အနားမှာ အိပ်နေသော ဇာလျှံပင် လန့်နိုးလာလေသည်။

"ဆွယ်လီ ဘာတွေယောင်ပြီး အော်နေတာလဲ"

"နီမောင်. . နီမောင်. ."

"နီမောင် ဘာဖြစ်လို့လဲ"

"အိပ်မက်ထဲမှာ ငါ သူ့ကိုတွေ့လိုက်တယ်၊ ဒါပေမယ့် သူက ငါ့ကို မမှတ်မိတော့ဘူးလို့ ပြောသွားတယ်"

ဇာလျှံက သက်ပြင်းချလိုက်လေသည်။

"နင် သူ့အကြောင်းတွေတွေးပြီး အိပ်ပျော်သွားလို့ အိပ်မက်မက်နေတာဖြစ်မှာပါ"





"ငါ သူတို့နေတဲ့ရွာကို တစ်ခေါက်လောက်တော့ သွားကြည့်ချင်တယ်"

"ဟင် ဘာဖြစ်လို့လဲ"

"ခြောက်လလောက်ကြာအောင် နေခဲ့တဲ့ နေရာလေးကိုလည်း ပြန်ကြည့်ချင်တယ်၊ နောက်ပြီး သူနဲ့တွေ့ရင်လည်း မေးချင်တာလေးတွေ ရှိလို့ပါ"

"နင့်မိဘတွေဆီမှာ ခွင့်တောင်းကြည့်ပေါ့၊ သူတို့ ခွင့်ပြုပေးရင်တော့ သွားကြတာပေါ့၊ ဒါပေမယ့် ငါတို့နှစ်ယောက်တည်းတော့ သွားလို့မဖြစ်ဘူး၊ ရမ်မန်းကိုပါ အဖော်ခေါ်သွားရမယ်"

ဟု ပြောလေသည်။

နောက်တစ်နေ့ မနက်ပိုင်းရောက်တော့ သစ်ခွမြိုင်ရွာသို့ တစ်ခေါက်သွားလိုကြောင်းပြောသောအခါ ဦးပန်ဟေက ခွင့်ပြုပေးသည်။

"နင့်အသက်ကို ကယ်ပေးခဲ့တဲ့ ကျေးဇူးရှိတဲ့လူတွေရဲ့ ရွာကိုသွားတာပဲ သွားပေါ့၊ ဟိုရောက်ရင်လည်း သူတို့ရဲ့ကျေးဇူးကျွေးကို တတ်နိုင်သလောက် ဆပ်ပေးခဲ့ပါ"

ဟု မှာလိုက်လေသည်။

ထို့ပြင် မြစ်ကြောင်းမှ လှေဖြင့်သွားရန် စီစဉ်ပေးသည်။

လှေလှော်ရန် လူလေးယောက်ပါ ထည့်ပေးလိုက်လေသည်။

သူတို့နှစ်ယောက်သွားတော့ ရမ်မန်းကပါ လိုက်လာ

www.burmeseclassic.com



လေသည်။

လှေဖြင့်သွားသောအခါ နေ့ဝက်ခရီးလောက်သာ သွားကြရသည်။

သူတို့က နေမြင့်တော့မှ ခရီးထွက်ကြသဖြင့် ညနေပိုင်းအချိန်ရောက်တော့ သစ်ခွမြိုင်ရွာသို့ ရောက်သွားကြသည်။

ထိုရွာရောက်တော့ သူနေဖူးခဲ့သော နေရာတစ်ခုလို စိတ်ထဲမှာ ပြန်ပေါ်လာလေသည်။

ရွာထဲရောက်တော့ နီမောင်တို့ အိမ်မရောက်ခင် စောထီးနှင့်ငမဲအောင်တို့နှင့် အရင်တွေ့ရလေသည်။

"ဆွယ်လီတို့ပါလား၊ မင်္ဂလာပွဲအတွက် လာဖိတ်ကြတာလား"

ဟုမေးတော့ ဆွယ်လီက ခေါင်းခါပြသည်။ ဆွယ်လီကို မြင်တော့ နှစ်ယောက်စလုံး မျက်နှာမကောင်းကြပေ။

ထိုအခါ ဇာလျှံက ဝင်ပြောသည်။

"ငါတို့ နီမောင်တို့ အိမ်သွားကြမလို့၊ သူရှိတယ် မဟုတ်လား"

"ရှိတော့ရှိပါတယ်၊ ဒါပေမယ့် နင်တို့သွားလည်း သူမှတ်မိတော့မှာ မဟုတ်ဘူး"

"ဟင် ဘယ်လိုဖြစ်လို့လဲ"

"တစ်ည ချယ်ရီပင်ကြီးအောက်မှာ ထိုင်နေရင်းနဲ့ လေတွေမိုးတွေ ကျလာတော့ ချယ်ရီကိုင်းကျိုးကျတာ သူ့ခေါင်းကို ထိမိသွားတယ်"





"ဟင် ဖြစ်ရလေ"

"ဒဏ်ရာကတော့ ဆရာကြီးက ဆေးကုပေးလို့ ပျောက်သွားပေမယ့်၊ ဘယ်သူ့ကိုမှ သိပ်မမှတ်မိတော့ဘူး၊ နင်တို့ မြင်လည်း စိတ်မကောင်းဖြစ်ကြရုံပဲရှိမှာပါ၊ ဒီကပဲပြန်ကြရင် ကောင်းမယ်"

"မပြန်ဘူး၊ ငါ သူနဲ့တွေ့ချင်သေးတယ်"

ဟုပြောပြီး ဆက်သွားကြရာ နီမောင်တို့အိမ်ရောက်သွားကြလေသည်။

အိမ်နှင့်မနီးမဝေးမှာရှိနေသော ချယ်ရီပင်ကြီးကို မြင်ကတည်းက စိတ်ထဲမှာ သတိရစိတ် ဝင်လာလေတော့သည်။

"ချယ်ရီပင်. . ချယ်ရီပင်ကြီး၊ ဒီအပင်ကြီးအောက်မှာ ငါထိုင်ခဲ့တာပဲ"

ဟု ရေရွတ်နေသည်။

အိမ်သို့ရောက်တော့ ဒေါ်ကျင်မေနှင့် နှင်းမေတို့ နှစ်ယောက်သာ ရှိသည်။

နှစ်ယောက်စလုံး ဆွယ်လီကိုမြင်တော့ ဝမ်းသာဝမ်းနည်း ဖြစ်နေကြသဖြင့် မျက်ရည်အဝိုင်းသားဖြင့် ကြည့်နေကြသည်။

"သမီးတို့ အလည်လာကြတာလား"

"ကျွန်မ နီမောင်နဲ့တွေ့ချင်လို့ပါ အမေ"

"လောလောဆယ်တော့ မရှိသေးဘူး၊ မြစ်ဘက်ကို သွားတယ်ထင်တယ်၊ နားကြပါဦးကွယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ နေရာထိုင်ခင်းများ ပေးလေသည်။

ထိုအချိန်မှာပင် နှင်းမေက အဝတ်ဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကို ယူလာပြီးပေးသည်။

"မမပြန်သွားတော့ မမရဲ့အဝတ်အစားတွေရော အသုံးအဆောင်ပစ္စည်းတွေရော ကျွန်မသိမ်းပေးထားတယ်"

ဟု မျက်ရည်အဝိုင်းသားဖြင့် ပြောပြီးပေးသဖြင့် ဖြေကြည့်လိုက်သောအခါ သူမဝတ်ဆင်ခဲ့သော အဝတ်အစားများအပြင် အသုံးအဆောင်ပစ္စည်းများကို တွေ့ရလေသည်။

"မမ မင်္ဂလာဆောင်က ဘယ်တော့လဲဟင်၊ ကျွန်မတို့တော့ လာနိုင်တော့မယ်မထင်ဘူး၊ အစ်ကိုက သိပ်နေမကောင်းသေးဘူး"

ဟု နှင်းမေကပြောသောအခါ ဆွယ်လီမှာ ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်တို့ကို ပုဝါဖြင့် သုတ်ဖယ်ပစ်လိုက်သည်။

မကြာခင် နီမောင် ပြန်ရောက်လာသည်။

မြစ်ကမ်းဘက်မှ ပြန်လာဟန်ရှိပြီး ငါးနှစ်ကောင်လည်း ပါလာလေသည်။

အိမ်ထဲမှာ ဧည့်သည်များ ရောက်နေသည်ကို မသိသေးသဖြင့် ငါးနှစ်ကောင်ကို မီးဖိုရှိရာသို့ ယူသွားပြီး တံစို့ထိုးကာ ကင်နေလေသည်။

ထိုနေရာမှာ ချယ်ရီပင်ကြီးရှိသောနေရာနှင့် မနီးသော နေရာဖြစ်ပေသည်။





နီမောင် ငါးကင်နေသောနေရာသို့ ဆွယ်လီက လျှောက်သွားလေသည်။

အနားရောက်တော့ မော့ကြည့်လေသည်။

သို့သော် မှတ်မိဟန်တော့မတူပေ။

"နင် ဘယ်သူလဲ"

"နင် ငါ့ကို မမှတ်မိတော့ဘူးလား"

ခေါင်းခါပြလေသည်။

"နင် ဘယ်ကလာတာလဲ"

"ဟိုး ရွာဘက်ကလာခဲ့တာ၊ ဒီ ငါးကင်တွေက ဘာလုပ်ဖို့လဲဟင်"

"ငါ့မှာ ချစ်သူတစ်ယောက်ရှိတယ်၊ သူက ငါးကင် သိပ်ကြိုက်လို့ သူ့အတွက် ငါကိုယ်တိုင် ငါးဖမ်းပြီး ကင်ပေးနေတာ"

ဟုပြောပြီး သူမကိုမကြည့်တော့ပဲ ငါးကင်ကိုသာ ဂရုစိုက်ကင်နေလေသည်။

ဆွယ်လီက အတိတ်မေ့နေရာမှ သတိပြန်ရလာတော့ နီမောင်ကို မမှတ်မိတော့ပေ။

ယခု . နီမောင်ကပါ အတိတ်ဘဝ မေ့နေပြီဖြစ်သောကြောင့် ဆွယ်လီကို မသိနိုင်တော့ပါချေ။

"နင့်ချစ်သူက ဘယ်သူလဲဟင်"

ထိုသို့မေးသောအခါ ဘာမှပြန်မပြောဘဲ အတော်ကြာအောင် စဉ်းစားနေပြီးမှ ခေါင်းခါပြလိုက်သည်။

"သူ ဘယ်မှာရှိနေတယ် ဘယ်သူလဲဆိုတာတော့ ငါ



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိတော့ပါဘူး၊ ဒါပေမယ့် ဒီချယ်ရီပင်ကြီးရှိတဲ့ နေရာကိုတော့ တစ်နေ့ကျရင် သူပြန်ရောက်လာမှာပါ"

ဟုပြောကာ နေရာမှ ထသွားလေသည်။

ညအချိန်ရောက်တော့ ဦးဘရှိန်ပါ ပြန်ရောက်လာသည်။

နှင်းမေက ညွှေသည်များကို ထမင်းဟင်းများဖြင့် ကျွေးမွေးသော်လည်း ဘယ်သူမှ မစားနိုင်ကြပေ။

"ငါတို့က. . နင့်ကို သားသမီးအရင်းတစ်ယောက်လို စောင့်ရှောက်ပေးခဲ့တာပါ၊ အခုလို မိဘတွေနဲ့ ပြန်တွေ့ပြီး ဘဝမှန်ပြန်ရသွားတာ မြင်ရတော့ ဝမ်းသာပါတယ်၊ နီမောင်အတွက်ကတော့ ကံတရားကြောင့် ဖြစ်တယ်လို့ပဲ သဘောထားပါတယ်"

"ကျွန်မတစ်ခုတော့ ခွင့်တောင်းပါရစေ"

"ဘာများလဲ"

" ကျွန်မကို ဒီမှာ ပြန်ပြီးလက်ခံပေးပါ၊ ကျွန်မအတိတ်ဘဝ မေ့နေတုန်းက နီမောင်က ပြုစုစောင့်ရှောက်ပေးခဲ့တယ်။ အခု သူဒီလိုဖြစ်နေတော့ ကျွန်မပြန်ပြီး ကူညီစောင့်ရှောက်ပေးပါရစေ"

"ဖြစ်ပါ့မလားကွယ် ဒီအတိုင်းနေတာကမှ တော်သေး၊ သူနဲ့နေပြီးတော့မှ ဒီတစ်ခါပြန်သွားရင် သူအသက်သေလိမ့်မယ်ထင်တယ်"

ဒေါ်ကျင်မေက ဝင်ပြောလေသည်။

"ဒီအတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်မသူနေပြန်





ကောင်းတဲ့အထိ နေပေးသွားပါ့မယ်လို့ ကတိပေးပါတယ်"

ထိုသို့ကတိပေးသောအခါမှာတော့ မိသားစုများက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းနှင့် ထွေထွေထူးထူး ဘာမှထပ်မပြောကြတော့ပေ။

နောက်တစ်ရက်မှာတော့ ဇာလျှံနှင့် ရမ်မန်းတို့က ပြန်ဖို့ပြင်ကြလေသည်။

"ဆွယ်လီ နင် ပြန်မလိုက်သေးဘူးလား"

"ငါ မလိုက်သေးဘူး၊ သူ နေကောင်းတဲ့အထိ ဒီမှာနေပြီး ပြုစုပေးလိုက်ဦးမယ်၊ ဒီမလာခင် အဖေက ငါ့ကိုမှာလိုက်တယ်၊ ကျေးဇူးရှိတဲ့သူတွေရဲ့ ကျေးဇူးကြွေးကို. . တတ်နိုင်သလောက် ဆပ်ပေးခဲ့လို့ မှာလိုက်တယ်၊ အဖေနဲ့အမေကိုသာ အကျိုးအကြောင်း ပြောပြပေးပါ"

ဟု မှာလိုက်ရာ ဇာလျှံနှင့် ရမ်မန်းတို့လည်း စိတ်ကောင်းစွာဖြင့် ထားခဲ့ရလေသည်။

"ငါတို့လည်း မကြာခဏလာခဲ့ပါ့မယ်၊ နင်တို့နှစ်ယောက်တစ်ယောက်ဘဝကို တစ်ယောက်မှတ်မိပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ လက်တွဲနိုင်ပါစေလို့ပဲ ဆုတောင်းပေးခဲ့ပါတယ်၊ ငါတို့ပြန်တော့မယ် "

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

# ဘဝအသစ်ဖြင့် ချစ်ခွင့်ရသောချစ်သူ

နီမောင်တို့အိမ်ရှေ့နှင့် အိမ်ပတ်ဝန်းကျင်တွင် ပန်းပွင့်သောသစ်ပင်၊ ပန်းမပွင့်သောသစ်ပင်မျိုးစုံတို့ ရှိကြသည်။

ရောင်စုံပွင့်သော တောင်ဇလပ်ပန်းများ၊ အပွင့်ပွင့်သော အခါ နီရဲနေသော ကသစ်ပင်ကြီးများလည်း ရှိသည်။

မီးခိုးရောင်နှင့်အဖြူရောင်များ ရောထွေးနေပြီး သစ်ခွ ပန်းပွင့်များထက်ကြီးသော စွယ်တော်ပင်များ၊ အလေးမူကြည့် လျှင် လှပသော ထာလ်သစ်ပင်တို့အပြင် တစ်ပင်လုံးအရွက်မရှိ

www.burmeseclassic.com

www.burmeseclassic.com



တော့ပဲ ပန်းနုရောင် ကမ္ဗလာကြီး ဖုံးထားသကဲ့သို့ လှပသော ချယ်ရီပင်ကြီးလည်း ရှိသည်။

အဝေးမှကြည့်လျှင် ပန်းရောင်စုံ တောအုပ်အတွင်းမှ အိမ်တစ်လုံးနှင့်ပင် တူနေတော့သည်။

ချယ်ရီပင်ကြီးအောက်မှာ ခုံတန်းလျားရှိသည်။

ထိုနေရာနှင့် မနီးမဝေးနေရာတွင် သစ်မြစ်တုံးကြီးများဖြင့် ပြုလုပ်ထားသော မီးဖိုတစ်ခုရှိသည်။

မီးဖိုပေါ်မှာ ဝါးတံစို့ဖြင့် ကင်ထားသော ငါးကြင်းနှစ်ကောင်ရှိသည်။

ငါးကြင်းကင်မှ ရနံ့များက ပတ်ဝန်းကျင်တစ်ဝိုက် ပြန့်နှံ့နေလေသည်။

အချိန်က ညနေပိုင်းအချိန်ရောက်နေပေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ မြူနှင်းများက ကျနေသည်။

ဘယ်နေရာကိုပဲကြည့်ကြည့် မှုံမှိုင်းနေလေသည်။

တစ်နည်းပြောရရင်တော့ လွမ်းဆွတ်ဖွယ်ရာကောင်းသော အခြေအနေပင် ဖြစ်ပေသည်။

ချယ်ရီပင်ကြီးအောက်တွင်ရှိသော ခုံတန်းလျားပေါ်မှာတော့ နှစ်ယောက်ရှိနေလေသည်။

နီမောင်နှင့်ဆွယ်လီတို့ပင် ဖြစ်ပေသည်။

ဆွယ်လီတစ်ယောက် နီမောင်တို့ နေအိမ်သို့ရောက်နေခဲ့သည်မှ တစ်ပတ်ကျော်ခန့် ရှိနေပေပြီ။

အနေကြာလာတော့ နီမောင်ကိုယ်တိုင်က ဆွယ်လီအ





ပေါ်မှာ ခင်မင်လာလေပြီ။

"နင့် နာမည်က ဘယ်သူလဲဟင်"

"ငါ့နာမည် ဆွယ်လီလို့ ခေါ်တယ်"

"နင်က ဘယ်ရွာကလာတာလဲ"

"ဟိုး အထက်ပိုင်းမှာရှိတဲ့ ရွာတစ်ရွာကပေါ့"

"နင်က ဘာကြောင့် ငါတို့နဲ့ လာနေတာလဲဟင်"

"နင့်ကို ခင်လို့ပေါ့။ နင်ကရော ငါ့ကို မခင်ဘူးလား"

"ခင်တာပေါ့"

ဟုပြန်ပြောရာ ဆွယ်လီက ကျေနပ်စွာ ပြုံးလိုက်သည်။

"နင် ဘာဖြစ်လို့ ငါးကင်တွေကို နေ့တိုင်းကင်နေတာလဲ"

"ငါ့ချစ်သူက ငါးကင်သိပ်ကြိုက်တယ်၊ သူပြန်ရောက်လာရင် ကျွေးဖို့ကင်ထားတာပါ"

"နင့် ချစ်သူရဲ့နာမည်က ဘယ်သူလဲ"

"သူ့ကိုမြင်ရင်တော့ နင် မှတ်မိပါတော့မလား"

အတော်ကြာအောင် စဉ်းစားနေပြီးမှ. . .

"ငါ မသိဘူး"

ဟု ပြန်ပြောလေသည်။

"သူမှ ပြန်မလာနိုင်တော့တာ နင်ကင်ထားတဲ့ ငါးကင်တွေက အလကားဖြစ်မှာပေါ့"

"သူ ပြန်လာမှာပါ"

ဆွယ်လီက သက်ပြင်းတစ်ချက် ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် သူ့အကြောင်းတွေကို ဘာတွေမှတ်မိသေးလဲဟင်"

"သိပ်တော့ မမှတ်မိတော့ဘူး၊ သူက ငါတို့မိသားစုဆီကို မမျှော်လင့်ပဲ ရောက်လာခဲ့တယ်၊ အတော်ကြာတော့ ငါတို့နှစ်ယောက် ချစ်သူတွေ ဖြစ်သွားခဲ့ပြန်တယ်၊ သူကလည်း ငါ့အပေါ်မှာ ချစ်တယ်၊ ငါကလည်း သူ့ကိုသိပ်ချစ်တာပဲ၊ နောက်တော့ သူမမျှော်လင့်ဘဲ ငါတို့မိသားစုကိုထားခဲ့ပြီး ပြန်ထွက်သွားခဲ့တယ်"

ထိုစကားကြားတော့ ဆွယ်လီမျက်ဝန်းမှာ မျက်ရည်များ ရစ်ဝဲလာလေသည်။

ထို့ကြောင့် မသိမသာ ပုဝါဖြင့် တို့သုတ်ပစ်ရလေသည်။

"ဒါပေမယ့် သူက ငါ့ကိုချစ်တော့ တစ်နေ့နေ့တော့ သူငါဆီပြန်ရောက်လာမှာပါ"

"အခု ငါပြန်ရောက်လာပြီလေ၊ ဒီအချိန်ကျတော့ နင်က ငါ့ကို မမှတ်မိတော့ဘူး မဟုတ်လား"

ထိုစကားကိုတော့ ဆွယ်လီရင်ထဲမှာပင် ပွဲတင်ထပ်နေသောစကားများ ဖြစ်ကြသည်။

ထိုအခြေအနေကတော့ သူမအနေနှင့်လည်း ဘာမှမတတ်နိုင်တော့ပေ။

နီမောင်က နေရာမှထသွားပြီး မီးဖိုပေါ်မှာ ကင်ထားသော ငါးကင်တစ်ခုကို ယူလာပြီး ဆွယ်လီကိုပေးသည်။

"ဒီငါးကို ငါကိုယ်တိုင်ဖမ်းပြီး ကင်ထားတာ နင်စားလေ"

"နင့်ချစ်သူအတွက် ကင်ထားတာဆို"



နီမောင်က ဘာမှမပြောဘဲ ပေးနေသဖြင့် ယူပြီးလာလေသည်။ ပြီးမှ . . .

"နင့်ကို စားစေချင်လို့ပါ" ဟုပြောသည်။

ဆွယ်လီက နီမောင်ပေးသော ငါးကင်ကို စားရသဖြင့် ဆွယ်လီ စိတ်ထဲမှာတော့ ကျေနပ်နေမိလေသည်။

"နင်က ငါတို့နဲ့ အမြဲနေမှာလားဟင်"

"နေမှာပေါ့၊ နင်ကရော ငါ့ကို လက်ခံပေးချင်လို့လား"

"နေမယ်ဆိုရင်တော့ ပျော်စရာကောင်းတာပေါ့ ငါ နင့်ကိုခင်ပါတယ်" ဟု ပြောလေသည်။

နောက်ထပ် ရက်အနည်းငယ်ကြာတော့ ဆရာကြီး ဦးဇန်ကောင်းရောက်လာပြီး နီမောင်အတွက် ဆေးများပေးသည်။

"အခြေအနေကတော့ အတော်လေး ကောင်းလာပါပြီ၊ မကြာခင်တော့ ပုံမှန်အခြေအနေ ပြန်ရောက်တော့မှာပါ"

ထိုစကားကြောင့် မိသားစုများက ဝမ်းသာကြရလေသည်။

"ကျုပ်ထင်ထားတာက သူ့ရောဂါပျောက်အောင် အချိန်အတော်ကြာမယ်လို့ ထင်နေတာ၊ ဒီလောက်မြန်မြန်ကြီး ပြန်ကောင်းလာတာတော့ အံ့သြစရာပဲ၊ ဒါထက် မေးပါရစေဦး အခုရောက်နေတဲ့ မိန်းကလေးက အရင်ဒီအိမ်မှာနေသွားတဲ့ မိန်းကလေး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ သူရောက်လာပြီးတဲ့နောက်ပိုင်းမှာ အခုလို သိသိသာသာ ပြန်ကောင်းလာတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မသိစိတ်ကိုပြုပြင်ပေးတဲ့ အဓိကအချက်က. . မေတ္တာတရားဆိုတာ အစွမ်းထက်တဲ့ဆေးဝါးတွေ အားလုံးထက် ပိုပြီးအစွမ်းထက်တဲ့ သဘာဝဆေးတစ်လက်ပဲ၊ သူ့ရဲ့ ရောဂါတွေကို မေတ္တာတရားက ကုပေးနေတာ ဖြစ်မယ်"

ဟု မှတ်ချက်ချလေသည်။

ထို့နောက်တော့ ဆရာကြီးဦးဗန်ကောင်းက ဦးဘရှိန်တို့နှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး အစီအစဉ် တစ်ခုပြုလုပ်လေသည်။

တစ်ရက်မှာတော့ ဆွယ်လီတစ်ယောက် ပျောက်သွားလေသည်။ ဆွယ်လီကို မတွေ့မမြင်ရသောအခါ နီမောင်မှာ ပြာပြာသလဲ ဖြစ်သွားလေတော့သည်။

"သူ ဘယ်ရောက်သွားပြီလဲ၊ ပြန်သွားပြီလား"

ဟု မေးလေသည်။

"သူမပြန်ပါဘူးကွာ သူ့ကို လူသေရွာလမ်းခွဲက မိန်းမကြီးဆာနူ လာခေါ်လို့ပါသွားတာပါ"

"ဟင်. . ဒါဖြင့် အခု သူဘယ်မှာလဲ"

"ဆာနူက သူ့ကိုသင်္ချိုင်းထဲမှာ ခေါ်ထားတယ်၊ မိန်းကလေးကို လာခေါ်တဲ့သူတွေကို သရဲနဲ့တိုက်သတ်မယ်လို့ ကြိမ်းထားတယ်၊ ဒါကြောင့် ဘယ်သူမှ မသွားဝံ့ဘူး ဖြစ်နေတယ်"

"ကျွန်တော် သွားမယ်"

"ဖြစ်ပါ့မလား၊ မင်းက သိပ်ပြီးနေကောင်းသေးတာ မဟုတ်ပဲနဲ့"



"ဖြစ်ပါတယ်၊ သူတစ်ခုခု ဖြစ်သွားရင် မကောင်းဘူး၊ သရဲတွေနဲ့တွေ့ရင် ဘယ်လိုလုပ်ရမယ်ဆိုတာသာ ပြောပါ"

"မင်းကို ပရိတ်ရေနဲ့ ပရိတ်ကြိုးပေးလိုက်မယ်၊ အဲဒါတွေပါရင် မင်းအနားကို ဘယ်သူမှမကပ်နိုင်ပါဘူး"

ဟုပြောပြီး. . အသင့်ဆောင်ထားသော ပရိတ်ရေနှင့် ပရိတ်ချည်တို့ကိုပေးရာ နီမောင်လည်း ထိုပစ္စည်းများကိုယူပြီး တစ်ယောက်တည်းပင် သင်္ချိုင်းရှိရာသို့ သွားလေသည်။

သူ့နောက်ကိုတော့ ဘယ်သူမှမလိုက်ဘဲ နေခဲ့ကြလေသည်။

သုသာန်ရှိသောနေရာမှာ ရွာအနောက်ဘက် သစ်တောစပ်တွင် ဖြစ်သည်။ အချိန်က နေဝင်ချိန်ရောက်နေပြီဖြစ်သောကြောင့် သင်္ချိုင်းတစ်ဝိုက်မှာ မှောင်နေပေပြီ။ ထိုနေရာရောက်တော့ နီမောင်က အသံပေးလိုက်သည်။

"ဆွယ်လီရေ. . ဆွယ်လီ နင်ဘယ်မှာလဲ"

သူ အော်လိုက်သောအသံကြောင့် ပဲ့တင်သံများ ပြန်ထွက်လာသည်။

ဆွယ်လီအသံတော့ မကြားရသေးပေ။

ထို့ကြောင့် စိတ်မှုပန်စွာဖြင့် နေရာအနှံ့လိုက်လံရှာဖွေလေသည်။

ထိုအခိုက်အတန့်တွင် စိုးရိမ်ပူပန်မှုကြောင့် တစ်ကိုယ်လုံးမှာရှိသော သွေးများ ဆူပွက်နေသကဲ့သို့ ခံစားနေရသည်။

"ဆွယ်လီရေ. . ဆွယ်လီ နင်ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပွဲတင်သံများသာ ကြားရသည်။ သို့ဖြင့်သချိုင်းထဲသို့ ဝင်ပြီး နေရာအနှံ့ လိုက်ရှာသောအခါ တစ်နေရာရောက်တော့ ခွေခွေကလေးလဲနေသော ဆွယ်လီကို ပြန်တွေ့ရလေသည်။

သို့ကြောင့် အနားရောက်အောင် ကဗျာကရာ ပြေးသွားပြီး ပွေ့ယူလိုက်သည်။

"ဆွယ်လီ. . ဆွယ်လီ. . "

ဆွယ်လီက မလှုပ်တော့ပေ။ ပါးစပ်မှ သွေးများစီးကျနေရာ ကိုယ်ပေါ်မှာပင် စွန်းပေနေလေသည်။

"ဆွယ်လီ. . ဆွယ်လီ ငါခေါ်တာကြားရဲ့လား၊ နင်သေလို့မဖြစ်ဘူး၊ နင်သေရင် ဒီတစ်ခါတော့ ငါပါအသက်သေရလိမ့်မယ်"

ဟုပြောကာ ဆွယ်လီကိုယ်လေးကို ရင်ခွင်ထဲထည့်ကာ တင်းတင်းကျပ်ကျပ် ဖက်ထားလေသည်။

ထိုအချိန်တွင် နီမောင်မျက်ဝန်းမှ မျက်ရည်များကျလာသည်။ ပြီးမှ ဆွယ်လီမျက်နှာနားသို့ကပ်ကာ တိုးတိုးလေးပြောလိုက်လေသည်။

"တကယ်တော့ နင်ပြန်ရောက်လာကတည်းက မှတ်မိသင့်သလောက် ငါ မှတ်မိပါတယ်၊ ဒါပေမယ့် ငါ့အပေါ်မှာ ဘယ်လောက်ချစ်သေးသလဲဆိုတာ သိချင်လို့ တမင်ဟန်ဆောင်ပြီးနေခဲ့တာပါ၊ ဒီတစ်ခါတော့ ငါ့ကိုခွဲမထားခဲ့ပါနဲ့တော့ ဆွယ်လီရယ်၊ ငါ တောင်းပန်ပါတယ်"

ထိုသို့ပြောလိုက်သောအခါ သူ့ရင်ခွင်ထဲမှာ ရောက်နေ





သော ဆွယ်လီက မျက်စိဖွင့်လာလေသည်။

"နင် တကယ်ပြောတာလား၊ ဒါဖြင့် အရင်အကြောင်းတွေကို ပြန်ပြီးသတိရနေပြီပေါ့ ဟုတ်လား"

"ဟင်. . ဆွယ်လီ၊ နင် ဘာမှမဖြစ်ဘူးနော်၊ ငါ ဝမ်းသာလိုက်တာ"ဟု ပြောကာ ပိုပြီးထုင်းကျပ်စွာ ဖက်ထားလိုက်လေသည်။

"အို. . လျှော့ပါဦး၊ သရဲသတ်လို့ မသေဘဲ၊ အရိုးကျိုးလို့ သေရတော့မယ်"

ဟုပြောတော့မှ သတိရပြီး လွှတ်ပေးလိုက်သည်။

"နင် ငါ့ကို တကယ်ပြန်မှတ်မိနေပြီလား"

"မှတ်မိပါတယ်၊ နင်ပြန်ရောက်လာကတည်းက မှတ်မိနေတာပါ"

"ဒါနဲ့များ တဖက်သား စိတ်ပူအောင် လုပ်ရသေးတယ်"

"စိတ်ပူအောင် လုပ်တာတော့ မဟုတ်ပါဘူး၊ ခဏပဲ နေပြီး ပြန်သွားဦးမှာလားလို့ သိချင်တာနဲ့ အခြေအနေ ကြည့်နေတာပါ"

"ခုတော့ ငါ့သဘောကို သိပြီမဟုတ်လား"

"သိပါပြီ. . နင် ငါ့အပေါ်မှာ တကယ်ချစ်တယ်ဆိုတာ သိပါပြီ"

"နင်ကရော ငါ့ကို တကယ်ချစ်သေးရဲ့လား"

"ချစ်ပါတယ် ဆွယ်လီရယ်၊ ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်အသိဆုံးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အရင်က ချယ်ရီအနေနဲ့ချစ်မှာလား. . ၊ အခု ဆွယ်လီအနေနဲ့ ချစ်မှာလား"

ဟု မေးလေသည်။

နီမောင်က ဆွယ်လီပခုံးလေးကို ဖက်ရင်း. . .

"ငါကတော့ ချယ်ရီကိုလည်း ချစ်တယ်၊ ဆွယ်လီကိုလည်း ချစ်တယ်၊ အချစ်ဆုံးကတော့ နာမည်တွေထက် နင့်ကို အချစ်ဆုံးပါပဲ"

ဟုပြောလိုက်ရာ ဆွယ်လီက နှစ်သက်ကျေနပ်သော အမူအယာဖြင့် မျက်စောင်းတစ်ချက် ထိုးလိုက်လေသည်။

ထိုအခိုက်မှာပင် မနီးမဝေးနေရာမှ တောတိုးထွက်လာသော ခြေသံများကိုကြားရသဖြင့် ကြည့်လိုက်ရာ စောထီးနှင့် ငမဲအောင်တို့ကို တွေ့ရလေသည်။

"ကဲ. . . ပြောပြီးကြပလား၊ ပြီးရင်လည်း သွားကြရအောင်၊ ဒီမှာ သစ်ချုံထဲမှာ ထိုင်နေရတာ ခြင်ကိုက်လို့ သေတော့မယ်"

ဟု ငမဲအောင်က ပြောသည်။

"မင်းတို့နှစ်ယောက်က ဘယ်လိုရောက်နေကြတာလဲ"

"ဆရာကြီးဦးဗန်ကောင်းက ဆွယ်လီတစ်ယောက်တည်း ကြောက်နေမှာစိုးလို့ ငါတို့နှစ်ယောက်ကိုပါ စောင့်ခိုင်းထားလို့ စောင့်ပေးနေရတာပေါ့"

"ဒါဖြင့် အခုဟာတွေက ဆရာကြီးဦးဗန်ကောင်းရဲ့ အစီအစဉ်တွေပဲပေါ့. . ဟုတ်လား"





"သိချင်ရင် သူနဲ့တွေ့တော့မှပဲ မေးကြည့်တော့ကွာ၊ ငါတို့နှစ်ယောက်တော့ သွားနှင့်တော့မယ်"

ဟုပြောဆိုကာ စောထီးနှင့်ငမဲအောင်တို့က ထိုနေရာမှ ထွက်သွားကြလေသည်။

ထိုအခါမှ နီမောင်က ဆွယ်လီလက်ကလေးကိုဆွဲပြီး သချိုင်းထဲမှ ထွက်လာကြလေသည်။

သူတို့နှစ်ယောက်အတွက်ကတော့ နောက်ထပ်ကြေကွဲဝမ်းနည်းဖွယ်ရာများဖြင့် ခွဲခွာနေကြခြင်းဆိုသော အဖြစ်အပျက်များကို ဘယ်သောအခါမှ စဉ်းစားကြတော့မည် မဟုတ်ပေ။

မျှော်လင့်ချက်များစွာဖြင့် ဘဝတစ်လျှောက်လုံး လက်တွဲသွားကြရန်သာ ညီတူညီမျှ စိတ်ကူးရှိနေကြပြီ ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(လူသေရွာ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သည်။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။၂၀၁၅ခုနှစ်၊ ဇန်နဝါရီ(၉)ရက်၊ သောကြာနေ့၊ နံနက်(၁၀)နာရီ။



www.burmeseclassic.com